www.burmeseclassic.com



www.burmeseclassic.com

# အပိုင်း တစ်



## အခန်း (၁)

ချစ်ခဲ့ဖူးတဲ့ မင်းဗညား

မောင်ဆိုတဲ့ နာမ်စားဟာ ရှင့်အတွက် မလိုအပ်တော့ သဲ့အတွက် မင်းဗညားလို့ပဲ ခေါ်ခွင့်ပြုပါ ...

ရှင် ဒီစာကို ဖတ်နေတဲ့ အချိန်မှာ ကျွန်မ ရန်ကုန်မှာ ရှိတော့ဘူး။ ရန်ကုန်နဲ့ ဝေးခေါင်လှတဲ့ မြို့တစ်မြို့ကို



www.burmeseclassic.com

 www.burmeseclassic.com

ထွက်ခွာသွားခဲ့ပါပြီ။

ကျွန်မရဲ့ နှလုံးသားမှာ ရခဲ့တဲ့ ဒဏ်ရာအချို့ကို အချိန်ကာလတစ်ခု အတွင်းမှာ ကုစားနိုင်ဖို့ မျှော်လင့်ချက်နဲ့ ကျွန်မ ထွက်ခွာသွားခဲ့ရခြင်းပါပဲ ...

ကျွန်မနဲ့ ရှင် လမ်းခွဲခဲ့ကြရတဲ့အတွက် ကျေးဇူးတင်ပါတယ်၊ မင်းဇံသား ...

ဘာဖြစ်လို့လဲဆိုတော့ ကျွန်မအပေါ် အထင်မကြီးနိုင်တဲ့ ရှင့်ဆွေမျိုး ပတ်ဝန်းကျင် တစ်ခုလုံးနဲ့ နောက်ထပ် ပြောဆိုပတ်သက်စရာ မလိုတော့လို့ပါပဲ ...

ရှင်နဲ့ ကျွန်မတို့ နှစ်ဦးရဲ့ ချစ်ခဲ့ကြတဲ့ ရက်စွဲလေးတွေကို မေ့ဖျောက်ပစ်လိုက်ကြရအောင် ...

ရှင့်ကို မေ့ပစ်ဖို့ ကြိုးစားနေတဲ့
ခင်မမရှင်

အစိမ်းနုရောင် စာရွက်လေးကို ဖတ်ကြည့်အပြီးမှာ သူမ မပြုံးချင်ဘဲ ပြုံးနေမိပါသည်။





ပြီးတော့ စာရွက်လေးကို ခေါက်လိုက်ပြီး အစိမ်းရောင် စာအိတ်ထဲ ထည့်ပိတ်လိုက်သည်။

"မမ"

သူမ အနီးသို့ အလုပ်သမလေး ဂွမ်းပုံ ရောက်လာသည်။ ဘာပဲ၊ ...

"လေယာဉ်ကွင်း ဆင်းဖို့ ကားအဆင်သင့် ...ဟုတ်ပါပဲ မမ" ဟု ပြောလိုက်သည်။

ဂွမ်းပုံ၏ ဆံပင်ကောက်ကောက်လေးတွေကို လှမ်း... ...သယ် ...ရွှတ်သပ်လိုက်ရင်း ...

"အိုကေ ဂွမ်းပုံ၊ ဒီစာကို မိတ်ကပ် မာဓိကြိုင်က ...ပိုး ...တစ်ဆင့် မင်းသားကို ပေးလိုက်ဖို့ မမေ့နဲ့နော်" ...ဘတ်မှ ...ပြောလိုက်သည်။

"ဟုတ်ကဲ့ပါ မမ" ...ဉ်းလုံး

သူမနှင့်အတူ လိုက်ပါရန်အတွက် မြင့်မြင့်ဆွေ...ကြ ...ဆင်အေးမြင့်နှင့် ချိုချိုတို့ သုံးယောက်အဆင်သင့် ဖြစ်နေ... ...ပြီ။



www.burmeseclassic.com

www.burmeseclassic.com



"မိန်းကလေးတွေချည်းပဲ ဖြစ်ပါ့မလား။ အန်တီညို လိုက်ခဲ့ပါရစေဆိုတာ မမက လက်မှမခံတာ"

ဟု သူမ၏ အဒေါ်ဝမ်းကွဲ ဒေါ်ညိုညိုနုက ရင်တမမဖြင့် စိတ်မချနိုင်စွာ ပြောနေသည်။

"စိတ်ချပါ အန်တီရယ် ... ဒီခရီးက စိတ်လွတ် ကိုယ်လွတ် သွားကြရမယ့် ခရီးလေ၊ စိတ်အပန်းဖြေခရီး ဆိုပါတော့၊ အန်တီညိုတို့လို အသက်ခပ်ကြီးကြီး မိန်းမကြီး ပတ်သျှိုင် အနေရကြပ်၊ အသက်ရှူရ ကြပ်တယ်၊ မမ ကျက် ဒီတစ်ခါပဲ လိုက်လျှောပေးပါနော်"

ကို မွေးဖိုတွေ သိပ်မပြောတတ်သည့် သူမက ညှိမှု ]န်နေသည် ဆိုတော့လည်း အန်တီညို ဘာမှ ထပ်၍ ]ဝတော့ပေ။

ဟေး မမက လှလိုက်တာ"

အရှုမ ဝတ်စားဆင်ပြင်ထားပုံကို ကြည့်ပြီး မြင့်မြင့်ဌေး သူမ ပြောလိုက်သည်။





အညိုရင့်ရင့်ပေါ် ရွှေခြည်ပွင့်ဆိုး ကတ္တီပါ ဝမ်းဆက် လက်ရှည်ကို ဝတ်ဆင်ထားပြီး နောက်တွဲဆံထုံးတွင် လိမ္မော်ရောင် သစ်ခွပန်းများကို ပန်ဆင်ထားသည့် သူမပုံစံက အနည်းငယ် လူကြီးဆန်နေသော်လည်း လှပနေပါသည်။

"မမ ကတ္တီပါ ဝတ်စုံလေးနဲ့ အရမ်းလိုက်ဖက်တာပဲ၊ ဟိုဇာတ်ကားရိုက်တုန်းက ဒီဝတ်စုံလေးနဲ့ အရမ်းကို လှတာပဲ နော်"

တင်အေးမြင့်က သူမ အဝတ်သေတ္တာတွေ ကူသယ် ပေးရင်း ပြောလိုက်သည်။

အနက်ရောင် ကရောင်းကားကြီးပေါ်အတက် အားလုံး တိတ်ဆိတ်သွားကြစေရန် သူမ ဟန့်တားလိုက်မိ၏။

"တော်ကြစမ်းကွယ်၊ မမကို လှတယ်လို့ ဘယ်တော့မှ မပြောကြနဲ့တော့၊ မမနှလုံးသားမှာ အလှအပအားလုံး ဆိတ်သုဉ်းသွားခဲ့ပြီ၊ ဒါကြောင့် မမကို လှတယ်လို့ မပြောကြ နဲ့တော့"



www.burmeseclassic.com

www.burmeseclassic.com



သူမစကားကြောင့် မိန်းကလေး သုံးယောက်လုံး အံ့သြ တုန်လှုပ်သွားကြသည်။

ဒရိုင်ဘာ ဦးဖိုးမောင်က ခေါင်းတဆတ်ဆတ် ညိတ်ရင်း သူမကို လှည့်ကြည့်၏။

"ကဲ လေယာဉ်ချိန် နီးပြီ ဦးဖိုးမောင်၊ ကားစက်နှိုးတော့လေ"

ဦးဖိုးမောင် ကားစက်နှိုးပြီး မောင်းထွက်လာခဲ့သည်။

ကားသည် ရန်ကုန်လေဆိပ် ရှိရာသို့ ဦးတည်ပြီး မောင်းနှင်လာခဲ့သည်။

သူမ အတွေးများ ပျံ့လွင့်ပြီး ငြိမ်သက်တွေဝေစွာ ပါလာခဲ့၏။

သူမတို့ ခရီးစဉ်က မန္တလေးသို့ သွားရန်ဖြစ်သည်။

မန္တလေးတွင် တစ်ပတ်ခန့် နေပြီးမှ ကသာသို့ ခရီးဆက်ကြရန် အစီအစဉ် ချထားပြီး ဖြစ်၏။

လေဆိပ်ထဲ ရောက်တော့ ပစ္စည်းတွေ ပေါင်ချိန်သည့် နေရာမှာ ထိုင်စောင့်နေကြရ၏။





ခုံတန်းရှည်တစ်ခုမှာ ထိုင်နေမိရင်း သူမ မျက်ဝန်းတွေက မငြိမ်သက်။

ဟိုဟိုသည်သည် ရှာဖွေနေမိသည် မဟုတ်ပါလား ...

သူ ... လေယာဉ်ကွင်းသို့ လိုက်လာလေမလား ...

ချစ်သူ့ပုံရိပ်တွေ သူမမျက်ဝန်းထဲသို့ ဝင်ရောက်လာရပြန်သည်။

ဒါဟာ နောက်ဆုံးမျှော်လင့်ချက်များလား ...

သူ့ကို မေ့ပစ်ဖို့ ကြိုးစားနေခဲ့ပြီပဲ ...

ဘာဖြစ်လို့များ သူ လိုက်လာလေမလားလို့ မိုက်မဲစွာ မျှော်လင့်နေမိပါလိမ့် ...

ဒါပေမယ့် သူမ မျှော်လင့်ချက်တွေ ဖြစ်မလာခဲ့ပါဘူး အဓိပ္ပာယ်မဲ့လိုက်တာ ...

သူနဲ့တူတဲ့ အရိပ်အယောင်လေးတစ်ခုတောင် မတွေ့ခဲ့ရတဲ့ အဖြစ်ပါပဲ ...



www.burmeseclassic.com

www.burmeseclassic.com

လေယာဉ် ထွက်ခွာချိန်အထိ လေယာဉ်ပြတင်းမှ တစ်ဆင့် လိုက်ပါပို့ဆောင်သူတွေကြား သူ့ကို သူမ ရှာခဲ့မိ၏။

နေရစ်ခဲ့ပေတော့ မင်းဗညားရေ ...

ရှင့်ကို ကျွန်မ မေ့ပစ်နိုင်အောင် ကြိုးစားမှာပါ ...

❖ ❖ ❖





## အခန်း (၂)

ဂိမာန်နွေလေရူးသည် ဖြူ၊ ဝါ၊ ပြာတိမ်တို့ကို သယ်ဆောင်၍ မိုးကုပ်စက်ဝိုင်းတစ်လျှောက်သို့ အဆုံးအစမရှိ ပြေးလွှားနေသည်။

နွေလေအသုတ်တွင် တဖင်းပွင့်လေးတွေ တဖြုတ်ဖြုတ် ကြွေကျလာကြသည်။

www.burmeseclassic.com

www.burmeseclassic.com



တဇင်းပင်များ၏ အကိုင်းများဆီသို့ သုမ မော့ကြည့်လိုက်မိ၏။

ဖြူဝါဝါအရောင်ရှိသော တဇင်းပွင့်များသည် ပင်ယံထက်၌ အတန်းလိုက် အဆုပ်လိုက် ပွင့်ပြီး သွေ့ခြောက်လှသော ဧရာသီကို အလှဆင်လျက်ရှိသည်။ မတ်လနှင့် ဧပြီလတွင် ဖြိုင်ဖြိုင်ပွင့်လေ့ရှိသော တဇင်းပွင့်များသည် အညာဒေသရှိ ရှားပင်၏ အပွင့်များနှင့် ပွင့်ပုံချင်း ဆင်ဆင်တူလေသည်။

တဇင်းပင်သည် သဘာဝပေါက်ပင် ဖြစ်ပြီး ပင်သက်ဆယ်နှစ်ခန့်တွင် အမြင့် ဆယ်ပေနီးပါးသာ ရှိသည်။

တဇင်းပင်၏ ပင်စည်နှင့် အရွက်ကို ရုတ်တရက်ကြည့်လျှင် မရမ်းပင်နှင့် ခပ်ဆင်ဆင်တူသယောင် ထင်ရ၏။

အပွင့်များ တုံးချိန်တွင်တော့ တဇင်းသီးများ စတင်ဖြစ်ထွန်းလေ့ရှိသည်။

ကသာနယ်တစ်ဝိုက်တွင် တဇင်းပင်များကို မြင်ရတတ်၏။





သုမ လာရောက်တည်းခိုနေသည့် အိမ်ကြီးသည် ကသာမြို့ အနောက်ဘက်ခြမ်းမှာ ရှိပြီး နှစ်ထပ်ပျဉ်ထောင်အိမ်ကြီး ဖြစ်သည်။

ခြံက အတော်ကျယ်ဝန်းသည်။

ခြံကျယ်ကြီးအတွင်းမှာ ယင်းမာပင်များ မိုးမခပင်များနှင့် တဇင်းပင်များ အုံ့ဆိုင်းလျက်ရှိ၏။

တဇင်းပင်ကြီး တစ်ပင်အောက်ရှိ ကျောက်တုံးကြီးတစ်ခုပေါ်တွင် သုမ ထိုင်နေခြင်းပါ။

''မမ''

မြင့်မြင့်ဌေးက သနပ်ခါး အဖွေးသားနှင့် သုမအနီးသို့ ရောက်လာသည်။

''ဟိုနှစ်ယောက်ကော''

''တင်အေးမြင့်နဲ့ ချိုတို့နှစ်ယောက် ညနေစာအတွက် မြို့ဆင်နေကြတယ်၊ မမစိတ်ကြိုက်ဟင်းတွေ ချက်နေတယ်လေ''



www.burmeseclassic.com

www.burmeseclassic.com



"ညနေစာ စားကောင်းဖို့ထက် အိမ်ကြီးတစ်ခုလုံး သန့်ရှင်းလှပဖို့က ပိုပြီး အရေးကြီးတယ်နော် မြင့်မြင့်ဌေး"

"တစ်အိမ်လုံး ရှင်းလင်းပြီးပြီ မမ၊ ကန့်လန့်ကာ အသစ်တွေလည်း တပ်ထားပြီးပြီ၊ မမစိတ်ကြိုက် ပရိဘောဂ အချို့လည်း ဝယ်နိုင်းထားတယ် မမ"

မြင့်မြင့်ဌေးက သူမ၏ အတွင်းရေးမှူးဆိုလည်းဟုတ် အဖော်ဆိုလည်း မှန်သည်။

သူမ ပြောသမျှ သူမ စိတ်ကြိုက်အားလုံးကို ဖန်တီး ပေးတတ်၏။

"အိမ်ကြီးအနောက်ဘက် ပျဉ်ထောင်အိမ်လေးမှာနေ ခြံစောင့်အဘွားကြီး လင်မယားက သဘောကောင်းတ မမရဲ့ လိုအပ်သမျှ အားလုံး ကူညီကြတာ"

"ဟုတ်လား"

"ဒီနေ့ ခြံထဲက မြက်တွေ၊ ပေါင်းပင်တွေ ရှင်းပေး သူတို့သားလေ"

"ခြံကြီးက ကျယ်လွန်းတော့ တစ်ချို့နေရာတွေ





မြက်ပင်၊ ချုံပင်တွေ ရှိတာပေါ့၊ ဒါပေမယ့် အိမ်ကြီးပတ်ဝန်း ကျင်မှာတော့ ရှင်းနေတာပါပဲ"

"အဲဒီလူက မနက်ဖြန် မမ လိုချင်တဲ့ ပရိဘောဂတွေ သွားဝယ်ပေးမယ်တဲ့"

မြင့်မြင့်ဌေး ပြောနေသည့် အဘိုးကြီး၊ အဘွားကြီးသား ဆိုသူကို သူမ စိတ်မဝင်စား။

သူကကော သူမကို စိတ်ဝင်စားနေပါသလား . . .

ဒါကို သူမ နားမလည်။

တစ်ခုတော့ သေချာသည်။

သူနဲ့ သူမတို့ တစ်ယောက်နှင့်တစ်ယောက် မဆုံကြ သေးပါ။

"တဇင်းပွင့်တွေ အရမ်းလှတာပဲနော် မမ၊ ရှေ့လဆို ဆဇင်းသီးတွေ သီးတော့မယ်"

မြင့်မြင့်ဌေးက ကသာဇာတိဖြစ်၏။

ယခု သူမတို့ လာရောက်တည်းခိုသော အိမ်ကြီးကို မြင့်မြင့်ဌေး၏ ဘကြီးက ပိုင်ဆိုင်ပြီး ခြံနှင့် အိမ်ကို သော့ခတ် ထားရသည်။



www.burmeseclassic.com

www.burmeseclassic.com

မြင့်မြင့်ဌေး၏ ဘကြီးက ကျောက်ထုံးကြီးတွင် သစ်စက်တစ်ခုဖွင့်ပြီး မိသားစုအားလုံး ကျောက်ထုံးကြီးမှာပင် နေထိုင်ကြသောကြောင့် ကသာကအိမ်ကြီးကို လောလောဆယ် စိတ်ထားရခြင်းပါ။

"ရွာကို လွမ်းလိုက်တာ မမရယ်"

မြင့်မြင့်ဌေးက တမ်းတမ်းတတ ပြောနေတာကို ကြည့်ပြီး ...

"ကျောက်ထုံးကြီးရွာကိုလား" ဟု မေးလိုက်သည်။

"ဟုတ်တယ်၊ မိုးဦးကျပြီဆိုရင် တဖင်းသီးကောက်တဲ့ သူတွေနဲ့ ပျော်စရာသိပ်ကောင်းတာ၊ ရေထဲမှာ မျောပါလာတဲ့ တဖင်းသီးမှည့်တွေကို လှေနဲ့ လိုက်ပြီး ဆယ်ကြတာ တစုတဝေးပဲ မမ"

မြင့်မြင့်ဌေး ပြောနေတာ နားထောင်ရင်း သူမပင် ပျော်ရွှင်လာမိသည်။

တဖင်းသီး၊ တဖင်းဆီမှ ဆပ်ပြာလုပ်ငန်းအတွက် ကုန်ကြမ်းရရှိ၏။



ထို့ကြောင့် တဖင်းသီးများကို လိုက်လံဆယ်ယူပြီး ကသာမြို့တွင် ဖွင့်လှစ်ထားသည့် အဝယ်ဒိုင်များတွင် ရောင်းချလေ့ရှိကြသည်။

"တဖင်းပွင့်လေးတွေ ပန်ပါလား မမ"

မြင့်မြင့်ဌေးက စကားဆုံးသည်နှင့် တံချူတစ်ခုယူပြီး သူမပန်ရန် တဖင်းပွင့်အချို့ကို ခူးနေသည်။

"ရော့ မမ"

တဖင်းပန်းခိုင်လေး တစ်ခိုင်ကို သူမထံ လှမ်းပေးရင်း ပြောလိုက်၏။

"တစ်ချို့က တဖင်းပန်းကို မပန်ကြဘူး မမရဲ့၊ ရနံ့မှိုလို့လေ ... ဂုဏ်မရှိတဲ့ ပန်းပေါ့"

"ဘာရယ်"

မြင့်မြင့်ဌေးစကားကြောင့် သူမနှလုံးသားထဲမှာ စူးနစ်နာကျင်သွားရသည် မဟုတ်ပါလား ...

"တဖင်းပွင့်မှာ အနံ့မှ မရှိတာ၊ ရနံ့ကင်းတဲ့ ပန်းဆိုတော့ တော်မဝင်ဘူးပေါ့ မမရဲ့"



www.burmeseclassic.com

www.burmeseclassic.com



မြင့်မြင့်ဌေး စကားအဆုံးမှာ တဇင်းပန်းခိုင်လေးကို ကိုင်ပြီး သူမ ငေးငိုင်တွေဝေနေမိ၏။ ပြီးမှ ...

တဇင်းပန်းခိုင်လေးကို သူမ၏ နက်မှောင်သန့်စွမ်းသော ဆံကေသာမှာ ပန်ဆင်လိုက်သည်။

တကယ်လည်း တဇင်းပွင့်လေးတွေကို မမ နှစ်သက်ပါသည်။

တဇင်းပွင့်လေးတွေမှာ ရနံ့မရှိပေမယ့် လှပသော အဆင်းရှိသည် မဟုတ်ပါလား ...

မမတွေဝေသွားပုံကို ကြည့်ပြီး မြင့်မြင့်ဌေး စိတ်မကောင်း ဖြစ်သွားပုံရသည်။

ထိုစဉ် ချိုနှင့် တင်အေးမြင့်တို့ မမ အနီးသို့ ရောက်လာကြသည်။

"ညနေစာ စားကြစို့ မမ၊ အဆင်သင့်ဖြစ်ပြီ"

သူတို့အားလုံး တက်ကြွလန်းဆန်းပြီး ပျော်ရွှင်နေကြသည်။





ကသာခြံကြီးနှင့် အိမ်ကြီးသို့ မမတို့ ရောက်လာခဲ့ကြပြီး သုံးရက်ခန့် အကြာတွင် အိမ်ကြီးနှင့် ခြံကျယ်ကြီးသည် အတော်ပင် ပြောင်းလဲခဲ့ပြီ ဖြစ်၏။

အိမ်ကြီးတစ်ခုလုံး သန့်ရှင်းပြောင်လက်ပြီး ကန့်လန့်ကာတွေအားလုံး အသစ်ဖြစ်နေပြီ။

ခြံကျယ်ကြီးတစ်ခုလုံးလည်း ရှင်းလင်းနေ၏။

"ဟင် မမခေါင်းမှာ တောပန်းလေးတွေနဲ့ပါလား"

ချိုက တအံ့တသြ ပြောလိုက်သည်။

"ဟုတ်ပါရဲ့ မမဆံထုံးကလည်း ကြီးလိုက်တာ"

ကသာ ရောက်လာကတည်းက ဝတ်စားပြင်ဆင်ပုံအားလုံး ပြောင်းလဲသွားသော မမကို သူတို့ အံ့သြနေကြသည်။

"ဘယ်လိုပဲကြည့်ကြည့် မမက သိပ်လှတယ်နော်"

"ဟုတ်ပါရဲ့"

"တော်ကြစမ်း၊ လှတယ်ဆိုတဲ့ စကားကို မပြောကြဖို့ တားမြစ်ထားခဲ့ပြီလေ၊ တကယ်တော့ ငါဟာ သိပ်လှပါတယ်



www.burmeseclassic.com

www.burmeseclassic.com



ဆိုတဲ့ နာမည်ကြီး ဗွီဒီယိုနဲ့ ရုပ်ရှင်သရုပ်ဆောင် တစ်ယောက် ဖြစ်ခဲ့တယ်၊ ဒါပေမယ့် ... အဲဒီအကြောင်းအရာတွေ အားလုံး မေ့ပစ်ထားကြရအောင်"

စကားဆုံးသည်နှင့် သူတို့အနီးမှ မမ ချာခနဲ လှည့် ထွက်ခဲ့ပါတော့သည်။

❖ ❖ ❖



## အခန်း (၃)

ဖြူနုဝင်းဝါသော အသားအရည်၊ မြင့်မားသော အရပ် အမောင်းနှင့် မမ၏ ခပ်သွယ်သွယ်ပုံစံလေးသည် ဆံထုံး ခပ်မြင့်မြင့် ထုံးဖွဲ့ထားပြီး ကျွဲကော်ကိုင်း မျက်မှန်လေးကို တပ်ဆင်ထားလိုက်သောအခါ လက်ရှိ အသက်အရွယ်ထက် ဆယ်နှစ်နီးပါးခန့်မျှ ပို၍ ကြီးသွားသည်ဟု ထင်မှတ်ရ၏။



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာပေါ်တွင် အကောင်းစား Face powder ခပ်ပါးပါးကို လိမ်းခြယ်ထားရုံမှအပ ဘာမှ ပြင်ဆင်ခြယ်သထားခြင်း မရှိပေ။

နားနှစ်ဖက်တွင် ပုလဲနားကပ် အလုံးကြီးကြီးကို ပန်ဆင်ထားပြီး လည်တိုင်တွင် ခါးထိရှည်သည့် ရွှေဆွဲကြိုးတုတ်တုတ်တစ်ကုံးကို ဆွဲထားသည်မို့ လူကြီးဆန်၍ ကျက်သရေရှိ လှပနေလေသည်။

ပါတိတ်ထမီကို အရောင်တူ ရင်ဖုံးအင်္ကျီဖားဖားဖြင့် တွဲဝတ်ထားသောကြောင့် နဂိုမူလ ပုံစံပျောက်ပြီး အထက်အညာသူ တစ်ယောက်နှင့် တူနေသည်။

မမဝတ်စားပြင်ဆင်ထားပုံကို ကြည့်ပြီး မိန်းကလေးသုံးယောက် အံ့သြနေကြသည်။

"ဟင် မမပုံစံကြီးကလဲ တစ်မျိုး ပြောင်းလွဲနေပါလား။ ဆံထုံးကလဲ မြင့်လိုက်တာ"

မြင့်မြင့်ဌေးက မမကို ခြေဆုံးခေါင်းဖျား ကြည့်ပြီး ပြောလိုက်၏။

မြင့်မြင့်ဌေး စကားကို ချိုက ထောက်ခံသည်။

"ဟုတ်ပါရဲ့၊ မမပုံစံ ပြောင်းသွားပြီ၊ အရင်တုန်းက





ပုံစံနဲ့ တစ်ခြားစီပဲ၊ အရင်က ပျံနေတာ"ဟု ထောက်ခံလိုက်၏။

တင်အေးမြင့်က ရယ်ကျဲကျဲ အမူအရာဖြင့် "အင်း . . ယဉ်တော့ ယဉ်ပါတယ်" ဟု ဝေဖန်နေသည်။

"မမ စန္ဒရားတီးပါလား"

"ဟုတ်တယ်၊ အောက်ထပ် ဧည့်ခန်းကျယ်ကြီးထဲမှာ စန္ဒရားကြီး တစ်လုံးရှိတယ်လေ၊ မမအတွက် အဆင်သင့်ပဲ၊ စန္ဒရားကြီးက ဖုံသုတ်လိုက်တော့ ပြောင်လက်သွားတာပဲ မမရဲ့"

အောက်ထပ်ဧည့်ခန်းကျယ်ကြီးရှိရာသို့ မမတို့ ရောက်လာခဲ့ကြ၏။

စန္ဒရားရှေ့မှာ ထိုင်ပြီး စန္ဒရားကြီးကို ဖွင့်လိုက်သည်။ ပြီးတော့ မမ၏ လှပသော လက်ချောင်းသွယ်များဖြင့် တီးခတ်လိုက်မိသည်။

"Hello darling သီချင်းတီးပါလား မမ၊ နားထောင်ချင်လို့"

မြင့်မြင့်ဌေးစကားကြောင့် စန္ဒရားခလုတ်တွေပေါ်မှ မမလက်ချောင်းလေးတွေ ရပ်တန့်သွားတော့၏။



www.burmeseclassic.com

www.burmeseclassic.com



ရင်ထဲမှာ နာကျင်စူးရှစွာ ခံစားလိုက်ရသည် မဟုတ်ပါလား ...

တကယ်တော့ Hello darling သီချင်းသည် မမ အိမ်တွင် နေ့စဉ် ဖွင့်လှစ်ခဲ့သော သီချင်းရယ်ပါ ...

နံနက်စောစော မမ အိပ်ရာမှနိုးလာချိန်တိုင်း မျက်နှာသစ် နံနက်စာ စားပြီး စန္ဒရားတီးဖြစ်လျှင် သည်သီချင်းကိုသာ တီးလေ့ရှိခဲ့သဖြင့် မမ၏ မိန်းကလေးများပင် အလွတ်ရလောက်ပြီ။

စန္ဒရားရှေ့မှ မမ ရပ်လိုက်သည်။ ပြီးတော့ အိမ်ကြီးအပေါ်ထပ်သို့ တက်လာခဲ့မိ၏။

မိန်းကလေးတွေ တိတ်ဆိတ်ငြိမ်သက်စွာ ကျန်ရစ်ခဲ့ကြသည် မဟုတ်ပါလား ...

Hello darling သီချင်းသံကို ကြားမိတိုင်း၊ ကိုယ်တိုင်သီဆိုမိတိုင်း ချစ်ရတဲ့ မောင့်ကို တမ်းတရသလို မောင့်မျက်နှာကို မြင်ယောင်ခဲ့မိသည် မဟုတ်ပါလား ...

ခုလို မောင်နဲ့ လမ်းခွဲလာချိန်မှာ သည်သီချင်းကို မကြားချင် မဆိုချင်တော့ပါ ...





ဖြစ်နိုင်လျှင် မောင်နှင့်ပတ်သက်ခဲ့သမျှ အတိတ်အကြောင်းအရာ အားလုံးကို မေ့ပစ်လိုက်ချင်ပါ၏။

သို့သော် မေ့လို့ မရ။

မကွေးဘဲ သတိရနေမိသည့် အဖြစ်ရယ်ပါ။

မမ၏ စိတ်အစဉ်က အတိတ်ဆီသို့ ပြေးလွှားချင်နေမိသော်လည်း ကြိုးစားပြီး မေ့ဖျောက်ပစ်နေမိသည်။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၄)

ခြံကျယ်ကြီးသို့ အနီရောင် ဟိုင်းလပ်စ်ကားတစ်စီး မောင်း၀င်လာပြီး အိမ်ကြီးရှေ့တွင် ထိုးရပ်လိုက်သည်။

ဟိုင်းလပ်စ်ကားပေါ်မှ အသက်နှစ်ဆယ့်သုံးနှစ်ရွယ် လူတစ်ယောက် ဆင်းလာ၏။





သူ့ပုံစံက ရုပ်ရည်သန့်ပြန့်ပြီး ယောက်ျားပီသ၍ ချောမောလေသည်။ အရပ်မြင့်မြင့်၊ အသားညိုညို၊ မေးရိုးကားကား၊ နှာတံ မချွန်လှသော်လည်း နှုတ်ခမ်းတွေ ပိရိပြီး စေ့စပ်သေချာသည်။ မျက်ဝန်းများက တောက်ပြောင်ပြီး မျက်ခုံးနှစ်တန်းက နက်မှောင်ထူထဲလှသည်။

သူက ယောပုဆိုး အနက်ရောင် တစ်ပတ်နွမ်းနှင့် ရှပ် လက်တို အဖြူရောင်ကို ဝတ်ဆင်ထား၏။

မမ အိမ်ကြီးအပေါ်ထပ်ရှိ ပြတင်းတွင် အမှတ်တမဲ့ ရပ်နေရာမှ သူ့ကို မြင်တော့ အံ့သြမှင်သက်စွာ မျက်ခုံးနှစ်ဖက်မြင့်တက်သွားမိ၏။

ပြီးတော့ ပြတင်းဝမှ ချာခနဲ လှည့်ထွက်လာခဲ့မိသည်။

ယောက်ျားတွေကို မျက်နှာချင်း မဆိုင်လိုတော့ပါ။

အထူးသဖြင့် မောင့်လို ရုပ်ရည်ချောမော သန့်ပြန့်သည့် ယောက်ျားတွေကို ပိုပြီး ရင်မဆိုင်ချင်ပါ။

''မမ''



www.burmeseclassic.com

www.burmeseclassic.com

ချို အိမ်ကြီးအပေါ်ထပ်သို့ ပြေးတက်လာပြီး ခေါ်လိုက်သောကြောင့် မမ လှည့်ကြည့်လိုက်သည်။

"ဘာလဲ ချို၊ ရှေးကြီးသုတ်ပျာနဲ့"

"မမ မှာခိုင်းတဲ့ ပရိဘောဂတွေ ရောက်လာပြီ မမ၊ ခြံထဲဆင်းပြီး ကြည့်ပါလား"

"ဟင့်အင်း မကြည့်တော့ဘူး"

"ပရိဘောဂတွေက ပေါ်လစ်ရောင် လက်နေတာပဲ မမရယ်၊ ရန်ကုန်မဟုတ်ပေမယ့် လက်ရာတွေ မညံ့လှဘူး၊ အပျံစားသိလား"

"ချိုတို့ သုံးယောက်ပဲ လက်ခံယူထားလိုက်ကြပါ၊ ခြောက် ငွေလော်က်ရဲ့လား မသိဘူး၊ အကယ်၍ ငွေလိုသေးတယ်ဆိုရင် မြင့်မြင့်ဌေးဆီမှာ ထပ်ပြီး ထုတ်လို့ရတယ်နော်"

မြင့်မြင့်ဌေးက ငွေကိုင်စာရေးမို့ ပြောလိုက်ခြင်းပါ။

"ငွေက ပေးပြီးသားမမရဲ့၊ ထပ်လိုရင်လည်း ပေးဖို့ ပြောလိုက်ပါ့မယ်"

စကားဆုံးသည်နှင့် ချို ပြေးဆင်းသွားသည်။





ပြတင်းပေါက် အနီးသို့ သူမကပ်လာခဲ့ပြီး ကန့်လန့်ကာစနောက်မှ အသာကွယ်ရပ်ပြီး ကြည့်လိုက်သည်။

ကားပေါ်မှ ပစ္စည်းတွေကို ဒရိုင်ဘာနှင့် စောစောက လူရွယ်တို့ သယ်ချနေကြသည်။

ဆိုဖာဆက်တီကြီးများနှင့် ထမင်းစားပွဲခုံလှလှ၊ ပန်းအိုးတင်ရန် ခုံရှည်များ၊ မှန်တင်ခုံ အဆာစိတ်တက်ခြင်း ...။

အင်း ပုံစံတွေ မဆိုးလှပါဘူး ...

ကျေနပ်ပြုံးဖြင့် မမ တွေးနေမိသည်။

- ◆ အိမ်ကြီးအနောက်ဘက် ပျဉ်ထောင်အိမ်လေးမှာနေတဲ့ ခြံစောင့်အဘွားကြီး လင်မယားက သဘောကောင်းတယ် မမရဲ့ လိုအပ်သမျှ အားလုံး ကူညီကြတာ ...
- ◆ ဒီနေ့ ခြံထဲက မြက်တွေ ပေါင်းတွေ ရှင်းပေးတာ သူတို့ သားလေး၊ အဲဒီလူက မနက်ဖြန် မမမှာတဲ့ ပရိဘောဂတွေ သွားဝယ်ပေးမယ်တဲ့ ...


www.burmeseclassic.com

www.burmeseclassic.com

Furniture (ပရိဘောဂများ) ကို မမောမပန်း သယ်ယူပြီး အိမ်ကြီးထဲအထိ ပို့ဆောင်ပေးနေသည့် လူရွယ်ကို ကြည့်ပြီး မမ ပြန်လည်စဉ်းစားနေမိ၏။

ဒါဖြင့် သူဟာ ဒီခြံကျယ်ကြီးထဲက ခြံစောင့်တစ်ယောက်ပေါ့ . . . ခြံစောင့်သာဆိုတယ် လူရည်သန့်တစ်ယောက်ပါလား . . .

မမ သက်ပြင်းရှိုက်လိုက်မိသည်။

ဘယ်လိုနည်းနဲ့ ဖြစ်ဖြစ် သူစိမ်းယောကျ်ားတွေနှင့် မပတ်သက်ချင်တော့တာ အမှန်ပါ။

မမ အခန်းရှိရာသို့ ပြန်လာခဲ့ပြီး မဂ္ဂဇင်းတစ်အုပ်ကို စိတ်ပါဝင်စားစွာ ဖတ်နေမိသည်။

ခဏကြာတော့ မမအနီးသို့ မြင့်မြင့်ဌေး ရောက်လာသည်။

"ပရိဘောဂတွေ စုံပြီ မမ၊ လာကြည့်ပါဦး"

"ဟိုလူတွေကော"

"ပြန်သွားကြပါပြီ၊ ကားပြန်ထွက်သွားပြီလေ"





"ဟုတ်လား၊ ဒါဖြင့် အောက်ထပ်ဆင်းပြီး ကြည့်ဦးမှ"

မှန်တင်ခုံပေါ်မှ မျက်မှန်လေးကို လှမ်းယူပြီး တပ်လိုက်ည်း ပြီးမှ အိမ်ကြီးအပေါ်ထပ်မှ ဆင်းလာခဲ့သည်။

Furniture အသစ်စက်စက်များကို ကြည့်ပြီး မမ ဘောကျ နှစ်မြို့က်နေမိသည်။

"ဘယ်လိုလဲ မမ ကြိုက်ရဲ့လား" ဟု တင်အေးမြင့် မေးသည်။

"မဆိုးပါဘူး၊ နယ်မှာဝယ်တာ ဖြစ်ပေမယ့် လက်ရာ ာ ခေတ်မီပြီး လှပတယ်လေ"

"ဒါတွေအားလုံး နေရာချလိုက်မယ်နော် မမ၊ ပစ္စည်း ာင်းတွေကိုတော့ ခြံကြီးရဲ့ အနောက်ဘက်စွန်းမှာရှိတဲ့ ကိုဒေါင်ဟောင်းကြီးထဲ စွန့်ပစ်ရမယ်တဲ့"

မြင့်မြင့်ဌေး စကားကြောင့် အံ့အားသင့်နေမိသည်။

"ဟုတ်လား၊ ခြံကြီးအနောက်ဘက်စွန်းမှာ ကားဂိုဒေါင် ာင်းကြီး ရှိသေးသတဲ့လား"

မမ တအံ့တသြ မေးလိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ရှိတယ် မမရဲ့၊ ခုနကလူ ပြောသွားတာလေ၊ သူ့နာမည်က ဝသန်တဲ့ ... ကိုဝသန်"

"ဟဲ့ ဝသန်မဟုတ်ဘူး၊ မုတ်သုန်"

ဟု ချို့အမှားကို တင်အေးမြင့်က ပြင်ပေးလေသည်။

လောလောဆယ် မုတ်သုန်ဆိုသူသည် မိန်းကလေးသုံးယောက်ကြား ရေပန်းစားနေ၏။

"သူက ညနေမှ တစ်ခေါက်လာခဲ့မယ်တဲ့၊ ပရိဘောဂတွေ အိမ်ကြီးရှေ့ ထုတ်ထားပေးပါ၊ ကျွန်တော် ခြံအနောက်ဘက်ကို ရွှေ့ပေးမယ်တဲ့ မမရဲ့"

"ကဲ ... ကဲ ဒါတွေ နေရာချကြလေ"

ထိုလူရွှယ်အကြောင်း စကားပြတ်သွားစေရန် သူမ ပြောလိုက်သည်။

မိန်းကလေးသုံးဦး တိုက်ချွတ်ထားသောကြောင့် ပြောင်လက်နေပြီဖြစ်သော ကြမ်းပြင်ပေါ်တွင် ပရိဘောဂများကို နေရာတကျ ထားသိုလိုက်သောအခါ် နှစ်ထပ် ပျဉ်ထောင် ရှေးအိမ်ကြီးသည် ကျက်သရေရှိစွာ ခံ့ညားနေတော့၏။



"မမ စိတ်ကြိုက်ဖြစ်သွားပြီနော်၊ ခေတ်မီလှပသွားပြီ ...မမက အနားယူဖို့ ထွက်လာတာ ဆိုပေမယ့် အနည်းဆုံး ခြောက်လလောက်နေမှာ မဟုတ်လား"

တင်အေးမြင့်အမေးကို ခေါင်းညိတ် အဖြေပေးလိုက်သည်။

"မမ ခုနကလူကလေ မြင့်တို့ဘကြီးရဲ့ လှူယုံမိသားစုတဲ့ ဘကြီးဦးအောင် သူ့ခြံကြီးကို ထားပစ်ခဲ့ပြီး ကျောက်ထုံးကြီးမှာ သွားနေကတည်းက သူတို့ကို အပ်ထားခဲ့တာတဲ့၊ သူတို့ပဲ ဒီအိမ်နဲ့ ခြံကြီးကို စောင့်ရှောက်ထားကြတော့ သံယောဇဉ်ရှိတယ် မမ၊ မမ လိုအပ်တဲ့ အကူအညီ အားလုံး သူပေးနိုင်မှာပါ"

မြင့်မြင့်ဌေး ပြောနေတာတွေ စိတ်မဝင်စားသလို မမ နှုတ်ဆိတ်နေပြီးမှ စိုးရိမ်တကြီး အမူအရာဖြင့် မေးလိုက်၏။

"မြင့် ... ငါ့အကြောင်းတွေ သူသိသလား"

"ဘာအကြောင်းလဲ မမ"

"ငါဟာ နာမည်ကြီး ရုပ်ရှင်နဲ့ ဗွီဒီယို သရုပ်ဆောင်



www.burmeseclassic.com

www.burmeseclassic.com

ဆိုတာပေါ့၊ ဖြစ်နိုင်ရင် ဘယ်သူ့ကိုမှ အသိမပေးဖို့ ငါ မှာထားတယ် မဟုတ်လား''

''မြင့်တို့ ဘယ်သူမှ မပြောကြပါဘူး မမ၊ မမဟာ သူဌေးမလေးတစ်ယောက်ဖြစ်ပြီး ကသာမှာ အနားလာယူတာလို့ပဲ ပြောထားပါတယ်''

မြင့်မြင့်ဌေး အဖြေကြားမှပင် စိတ်သက်သာရာ ရသွားမိသည်။

''မမက မသိစေချင်ပေမယ့် မမကို မြင်လိုက်တာနဲ့ သူတို့ သိသွားမှာပါပဲ မမ''

တင်အေးမြင့် စကားကြောင့် မမမျက်နှာ အနည်းငယ် တင်းမာသွားမိသည်။

''အို၊ ဘာပဲဖြစ်ဖြစ် သူတို့ မမှတ်မိကောင်းပါဘူး၊ အခု ငါ့ရဲ့ ဝတ်စားပြင်ဆင်မှုကို ကြည့်ပါလား၊ ဒါပဲနော် ဘယ်သူမှ မပြောရဘူး''

စိုးရိမ်တကြီး ပိတ်ပင်နေမိသည့် မမကို ကြည့်ပြီး မိန်းကလေးတွေ နားမလည်နိုင်ကြပါ။





မမရင်ထဲက ခံစားချက်အမှန်ကို သူတို့ သိအောင် ပြောပြရဦးမည် ...

အနားယူရန် လာရောက်နေထိုင်သည့် ရက်များအတွင်း မမကို မည်သူကမျှ မင်းသမီးတစ်ယောက်အဖြစ် မသိစေချင်ကြပါ။

သိလျှင် လူတွေ ဝိုင်းအုံလာကြမည် ...

မမ၏ အေးအေးဆေးဆေး အနားယူလိုသော လွတ်လပ်မှုတို့ ဆုံးရှုံးသွားနိုင်သည် မဟုတ်ပါလား ...

ဘာပဲဖြစ်ဖြစ် သည်ရက်များအတွင်း မမသည် နာမည်ကြီး သရုပ်ဆောင်မင်းသမီး ခင်မမရှင် မဖြစ်လိုပါ ...

''မမ'' ဆိုသည့် နဂိုရှိသည့် အသက်ထက် ပို၍ ကြီးရင့်နေသည့် မိန်းမလတ်ပိုင်း အမျိုးသမီးတစ်ယောက် အဖြစ်သာ အားလုံးက သိရှိနေစေချင်မိပါသည်။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com



အခန်း (၅)

ခြံမြောက်ဘက်ရှိ စပယ်ရုံများသည် မြက်ပင်အချို့နှင့် ရောလျက်ရှိနေသည်။

စပယ်ပွင့်တွေက ဖွေးဖွေးလှုပ်မျှ ပွင့်နေကြသည်။

စပယ်ပွင့်အချို့ကို ခူးနေမိရင်း မမ အတွေးတွေ မျှော်ငွင့်နေမိ၏။





မမမျက်နှာပေါ်တွင် ဘာတစ်ခုမှ လိမ်းခြယ်မထား။

ဆံပင်တစ်ထွေးကြီးကို ခပ်မြင့်မြင့် ထုံးဖွဲ့ထားပြီး ဖါတိတ်ထဘီ တစ်ပတ်နွမ်း၊ အရောင်တူ အင်္ကျီလက်ရှည်တို့ကို ဝတ်ဆင်ထားသည်။

ပြင်ဆင်ခြယ်သမှု ကင်းမဲ့နေသည့် မမပုံစံလေးသည် ယဉ်ယဉ်လေးလှနေပြီး မင်းသမီး ခင်မမရှင်ဆိုသူမှန်း ရုတ်တရက် မှတ်မိရန် မလွယ်ကူလှပေ။

"ဒီကအန်တီ"

နောက်နားဆီမှ ကြားလိုက်ရသည့် ခေါ်သံကြောင့် မမ ဖျတ်ခနဲ လှည့်ကြည့်လိုက်မိ၏။

မမအနီးမှာ ရပ်နေသည့် သူ့ကို အံ့သြစွာ တွေ့လိုက်ရသည်။

မမမျက်နှာကို သူ စူးစူးစိုက်စိုက် ကြည့်နေသောကြောင့် မမ မျက်မှောင်ကုပ်လိုက်မိ၏။

"ဘာကိစ္စလဲ"

"အန်တီက ဒီအိမ်ကြီးကပဲလား ... အဲ မမ"



www.burmeseclassic.com

www.burmeseclassic.com

တင်းနေသည့် မမမျက်နှာအမူအရာ၊ မမ ဝတ်စား ပြင်ဆင်ထားပုံနှင့် မမ အသက်အရွယ်ကို သူ ခန့်မှန်း ခက်နေပုံရယ်ပါ။

သူ့ပုံစံက မနက်ခင်းကတွေ့ရသည့် ပုံစံမျိုး မဟုတ် တော့ပေ။

ဘောင်းဘီရှည် ကာကီရောင်ကို စပို့ရှပ်ဟောင်း တစ်ထည်ဖြင့် တွဲဝတ်ထားသည်။

"မမ ... ပရိဘောဂဟောင်းတွေ ရွေးဖို့ကိစ္စအတွက် ကျွန်တော် လာပြောတာပါ"

"ဪ ဒါလား၊ အိမ်ကြီးထဲ သွားပါ၊ မြင့်မြင့်ဌေး ရှိတယ်"

"ဟုတ် ... ဟုတ်ကဲ့ခင်ဗျ"

မမမျက်နှာတင်းတင်းကို ဆက်လက်မကြည့်ဝံ့တော့ သလို သူ အိမ်ကြီးရှိရာသို့ လျှောက်သွားသည်။

သူ လှည့်ထွက်သွားသောအခါ စပယ်ရုံတွေ အနီး မမ ထွက်လာခဲ့ပြီး သစ်ခွရုံဟောင်းလေးဘေးရှိ ဒန်းကလေး ပေါ်မှာ ထိုင်နေလိုက်သည်။





ထိုနေရာလေးမှ ကြည့်လျှင် အိမ်ရှေ့ဆင်ဝင်အောက်သို့ ကောင်းစွာမြင်နိုင်၏။

ဆယ်မိနစ်ခန့် ကြာသောအခါ ပရိဘောဂဟောင်းများ ကို တစ်ခုချင်း သယ်ထုတ်နေသည့် သူ့ကို တွေ့ရသည်။

ပရိဘောဂတွေကို ခြံအနောက်ဘက်စွန်းရှိ ကားဂိုဒေါင် ဟောင်းလေးရှိရာသို့ သယ်ယူနေ၏။

ခြံအနောက်ဘက်သို့ သူသွားနေစဉ် မမ အိမ်ကြီးပေါ် တက်လာခဲ့သည်။

"မမ ... ကိုမှတ်သုန် ပစ္စည်းဟောင်းတွေ သယ်နေ တယ်"

"တွေ့တယ် ..."

"တစ်ခြံလုံး ရှင်းပြီးရင် မြေဩဇာတွေချပြီး ပန်းပင် တွေ စိုက်နိုင်းရမလား မမ"

"ကောင်းသားပဲ"

"လခနဲ့ ငှားမလား မမ"

မြင့်မြင့်ဌေးအမေးကို ရုတ်တရက် မဖြေဘဲ စဉ်းစားနေ ပြီးမှ ...



www.burmeseclassic.com

www.burmeseclassic.com



၉

"အင်း … ကောင်းသလို ကြည့်လုပ်"

ဟု ပြောလိုက်၏။

"လခနဲ့ ငှားလို့ရပါ့မလား မြင့်ရဲ့" ဟု တင်အေးမြင့်က လှမ်းမေးသည်။

"သူ့ကြည့်ရတာ မယ်မယ်ရရ အလုပ်ရှိပုံမရဘူး၊ ကျောက်ထုံးကြီး ပြန်မယ်လို့လဲ ပြောနေလေရဲ့"

ဟု ပြောလိုက်ပြီး မြင့်မြင့်ဌွေး သက်ပြင်းရှိုက်နေသည်။

"ကျောက်ထုံးကြီး ဘာပြန်လုပ်မှာပါလိမ့်" ဟု ချိုက စိတ်ဝင်တစား ပြောသည်။

"ဟဲ့ တိုးတိုးပြောကြစမ်းပါ၊ တော်ကြာ သူ့အကြောင်းတွေ ဒီလောက် ရေပန်းစားနေတယ်ဆိုပြီး ဘဝင်မြင့်သွားပါဦးမယ်"

မမက သတိပေးလိုက်ပြီး အိမ်ကြီးအပေါ်ထပ်ရှိ မမ အိပ်ခန်းဆီသို့ တက်လာခဲ့ပါတော့သည်။

အိပ်ခန်းပြတင်းဝမှာ ရပ်ပြီး ခြံထဲကို ကြည့်မိတော့ ခြံထဲတွင် မြက်ပင်တွေ ရှင်းနေသည့် မုတ်သုန်ကို တွေ့လိုက်ရသည်။





"ဟင် … သူစောစောက Furniture ပေါင်းတွေ သယ်နေပါတယ် … ခု အလုပ်ပြီးသွားလို့ မြက်ပင်တွေ ဆက်ညှပ်နေတာ ထင်ပါရဲ့"

သူ့ကို မျက်နှာလွှဲလိုက်ပြီး အိပ်ရာပေါ် လှဲချလိုက်သည်။

◆ မောင်တို့ လက်ထပ်ပြီးတဲ့အခါ တစ်နေရာမှာ အေးအေးဆေးဆေး အနားယူကြမယ်နော် ချစ်၊ ဘာဖြစ်လို့လဲ ဆိုတော့ မောင်ကော ချစ်ပါ အနုပညာ လုပ်ငန်းတွေနဲ့ တစ်နေ့မှ မအားလပ်ကြရဘူး၊ တမင် အနားယူမှပဲ နားကြရမှာ …

◆ အဲဒီလို နားကြတဲ့အခါ ရန်ကုန်နဲ့ ဝေးဝေးမှာ နားမှဖြစ်မှာနော်၊ ရန်ကုန်နဲ့ နီးရင် ဒါရိုက်တာတို့၊ ပရိုဂျူဆာ တို့က လိုက်လာကြဦးမယ် …

မောင်နှင့် မမတို့ တစ်ခါက တိုင်ပင်ခဲ့ကြတာတွေကို ပြန်လည်တွေးတော စဉ်းစားနေမိသည်။

ခုတော့လည်း မမ တစ်ယောက်တည်းပါလား … မောင့်ကို ပြောခဲ့ဖူးတဲ့အတိုင်း ရန်ကုန်နှင့် အတော်ဝေးသည့်



www.burmeseclassic.com

www.burmeseclassic.com



ကသာမြို့မှာ မမတစ်ယောက်တည်း အနားယူနေခဲ့မိပြီ ...

အားလုံးကို စွန့်လွှတ်ချင်လောက်အောင် စိတ်နာကြည်း သွားခဲ့ရတာ မောင့်ပတ်ဝန်းကျင်ကြောင့်ပါပဲ မောင်ရယ် ...

အမေကို သိပ်ချစ်တဲ့ မောင်ဟာ အမေ့ဆန္ဒကို မလွန်ဆန်နိုင်တဲ့အတွက် မမကို ကျောခိုင်းရက်ခဲ့တယ်နော် ...

မမရဲ့ အလှအပ၊ မမရဲ့ တန်ဖိုး၊ ဂုဏ်သိက္ခာတွေ အားလုံးကျဆင်းခဲ့ရတယ် ...

မောင်နဲ့ မမ ချစ်ခဲ့ကြ၊ တစ်တွဲတွဲ ဖြစ်ခဲ့ကြတဲ့ အကြောင်းကို မမရဲ့ ပရိသတ်တွေ သိခဲ့ကြသလို မောင့်ရဲ့ ပရိသတ်တွေကလည်း သိခဲ့ကြပါတယ် မောင် ...

ဒါကြောင့် မမ အရှက်ရခဲ့တယ် ...

မောင့်ကို အသည်းနှင့်အောင် ချစ်ခဲ့မိပြီးမှ မောင်က ကျောခိုင်းထားရစ်ခဲ့လို့ မမ အရှက်ရခဲ့တာပါမောင် ...

မမရဲ့ အလှအပ၊ လျှမ်းလျှမ်းတောက် နာမည်ကြီးခဲ့တဲ့ မင်းသမီးတစ်ယောက်ရဲ့ ဂုဏ်သိက္ခာ ... ဒါတွေအားလုံး မောင့်ကြောင့် တန်ဖိုးနည်းခဲ့ရပြီ ...





ဒါကြောင့် မမလေ နာမည်ကြီး မင်းသမီးတစ်ယောက်ရဲ့ ဘဝကို စွန့်လွှတ်ခဲ့ပြီ ...

မမရင်ထဲက ဒဏ်ရာတွေ ကုစားလို့ မရသရွေ့ မင်းသမီးဘဝထဲ မမ ပြန်မလာတော့ဘူး။

မမတစ်ယောက်တည်း အတွေးသံသရာထဲမှာ နစ်မျော နေမိတာ အချိန်ဘယ်လောက် ကြာသွားခဲ့ပါလိမ့် ...

မြင့်မြင့်ဋ္ဌေး အခန်းထဲ ဝင်လာမှပင် အတွေးမှ ရုတ်တရက် လန့်နိုးခဲ့ရ၏။

"မမ ဟိုလူ့ကို လစာပေးပြီး ငှားဖို့ ပြောတော့ သူက ငြင်းတယ်၊ သူတို့ မိသားစု ကျောက်ထုံးကြီး ပြန်ကြတော့ မယ်တဲ့"

မြင့်မြင့်ဋ္ဌေးစကားကြောင့် မမ အံ့ဩနေမိသည်။

"သူတို့ မိသားစု ဒီခြံကျယ်ကြီးထဲမှာ နေထိုင်ခဲ့ကြတာ ကြာပြီ မဟုတ်လား၊ ဘာကြောင့် ကျောက်ထုံးကြီးရွာ ပြန်ကြ ရတာပါလိမ့်"

www.burmeseclassic.com

www.burmeseclassic.com



"သူ့ မိတ်ဆွေ ကျောက်ထုံးကြီး ပြန်ချင်လို့ သူ ရန်ကုန်က ပြန်လာရတာတဲ့၊ တစ်လတောင် မရှိသေးဘူးလို့ ပြောတယ်၊ ရွာပြန်ပြီး သစ်စက်မှာ အလုပ်ဝင်မယ်လို့ ပြောတာပဲ မမ"

"ဩော် ဟုတ်လား"

"အဖိုးကြီး အဘွားကြီးက ဒီမှာ လာစောင့်နေရတာ ကြာလဲကြာလှပြီ၊ စီးပွားရေးကလည်း အဆင်မပြေကြဘူး ထင်တယ် မမ၊ ဒါကြောင့် ရန်ကုန်ရောက်နေတဲ့ သားကို ခေါ်ပြီး ရွာပြန်ကြတော့မှာ"

သည်လိုဆိုတော့လည်း ခြံအလုပ်သမားအတွက် စိတ်ညစ်ရတော့မည်ဟု တွေးနေမိ၏။

"လစာ ခပ်များများ ပေးကြည့်ပါလား မြင့်"

မြင့်မြင့်ဌေးက တွေဝေစဉ်းစားနေပြီးမှ ...

"မရဘူး မမရဲ့၊ သူတို့ ပြန်ဖို့ကိစ္စအတွက် ဆုံးဖြတ်ထားပြီးကြပြီ၊ ရွာကို လွမ်းနေပုံရတယ်"

"ဒါဖြင့်လည်း ခြံတစ်ခုလုံး ရှင်းလင်းပြီး လိုအပ်သမျှ လုပ်ကိုင်သွားပေးဖို့ ပြောကြည့်ပေါ့ကွယ်"





"သူက ပြောပါတယ် မမရဲ့၊ တစ်ခြံလုံး ပန်းပင်တွေ စိုက်ပေးခဲ့မယ်တဲ့၊ ကျန်တဲ့ မြက်တွေလည်း ရှင်းပေးခဲ့မယ်လို့ ပြောတယ်"

"အိုကော .. အိုကော .. ညနေစာ ပြင်လိုက်ရတော့"

"ဟုတ်ကဲ့ မမ"

မြင့်မြင့်ဌေး အနားမှ လှည့်ထွက်သွားသောအခါ မမ မှန်တင်ခုံရှေ့တွင် ရပ်လိုက်ပြီး ဆံထုံးမြင့်မြင့်တွေကို ဖြည်ချလိုက်သည်။ ပြီးတော့ လက်ကိုင်ပုဝါတစ်ထည်ဖြင့် စည်းလိုက်သည်။

မှန်ထဲတွင် ပေါ်နေသည့် မမပုံစံလေးသည် လောလောဆယ် နုပျိုနေပါ၏။

ဆံပင်တွေ ဖြန့်ချထားသောကြောင့် အနည်းငယ် နုပျိုနေခြင်းရယ်ပါ။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၆)

မြက်ပင်၊ ချုံနွယ်ပင်များ ရှင်းလင်းလိုက်သောအခါ ခြံထဲရှိ ကွန်ကရစ်လမ်းကလေးသည် လှပစွာ ပေါ်လွင်လာသည်။





ထိုကွန်ကရစ်လမ်းကလေးအတိုင်း မမတစ်ယောက်တည်း လမ်းလျှောက်နေမိ၏။

မျက်နှာသစ်ပြီးခါစ မမ မျက်နှာပေါ်တွင် ဘာတစ်ခုမှ ခြိမ်းခြယ်မထားပါ။

ထုံးစံအတိုင်း ခြံထဲဆင်းချိန်တွင် ဆံပင်ကို ခပ်မြင့်မြင့် ထုံးဖွဲ့ပြီး မျက်မှန်တပ်ထားသည်။

ထိုစဉ် အသားဝါဝါ၊ အရပ်မြင့်မြင့်၊ မျက်နှာသွယ်သွယ်နှင့် ပါးပြင်ထောင့်မှာ စပယ်တင်မှဲ့နက်ကလေး ရှိနေသော မမ၏ ဆွဲဆောင်မှု ရှိလှသည့် မျက်နှာလေးကို တိတ်တစ်ခိုး ခေါင်းငုံ့ကြည့်နေသည့် လူတစ်ဦးအား မမ လုံးဝ မမြင်ပေ။

ထိုလူသည် ခြံဝအုတ်တံတိုင်းကို ကျော်ပြီး သူ့မျက်ဝန်းများက မမထံ စူးစိုက်ကြည့်နေသည်။

မမရုတ်တရက် သူ့ကို အမှတ်မထင် မြင်သွားသည်နှင့် ခြေလှမ်းတွေ တုံ့ခနဲ ရပ်သွား၏။

"ဒီမှာ မိန်းကလေး"

သူ့ဟန်ပန်က ရဲတင်းသွက်လက်လှသည်။

၅



www.burmeseclassic.com

www.burmeseclassic.com



"မင်း ဒီခြံကနေ့ာ်"

"ရှင် ဘယ်သူလဲ၊ ဘယ်ကလဲ"

"ကျွန်တော်က ဟိုဘက်ခြံကို တစ်နေ့ကမှ ပြောင်းလာတဲ့ သူပါ၊ အကူအညီတောင်းချင်လို့"

သူနှင့် စကားဆက်ပြောချင်စိတ် မရှိသောကြောင့် တင်အေးမြင့်တို့ကို ခေါ်ရန် အိမ်ကြီးဘက် ခြေလှမ်းပြင်လိုက်သည်။

"ဒီမှာ ကလေးမ"

သူက မမကို ခြေဆုံးခေါင်းဖျား စေ့စေ့စပ်စပ် ကြည့်သည်။

ပြီးတော့ မေးသည်။

"ဒီအိမ်မှာ အလုပ်သမားတွေ များသလား"

စပ်စပ်စုစု သူ့အမေးကြောင့် မမ စိတ်မရှည်နိုင်တော့ပါ။

"ရှင်က ဘယ်သူလဲ၊ ဘာကိစ္စရှိလို့ လာစပ်စုနေရတာလဲ" ဟု ပြန်မေးလိုက်မိ၏။





"ကျွပ်အိမ်အတွက် အလုပ်သမားတစ်ယောက် လိုချင်လို့ပါ မိန်းကလေး၊ အဲဒါ"

"ဒီအိမ်မှာ အလုပ်သမား မရှိဘူး"

"မင်းတို့ ခြံထဲမှာ မိန်းကလေးတွေ အများကြီး တွေ့ရတယ်၊ ဒါကြောင့် မေးကြည့်တာပါဗျာ၊ စိတ်မရှိပါနဲ့၊ ကျွပ်အိမ်မှာ အဝတ်လျှော်ပြီး ထမင်းချက်ဖို့ပါ"

သူ့အပြောက ရင့်သီးလှသောကြောင့် မမ ရင်ထဲမှာ ထောင်းခနဲ ဒေါသဖြစ်သွားမိသည်။

"ဒီမှာ ရှင် အမြန်ဆုံး ထွက်သွားပါ"

"ဘာဖြစ်လို့လဲ"

"ရှင်လိုချင်တဲ့ အလုပ်သမ မရှိဘူး"

မမ စကားဆုံးသည်နှင့် ချာခနဲ လှည့်ထွက်ခဲ့မိသည်။

သို့သော် သူက ...

"ဒီမှာ ခဏလေး သည်းခံပြီး နားထောင်ပေးပါ မိန်းကလေးရယ်၊ ကျွန်တော်က ဘာမှလုပ်တတ်တာ မဟုတ်ဘူး၊ ရန်ကုန်မှာ နေတုန်းက အစ်မဝမ်းကွဲနဲ့ အဒေါ်ဝမ်းကွဲ



www.burmeseclassic.com

www.burmeseclassic.com



က ချက်ပြုတ်ကျွေးကြတာ၊ ခု ဒီရောက်လာတော့ ဆိုင် ထမင်း ဆိုင်ဟင်းလည်း မစားနိုင်၊ ချက်ပြုတ်ကျွေးမယ့်သူလဲ မရှိနဲ့ ဒုက္ခရောက်နေတဲ့သူပါ''

စိတ်ကို ဆွဲဆန့်ပြီး သူပြောနေသမျှကို နားထောင်နေ ရ၏။

သူ့စကား ဆုံးသွားသည်နှင့် ...

''ရှင်ပြောချင်တာ ပြီးပြီမဟုတ်လား၊ အမြန်ဆုံး ထွက် သွားရင် ကောင်းမယ်''

သူက စိတ်ဆိုးမာန်ဆိုး မရှိဘဲ နှစ်ခြိုက်စွာ ရယ်မော လိုက်သည်။

''ကသာသူတွေ သိပ်လှတယ်လို့ ကြားခဲ့ဖူးတာ အစက မယုံခဲ့ဘူး ကလေးမရဲ့ မင်းကို သေချာကြည့်မိမှ''

သူ့စကားကြောင့် မမမျက်နှာတစ်ခုလုံး နီမြန်းသွား သည်။

''ကျုပ်က ပျော်စေ ပျက်စေ နောက်လိုက်တာပါ''





သူပြောပုံ ဆိုပုံတွေက မမကို အကြောင်းမဲ့ သက်သက် နှိမ့်ချသလို ဖြစ်နေသည်မို့ မမ ဒေါသဖောင်းလှပြီ။

သူ့ကို မျက်နှာတင်းတင်းဖြင့် ကြည့်လိုက်ပြီး မမ လှည့်ထွက်ခဲ့သည်။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com



အခန်း (၅)

နောက်သုံးရက်ခန့်အကြာ။

လိပ်သည်းကျောက်တုံးများဖြင့် လှပစွာ ပုံစံဖော် ပြုလုပ်ထားသည့် ရေကန်ငယ်လေးသည် လှပလျက်ရှိ၏။

ရေကန်တွင်း ရေများ ကြည်လင်စိမ်းလဲ့ပြီး ကန်စပ်





တွင် အင်္ဂလိပ်နှင်းဆီနှင့် ဒေါင်းဖလ်ဝါပန်းရောင်စုံများ ဖူးပွင့်နေသည်။

ကန်ငယ်လေးဘေးရှိ ကျောက်တုံးလေး တစ်ခုပေါ်တွင် ထိုင်နေမိရင်း ကန်ထဲရှိ ငါးလေးတွေကို အစာကျွေးနေမိသည်။

"အိမ်ရှင်တို့၊ အိမ်ရှင်တို့"

အိမ်ကြီးရှေ့မှ အော်ခေါ်သံကြောင့် မမ ထိုင်နေရာမှ ရုတ်တရက် ထရပ်လိုက်မိသည်။

အိမ်ကြီးရှိရာသို့ လှမ်းကြည့်လိုက်တော့ မမ မျက်လုံးပြူးသွားမိ၏။

ဟိုနေ့ကလူ ...

သည်ကနေ့လည်း ဟိုတစ်နေ့ကလိုပင် ပုဆိုးကွက်ပုဆိုးနှင့် လည်ကတုံး ကော်လာအင်္ကျီလက်ရှည်ကို ဝတ်ဆင်ထားသည်။

ခြံတံခါး ဘယ်သူ ဖွင့်ပေးလိုက်လို့ ခြံထဲဝင်လာတာပါလိမ့် ...



www.burmeseclassic.com

www.burmeseclassic.com



သူ့ကို ကြည့်ပြီး မမ တအံ့တသြ ဖြစ်နေသည်။

ချိုက မမအနီးသို့ ရောက်လာသည်။

"မမ ဒီလူကြီးနဲ့ သိသလား"

ချို့အမေးကို ခေါင်းခါရမ်းလိုက်သည်။

"မမကို မေးနေလို့ ခြံတံခါးဖွင့်ပေးလိုက်တာပါ။ ဆံထုံးမြင့်မြင့်နဲ့ အမျိုးသမီးနဲ့ တွေ့ချင်လို့တဲ့ မမ၊ သူ မှာထားတဲ့ ကိစ္စ မေးချင်လို့ဆိုပဲ"

"ဘာများ မှာထားလို့လဲ၊ မမ ဘာမှမသိဘူး"

မမ ခပ်ပြတ်ပြတ် ပြောလိုက်မိသည်။

ထိုလူက မမကို မြင်တော့ မမအနီးသို့ လျှောက်လာသည်။

"ဟိုတစ်နေ့က ကိုယ့် အကူအညီတောင်းထားတဲ့ ကိစ္စလေ၊ အဲဒါ လာမေးတာ"

"ရှင့်ကို ကူညီမယ်လို့ ကျွန်မမှ မပြောလိုက်တာ၊ ရှင်က ဘာကိစ္စရောက်လာရပြန်တာလဲ"

မမ ဒေါသဖြင့် ရန်တွေ့လိုက်မိ၏။





သူ့မျက်နှာကြီး ကွက်ခနဲ ပျက်သွားသည်။

"ဒီလောက်ပဲ အလုပ်သမ ရှာရခက်သလား မိန်းကလေး၊ မင်းကို အသေအချာ အကူအညီ တောင်းထားရက်နဲ့များ"

အားမနာပါးမနာ အပြစ်တင်နေသောကြောင့်

"ဒါက ရှင့်ကိစ္စ၊ ဒီမှာ ရှင်နဲ့ ကျွန်မတို့ မိတ်ဆွေပေါင်းတွေလည်း မဟုတ်ဘူး၊ ရှင့်ဘာသာ ဘယ်မှာဖြစ်ဖြစ် သွားမေးကြည့်လိုက်၊ ဒီမှာ အပူလာရှာမနေနဲ့"

"အဲတော့ စိတ်ဆတ်တဲ့ သူပါလား"

ဟု သူ မှတ်ချက်ချလိုက်သည်။

သူ့မျက်နှာကြီးကို ကြည့်ပြီး ဒေါသ ပိုဖြစ်နေမိသည်။

"ကဲ ရှင်လာရာလမ်းကိုကြွ"

"မိန်းကလေး အုပ်စုတောင့်လို့ အကူအညီတောင်းမိပါတယ်၊ ဒုက္ခပါပဲဗျာ"

ချိုက ဘေးမှာရပ်နေရာမှ ...



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ ရှင်က ဘယ်သူလဲ၊ ဘာကိစ္စလာနှောင့်ယှက်နေရတာလဲ၊ မိန်းကလေးတွေချည်းပဲဆိုပြီး အထင်တသေးလာမလုပ်နဲ့၊ ပါးကွဲသွားမယ်"

ချို့စကားကြောင့် သူ ခြေလှမ်းနှစ်လှမ်း နောက်ဆုတ်သွားပြီး ...

"ဒီလောက်စွာမှန်း၊ လူမှုရေးနားမလည်မှန်း သိရင်ခင်ဗျားတို့ကို အကူအညီ လာမတောင်းခဲ့ပါဘူး၊ကွာ။ သွားမယ်ဗျာ၊ ဆောရီးပဲ"

သို့သော် ပြောသည့်အတိုင်း လှည့်မထွက်သွားသေး၊ မမကို ခြေဆုံးခေါင်းဆုံး ကြည့်ပြီး ...

"နာမည်လေး ပြောပါဦး"

မမ မျက်နှာထားတင်းတင်းဖြင့် သူ့ကို ကြည့်နေသည်။

ထိုစဉ် မမတို့ သုံးဦးအနီးသို့ လူတစ်ယောက် ရောက်လာ၏။ သူက အခြားသူ မဟုတ် ...

မုတ်သုန်ပင် ဖြစ်သည်။





မုတ်သုန်မျက်နှာက သုန်မှုန်နေပြီး ခါးပေါ် လက်နှစ်ဖက်ထောက်ပြီး ထိုလူ့ကို မျက်နှာထားဆိုးဆိုးဖြင့် ကြည့်နေသည်။

ပြီးတော့

"ဒီမှာ ခင်ဗျား ဘယ်ကလဲ၊ ဘာကိစ္စ ခြံထဲ ဝင်လာရတာလဲ"

"ကျုပ်က ဟိုဘက်ခြံကို ပြောင်းလာတဲ့ သူပါ၊ ခြံထဲဝင်လာရတာကတော့ ဟိုကလေးမ ခြံတံခါးဖွင့်ပေးလို့ပါပဲ"

ချို့ကို လက်ညှိုးထိုးပြပြီး ပြောလိုက်သောကြောင့် ချို့ မျာပျာသလဲ ရှင်းပြလိုက်၏။

"မဟုတ်ဘူး။ သူက မမကို အကူအညီတောင်းထားတဲ့ကိစ္စ မေးမယ် ဘာညာနဲ့ ပြောလို့ ဖွင့်ပေးမိတာပါ"

"ခင်ဗျား ခုထွက်သွားစမ်း"

"မင်းက ဘယ်ကကောင်လဲ"

"ခင်ဗျား ခုထွက်သွားပါ"



www.burmeseclassic.com

www.burmeseclassic.com



"မင်းက ဘာကောင်လဲကွ၊ ကြည့်တော့ ပေပေရေရေ နဲ့ … အလုပ်ကြမ်းသမားကများ"

မြေဆွေးတွေ ထည့်၊ အပင်တွေ ရွှေ့နေချိန်မို့ သူ့ တစ်ကိုယ်လုံး ပေကျံနေသည် မဟုတ်ပါလား …

"ကျုပ်က ဒီခြံထဲမှာနေတာ … ခြံရှင်ဆိုလဲ ဟုတ်တယ်၊ ခင်ဗျား လူစကား နားလည်လား"

ပြောရင်း စိတ်မရှည်သလို ထိုလူ့လက်မောင်းတစ်ဖက် ကို ဆွဲကိုင်ပြီး ခြံဝသို့ ခေါ်ထုတ်သွားတော့၏။

ခြံဝရောက်တော့ ခြံပြင်သို့ တွန်းထုတ်ပစ်လိုက်ပြီး ခြံတံခါးကို သော့ခတ်လိုက်သည်။

သူ့အပြုအမူကို ငေးကြည့်နေကြရာမှ ချိုက ဝမ်းသာ အားရ ပြောလိုက်၏။

"အားကိုးရတယ်နော် မမ"

"အေး အားကိုးနေကြ၊ ခြံတံခါးဖွင့်ပေးတာလဲ ချိုပဲ"

မမ စကားဆုံးသည်နှင့် စိတ်ဆိုးဆိုးဖြင့် လှည့်ထွက် လာခဲ့မိသည်။





ယောက်ျားတစ်ယောက်ဖြစ်ပြီး စပ်စပ်စုစု နိုင်လှသည့် တစ်ဖက်ခြံမှ လူကြီးကို မမ စိတ်ထဲမှာ မုန်းတီးနေမိသည်။

မုတ်သုန်ကိုတော့ ကြိတ်ပြီး ကျေးဇူးတင်နေမိ၏။

သူက ခြံကိစ္စ၊ အပြင် ဗာဟီရကိစ္စများသာမက ခုလို ကိစ္စမျိုးတွင်လည်း အားကိုးရသူပါလားဟု ချီးကျူးနေမိ သော်လည်း မမ စိတ်ထဲမှာပင် ထားလိုက်မိသည်။

မုတ်သုန်အကြောင်း မိန်းကလေးများရှေ့တွင် ထုတ် ဖော်ချီးကျူးခြင်း မရှိခဲ့ပေ။

ထိုအချိန်အထိ မုတ်သုန်သည် မမ နှလုံးသားထဲ ဝင်ရောက်မလာခဲ့သေးပါ။

ရိုးရိုးခြံသမားလေး တစ်ယောက်အဖြစ်သာ မုတ်သုန် ကို စွဲမှတ်ထားခဲ့မိသည်။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

မမ တစ်ယောက်တည်း စန္ဒရားတီးရင်း သီချင်းညည်း နေမိသည်။

"မမ"

မြင့်မြင့်ဌေးအသံကြောင့် လှည့်ကြည့်လိုက်မိသည်။

"ဒီအနီးအနားမှာ ဆရာဝန် ရှိသလား မသိဘူး"





"ဟင် ဘာဖြစ်လို့လဲ"

"ကိုမှတ်သုန်ရဲ့ အဖေလေ အပျင်းဖျားပြီး သတိလစ် နေလို့တဲ့"

"မှတ်သုန်မရှိဘူးလား"

"မှတ်သုန် ကျောက်ထုံးကြီး ပြန်သွားတာ နှစ်ရက်ရှိပြီ တဲ့ မမ"

"ဒါဖြင့် ..."

"အဲဒါ သူ့အမေကြီး လာပြောလို့ သိရတယ်၊ အဖိုးကြီး အတော်ဖျားနေတာဆိုတော့ ဘယ်လို ကူညီရမှာပါလိမ့်"

"နင် မြို့ထဲထွက်ပြီး ဆရာဝန်တစ်ယောက်လောက် ခေါ်ပေးလိုက်ပါလား"

"ဟုတ်ကဲ့ မမ"

မြင့်မြင့်ဌေး မြို့ထဲထွက်သွားပြီး ဆရာဝန်ပင့်လာခဲ့ သည်။

ပြီးတော့ မှတ်သုန်၏ ဘခင်ဦးစောကို ဆရာဝန်ပြသ ခိုင်း



www.burmeseclassic.com

www.burmeseclassic.com

ဆရာဝန်က လိုအပ်သည့် ဆေးဝါးများဖြင့် ကုသခဲ့ပြီး ရေခဲအုပ်ပေးသောကြောင့် အဖျားကျစ ပြုလာခဲ့သည်။

ဆေးဖိုးကို မမထံမှပင် စိုက်ပေးခဲ့ရ၏။

"သူတို့ ကြည့်ရတာ ပိုက်ဆံတစ်ပြားမှ ရှိပုံမရဘူး မမရဲ့"

မြင့်မြင့်ဌေး ပြောတာ နားထောင်ပြီး သက်ပြင်းရှိုက်လိုက်မိသည်။

ဘဝမှာ သည်လိုမပြေလည်တဲ့လူတွေ အများကြီးရှိယ်ပါ ... ဒါကို မမ နားလည်ပါသည်။

သို့သော် ကူညီရမည့်ဝတ္တရားအပြင် မမ ရင်ထဲမှ စေတနာလည်း ပါခဲ့သည် မဟုတ်ပါလား ...

ဦးစော တစ်ပတ်ခန့်ကြာမှပင် အဖျား လုံးဝ ပျောက်ကင်းသွားတော့၏။

ဦးစော အဖျား လုံးဝ ပျောက်ကင်းသွားသည့် နေ့မှာပင် မှတ်သုန် ပြန်ရောက်လာလေသည်။





"မမ"

"ဘာလဲ မြင့်မြင့်"

"ကိုမှတ်သုန်က သူ့မိဘတွေကို ဂရုတစိုက် ကူညီခဲ့တဲ့အတွက် သိပ်ကျေးဇူးတင်နေတယ်၊ သူ ကျောက်ထုံးကြီးပြီး သူတို့အိမ်လေးကို သွားပြင်တာပါတဲ့ ဒီလကုန် ရှာပြန်ကြမယ်"

"မမကို ကျေးဇူးတင်စကား ပြောချင်လို့တဲ့၊ ခဏကြာ လာလိမ့်မယ်"

"ဒီလောက် မလိုအပ်ဘူးထင်တယ်"

အမှန်ပြောရလျှင် သူ့ဖခင်အတွက် ဆေးကုသရန် ငွေကို မိန်းကလေးများမှတစ်ဆင့် မမ စိုက်ထုတ်ပေးခြင်းမှလွဲ၍ သူ့အဖေထံ လူနာမေးဖို့ပင် တစ်ခေါက်မှ ရောက်ခဲ့ပေ။

"ဒီလောက် မလိုအပ်ပါဘူး၊ သူ ကျေးဇူးတင်ရ တ်အောင် သူ့အဖေကို လူနာမေးဖို့တောင် မရောက်ခဲ့

www.burmeseclassic.com

www.burmeseclassic.com



ဘူးလေ''

''ဒါပေမယ့် သူက ကျေးဇူးတင်စကား ပြောချင်ပါတယ်တဲ့ မမ''

မမ သက်ပြင်း ရှိုက်လိုက်မိသည်။

ဘာဖြစ်လို့များ မမနှင့် ဖတ်သက်ချင်နေပါလိမ့်။

''မြင့်မြင့်''

''ပြောပါမမ''

''သူလာရင် နင်တို့ပဲ လက်ခံပြီး စကားပြောလိုက်ကြပါ''

''အားနာစရာ မမရယ်''

''အားနာစရာ မဆိုပါဘူး။ ပြောပြလိုက်ပါ၊ ကူညီချင်တဲ့ စေတနာရှိလို့ ကူညီခဲ့တာကို ကျေးဇူးတင်စရာ မလိုဘူးလို့''

''ဟုတ်ကဲ့ မမ''



မှတ်သုန် ရောက်လာလျှင် စကားပြောရမှာ ဝန်လေးသောကြောင့် မမ ထိုင်ရာမှ ထလာခဲ့သည်။

အခန်းထဲရှိ ကုလားထိုင်တစ်ခုပေါ်တွင် ထိုင်ရင်း စာအုပ်တစ်အုပ်ကို စိတ်ဝင်စားစွာ ဖတ်နေလိုက်သည်။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၅)

ခမ်းနား ထည်ဝါလှသည့် ဧည့်ခန်းမကြီးထဲသို့ လှမ်းဝင်လိုက်ရင်း သူ့မျက်လုံးများက "မမ" ဆိုသည့် အမျိုးသမီးကို အလိုလိုရှာဖွေနေမိသည် မဟုတ်ပါလား ...

သို့သော် သူတွေ့မြင်လိုသည့် မမကို မတွေ့ရဘဲ မိန်းကလေး သုံးယောက်ကသာ သူ့ကို ဆီးကြိုနေကြသည်။





"ရော့ ကိုမှတ်သုန်"

မှတ်သုန်က နည်းနည်းမှ မတွန့်လှုပ်၊ ထည်ဝါခံ့ညားနေသည့် ဧည့်ခန်းထဲရှိ ကျွန်းကုလားထိုင်ကြီး တစ်လုံးပေါ်မှာ ထိုင်လိုက်သည်။

"မမကော ခင်ဗျာ"

သူ့အသံသည် တည်ငြိမ် အေးဆေးသော်လည်း မျှော်လင့်ချက်တို့ ပြည့်လျှံနေမှန်း သိသာလှ၏။

"မမ မှတ်းစိပ်နေလို့"

ဧည့်သည်လာတိုင်း ဟန်ဆောင်ပြောတတ်ကြသည့် သူတို့ အမူအကျင့်အတိုင်း တင်အေးမြင့်က ပြောလိုက်သည်။

"မမကို ပြောပြပြီးပါပြီ၊ ကိုမှတ်သုန် ကျေးရှူးတင်ကြောင်း ရှာပြောမလို့ဆိုတော့ မမက ဒီလောက် မလိုအပ်ပါဘူးတဲ့၊ စေတနာနဲ့ ကူညီတာပါလို့ ပြောတယ်"

မြမြင့်ဌေးက မမပြောသည့်စကားကို ပြန်ပြောပြနေရင်း မှတ်သုန်မျက်နှာကို အကဲခတ်ပြီး ကြည့်နေသည်။

မှတ်သုန် မျက်စိမျက်နှာ မကောင်းဘဲ ငိုင်တွေနေသော



www.burmeseclassic.com

မြင်ရတော့ အားလုံး အားတုံ့အားနာ ဖြစ်နေမိကြ၏။

"မမှာ အားလပ်ချိန် သိပ်မရှိဘူး။ ရှင် ကျေးရွာစကား ပြောချင်ရင် မမ ခြံထဲဆင်းတဲ့အချိန်ကို စောင့်နေပါလား"

ဟု ချိုက ပြောလေသည်။

"မမက အားလပ်ချိန်တွေဆို ပုတီးစိတ်နေတတ်တာ၊ အပိုစကားတွေ သိပ်မပြောဘူး"

"ကျွန်တော့်ကို ပြန်ခွင့်ပြုပါဦး။ ခြော် ဒါနဲ့ ပန်းမျိုးစေ့တွေ ကြဲထားတာ ပန်းပင်လေးတွေ ပေါက်နေပြီနော် ... အဲဒီ ပန်းမျိုးက နှစ်လလောက်ဆိုပွင့်ပြီ"

"ဟုတ်လား"

"ရွာပြန်ဖို့ ရက်က နီးနေပြီလေ၊ ဒါကြောင့် ပြောပြတာပါ၊ ကျွန်တော် မပြန်ခင်တော့ တာဝန်ရှိသမျှ ပန်းတွေ စိုက်ပေးခဲ့မှာပါ"

"ကျေးဇူးပဲရှင်"

"ကျေးဇူးပဲနော်"



www.burmeseclassic.com



[illegible]မြင့်ဖွေးနှင့် တင်အေးမြင့်တို့ နှစ်ဦး ဖြိုင်တူ ပြောလိုက်ကြသည်။

သူ နှုတ်ဆက်ပြီး မျက်နှာညိုးညိုးဖြင့် ပြန်လာခဲ့ရသည်။

တကယ်တော့ မမ၏ ပြန်မာဆန်ဆန် ဣန္ဒြေရရ ပုံရိပ်လေးတွေကို သူ့နလုံးသားထဲတွင် စွဲငြိနေမိပြီ ဖြစ်သည်။

ဣန္ဒြေရှိစွာလှသော မမသည် လူကြီးဆန်ပြီး အေးဆေးတည်ငြိမ်သူရယ်ပါ။

စကား အလွန်ပြောခဲသူလည်း ဖြစ်၏။

တစ်ခါတစ်ရံ သူနှင့် မမဆုံကြရသည်။

မမက မကြာခဏ ခြံထဲဆင်းပြီး လမ်းလျှောက်နေလေ့ရှိ၏။

သူက ခြံထဲတွင် မြက်နုတ်၊ ပေါင်းသင်၊ မြေဩဇာချရင်း မမနှင့် ဆုံတွေ့ခဲ့ကြရခြင်းပါ။

သို့သော် မမသည် သူ့ကို မြင်တိုင်း မသိမသာ မျက်နှာလွှဲသွားတတ်၏။



www.burmeseclassic.com

www.burmeseclassic.com

မမ်နဲ့ တပယ်နေရာမှာများ ဒီတောင်းကျွန်းပေါ့ရှင်းတွေ ဖြစ်ခဲ့တာပါလိမ့် ...

မမ့်ကို မြင်ဖူးချင်နေသလိုပဲ ...

နာမည်ကျော် ရုပ်ရှင်သံရုပ်ဆောင် မမကို မမြင်ဖူးသူ ကား ရှားသည်။

ရုပ်ရှင်ထဲက ပုံစံပျော့တော့ မမက ပုံစံပြောင်းထား သော ခြောင့်သော မမှတ်မိခြင်းရယ်ပါ ...

မမကို မြင်ဖူးသည့်နေ့ကစ၍ သူ့နှလုံးသားထဲ အစွဲ လမ်းကြီး စွဲလမ်းသွားခဲ့မိတာ သူကိုယ်သူ အသိဆုံးပင်။

မမကတော့ သူ့ကို အရေးတွေးပုံ မရှိ ...

မမရှေ့မှာ သူ့ရုပ်ဆင်းကောင်းတာ တိတ်တခိုး အချစ် တွေ ပိုလျှက်ရှိနေခဲ့သည် မဟုတ်ပါလား ...





## အခန်း (၁၀)

အဲနောက်တော်င် မုတ်သုန်ရာသီလေသည် မိုးစက်ပွင့် တို့ကို သယ်ဆောင်လျက် ကြမ်းရမ်းစွာ တိုက်ခတ်လျက် ရှိသည်။

မိုးကုပ်စက်ဝိုင်းကို မမ မျှော်ကြည့်လိုက်မိ၏။ တိမ်မည်း


www.burmeseclassic.com

www.burmeseclassic.com



ညို့တွေ အုံ့ဆိုင်းနေတာကို တွေ့ရသည်။

မှတ်သုန်ရာသီလေသည် ရောဝတီကို ဖြတ်ကျော်ကာ ဖက်ဆွတ်တောင်တန်းကြီးကို ကျော်၍လာခဲ့သည်။

မိုးစက်ပွင့်များကို သယ်ဆောင်လာသော မုတ်သုန်ရာသီလေကို တဖင်းပွင့် အကြွင်းအကျန်တို့က စောင့်ကြိုနေကြသဲပင်။

မမသည် တဖင်းပင်အောက်ရှိ ကျောက်တုံးကြီးပေါ်တွင် ထိုင်ပြီး တဖွဲဖွဲ ကြွေကျနေသည့် တဖင်းပွင့်ဖတ်လေးတွေကို ငေးကြည့်နေမိသည်။

မိုးပြေးတစ်ပြိုက်ရွာပြီးကာစမို့ မြေသင်းနံ့တွေ နှာခေါင်းထဲ ဝင်လာသည်။

"မမ"

ကျောဘက်မှ ခေါ်သံကြောင့် မမ ဖျတ်ခနဲ လှည့်ကြည့်လိုက်မိသည်။

"ဩော်"

"မမအနားကို ကျွန်တော် ရောက်နေတာ ကြာလှပြီ





တစ်ယောက်တည်း အတွေးလွန်နေသလားလို့ ခုမှ အသံပြုလိုက်မိတာပါ"

သူက မမမျက်နှာလေးကို အကဲခတ်ကြည့်ပြီး ပြောသည်။

မမက မျက်မှောင်ကုတ်၍ ကြည့်နေမိပြီးမှ ...

"ဘာပြောစရာ ရှိလို့လဲ" ဟူ၍ အသံတင်းတင်းဖြင့် မေးလိုက်သည်။

"ကျွန်တော် လာနှုတ်ဆက်တာပါ မမ"

"ဩော်"

သူ့မျက်နှာကို ခုမှပင် စေ့စေ့စပ်စပ် ကြည့်မိ၏။ သူ့မျက်နှာက ယောကျ်ားပီသ၍ ခံ့ညားချောမောသူရယ်ပါ။

အသားညိုညို၊ အရပ်မြင့်မြင့်ဆိုတော့ အတော် ကြည့်ကောင်းသူပင်။

"ကျွန်တော်တို့ မိသားစု ဒီကနေ့ပဲ ကျောက်ထုံးကြီးမှာ ပြန်တော့မယ် မမ ဖေဖေနဲ့ မေမေက မမတို့ အစစ ကူညီခဲ့တာတွေကို ကျေးဇူးတင်ကြောင်း ပြောခိုင်းလိုက်ပါ



www.burmeseclassic.com

www.burmeseclassic.com



တယ်''

မမအမှုအံ့ရာက အေးဆေးတည်ငြိမ်သည်။ ပြုံ၍ ရုတ်တရက် အာမှုပြန်မပြောသဖြင့် မှတ်သုန် အတော် အနေခက်မိ၏။ ပြီးမှ ခပ်ပြုံးပြုံး အမူအရာဖြင့် ...

''မမ ကျွန်တော် ဒီပန်းချီကားချပ်လေး လက်ဆောင် ပေးခဲ့ပါရစေ'' ဟု စက္ကူအိတ်ခပ်ကြီးကြီးဖြင့် ထည့်ထားသည့် ရွှေချည်ထိုး ပန်းချီကားချပ်ကို လှမ်းပေးလိုက်၏။

မမ အံ့သြနေသည့် အမူအရာဖြင့် သူ့မျက်နှာကို အကဲခတ်ကြည့်နေသည်။ ပြီးမှ မလွဲမကောင်းသော ပုံစံဖြင့်

''ဘာပုံဆွဲထားတာလဲ'' ဟု မေးသည်။

''အာနန္ဒာ ဘုရားပွဲပါ မမ၊ ကျွန်တော် ပုဂံရောက်တုန်းက ကိုယ်တိုင် ထိုးထားတာပါ''

''ရွှေချည်ထိုး လက်မှုပညာပေါ့''

''ကျွန်တော် စိတ်ဝင်စားလို့ ရွှေချည်ထိုး ပန်းချီကို သင်ခဲ့တယ်၊ ပြီးတော့ ဒီကားချပ်ကို ကိုယ်တိုင်ရေးခဲ့တာပဲ''

မမခေါင်းညိတ်ပြီး ပန်းချီကားချပ်ကို လှမ်းယူလိုက်၏။





''မမ ကြည့်ပါဦး ခင်ဗျာ''

ပန်းချီကားချပ်ကို ယူထုတ်ပြီး မမ ကြည့်လိုက်၏။ အာနန္ဒာစေတီကို တစ်ပတ်ယှဉ်သပ္ပါယ်စွာ ဖူးတွေ့လိုက် ရသည်။

''သပ္ပါယ်လိုက်တာ'' ဟု မမနှုတ်မှ ဖွင့်ပြောလိုက်မိသည်။

''ကျွန်တော် သွားတော့မယ်နော် မမ''

''ကောင်းပါပြီ''

သူ ခြေလှမ်းကျဲဖြင့် ထွက်ခွာသွားသည်။

မမ ပန်းချီကားချပ်လေးကို ကိုင်ပြီး အိမ်ကြီးထဲ ဝင်လာခဲ့သည်။

မြင့်မြင့်ဌေးက, စန္ဒရားကြီးကို ဖုန်သုတ်ရာနေရာမှ ကို မြင်တော့ ပျာပျာသလဲ ဆီးကြိုလိုက်သည်။

''မမလက်ထဲက ဘာလဲ ပေး ... ပေး''

''မှတ်သုန်ဆိုတဲ့လူလေ၊ သူ လက်ဆောင် လာပေး သွားတာ၊ ပြီးတော့ ဒီကနေ့ပဲ ကျောက်ထုံးကြီး ပြန်ကြတော့



www.burmeseclassic.com

www.burmeseclassic.com



မယ်တဲ့ လာနှုတ်ဆက်သွားတယ်"

မြင့်မြင့်ဌေးက ပန်းချီပုံကို ထုတ်ကြည့်လိုက်ပြီး

"ဘယ်မှာ ချိတ်ရမလဲ မဲ့မဲ့"

ဟု မေးသည်။

"ဘုရားပုံဆိုတော့ ဒီဧည့်ခန်းထဲမှာပဲ ချိတ်ထားလိုက်ပါ"

ဟု ပြောလိုက်ပြီး အိမ်ကြီးအပေါ်ထပ်သို့ တက်လာခဲ့ပါတော့သည်။

❖ ❖ ❖

# အပိုင်း နှစ်



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁)

ပျင်းရိငြီးငွေ့ဖွယ် ရက်ကလေးတွေ တစ်ရက်ပြီး တစ်ရက် ကုန်ဆုံးခဲ့သည်။

ဘာလိုလိုနှင့် ရန်ကုန်မှ ထွက်ခွာလာခဲ့တာ သုံးလ ပြည့်တော့မည်။



www.burmeseclassic.com

www.burmeseclassic.com



မမသည် သူ့ကို သတိရမိတိုင်း ရင်မှာ ခံစားရလွန်း၍ နာကြည်းစွာ မုန်းမေ့ပစ်ခဲ့မိသည်။

သို့သော် ရုတ်တရက် မေ့ဖျောက်ပစ်ရန် မလွယ်ပေ။

တစ်ခါက သူပေးခဲ့ဖူးသည့် ရွှေလော့ကက်ပြားလေးကို ဖြုတ်ထားခဲ့ပြီးမှ အလွမ်းပြေ ကြည့် မိသည်။

ခွဲခွာလာခဲ့ရသည့် ခွဲခွာကာစရက်များကဆိုလျှင် မမ နှလုံးသားက ပိုပြီး နာကျင်ခဲ့ရ၏။

သည်အချိန် သူနှင့်အတူ သီချင်းနားထောင်တတ်ကြသည့်အချိန် ...၊ သည်အချိန် သူလာကြိုချိန် ... ညနေစာ အတူသွားစားတတ်သည့် အဆင့်မြင့် ဟိုတယ်များ၊ နှစ်ယောက်အတူ ရုပ်ရှင်သွားရိုက်ခဲ့ကြသည့် ရုပ်ရှင်ရိုက်ကွင်းများ ဗွီဒီယိုရိုက်ချိန် ကားရိုက်ကွင်းများ ...

ပြီးတော့ သူနားထောင်နေကျ Heros and friends သီချင်းကို ကြားယောင်နေခဲ့မိသည်။

အိပ်ပျော်နေသည့် အချိန်တိုင်း သူ့အကြောင်းများကို သာ အိပ်မက်မက်တတ်ပြီး အိပ်ရာမှ လန့်နိုးချိန်တိုင်းလည်း





သူ့ကို သတိရနေမိ၏။

ခွဲခွာခဲ့ရမှပင် သူ့အပေါ် ဘယ်လောက်ချစ်ခဲ့ရမှန်း မ နားလည်ခဲ့မိသည်။

သို့သော် နာကြည်းမုန်းတီးစရာ ကောင်းလှသည့် မော တ်ဝန်းကျင်ကိုတော့ မမ ရင်မဆိုင်လိုတော့ပါ ...

သူနှင့် ပတ်သက်ဆက်နွှယ်ခဲ့သမျှ အတိတ်ေ အားလုံးကို ဘယ်လို မေ့ပစ်ရမှာပါလိမ့် ...

တစ်ခါတစ်ရံတော့လည်း တစ်သက်လုံး နာကျင် ကြေကွဲစွာ ခံစားသွားရတော့မည့် နှလုံးသားအတွက် ယူကျုံး ရ ဖြစ်နေမိသည်။

မေ့လိုက်ချင်ပါပြီ ...

ဒါပေမယ့် ဘယ်လိုမှ မေ့လို့မရပါဘူးလေ ...

ပျော်ရွှင်ကြည်နူးစွာ တစ်တွဲတွဲ နေခဲ့ကြရတဲ့ ရက်တွေ အဝေးဆုံးကို စီးဆင်းသွားခဲ့ပြီ ...

ဒါပေမယ့် မောင့်သဏ္ဍာန်၊ မောင့်အရိပ်နဲ့ မောင့် အတိတ်တွေက မမကို ထာဝရ စိုးမိုးနေဆဲပါ မောင် ...



www.burmeseclassic.com

www.burmeseclassic.com

မောင်နှင့် ပတ်သက်ဆက်နွယ်ခဲ့သမျှ အတိတ် အကြောင်းအရာများက မမနှလုံးသားထဲ ဝင်ရောက်လာပြန်၏။

မတွေးဘဲ သတိရနေမိသည် မဟုတ်ပါလား ...

❖ ❖ ❖





# အခန်း (၂)

အဲသည်နေ့ကို မမဘဝမှာ မေ့ဖျောက်နိုင်စွမ်း ရှိမည် မထင်မိပေ။

ထိုနေ့က မမသည် သူနှင့် မမျှော်လင့်စွာ ဆုံတွေ့ခဲ့ရ၏။

မမတို့ ဇာတိရွာလေးသည် မော်လမြိုင်မြို့အနီးမှာ


www.burmeseclassic.com

www.burmeseclassic.com



ပြီး ရေတံခွန်များ စမ်းချောင်းများဖြင့် သာယာလှပလျက်
သည်။

ရေတံခွန်မှ စီးဆင်းလာသည့် ရေအလျဉ်၏ အစိတ်
ခပိုင်း စမ်းချောင်းငယ်သည် မိုးအခါတွင် တသွင်သွင်
းဆင်းလျက် ရေစီးသန်လှ၏။

ထိုစမ်းချောင်းလေးနံဘေးသို့ မမ နေ့စဉ် ရောက်လာ
ခတ်သည် မဟုတ်ပါလား . . .

သည်ကနေ့လည်း စမ်းချောင်းလေးဘေးသို့ မမ
ရောက်လာခဲ့၏။

ချောင်းစပ် ကျောက်တုံးလေးတွေကြားမှာ မမ တစ်
သာက်တည်း ပြေးဆော့နေမိရင်း စမ်းချောင်းထဲသို့ ပန်းပွင့်
ချင်စုံလေးတွေ မျှောချနေမိသည်။

စမ်းရေ တသွင်သွင် စီးဆင်းသံသည် သဘာဝတေးသံ
တစ်ပုဒ်အလား ငြိမ့်ညောင်းသာယာလှ၏။

မမစိတ်သည် လွတ်လပ်ပျော်ရွှင်လျက်ရှိ၏။

ဇာတိရွာလေးသို့ ပြန်လည်ရောက်လာခဲ့တိုင်း မမ





ပျော်ရွှင်နေတတ်သည်။

မမသည် ဂစ်တာလေးကို ကျောက်တုံးပေါ်မှ လှမ်းယူ
လိုက်ပြီး သီချင်းတစ်ပုဒ်ကို သီဆိုလိုက်၏။

"ဟေး"

မမ၏ ကိုယ်ရံတော် မြင့်မြင့်ဌေးနှင့် တင်အေးမြင့်တို့
နှစ်ယောက် ပျော်ရွှင်စွာ ကခုန်နေကြသည်။

မမတို့ သုံးယောက်ကို မှိုတ်မသုန် ငေးကြည့်နေသည့်
လူတစ်ယောက်ကို မမတို့ ရုတ်တရက် သတိမပြုမိကြပါ . . .

သူက ချောင်းအထက်ပိုင်း ရေတံခွန်ထိပ်တွင် ရပ်
လျက် မမတို့ကို ကြည့်နေခြင်းပါ။

ထိုလူက အသားဖြူဖြူ အရပ်မြင့်မြင့်နှင့် ကိုယ်လုံးက
ခပ်သွယ်သွယ် . . .

မမက သီချင်းအပြီးမှာ ဂစ်တာကို ကျောက်တုံးပေါ်
မှာ ပြန်ထားလိုက်သည်။

"ဟေး . . . မိန်းကလေး"

သူ အော်လိုက်သောကြောင့် မမတို့အားလုံး လန့်ဖျပ်
သွားကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"တင် ဘယ်လိုပုံစံကြီးလဲ"

တင်အေးမြင့် အော်ပြောလိုက်ခြင်းပါ။

မမတို့ သုံးယောက် သူ့ကို ငေးကြည့်နေမိသည်။

သူက ဂျင်းဘောင်းဘီ အနက်ရောင်၊ စပို့ရှပ်အနက်ရောင်ပေါ်မှာ လင်းယုန်အရုပ်များ ပါရှိပြီး ခေါင်းတွင် ခရမ်းရောင် ပဝါတစ်ခုကို စည်းထားသည်။ နေကာမျက်မှန်ကို ချွတ်ပြီး ဘောင်းဘီအိတ်မှာ ချိတ်ထား၏။

အတော်ခေတ်မီသော သူ့ပုံစံကို ငေးကြည့်ရင်း မြင်ဖူးပါတယ်ဟု မမ တွေးနေမိသည်။

သူ့ကို ဘယ်မှာ မြင်ဖူးပါလိမ့် ...

သူက မမကို စိတ်ဝင်တစား ကြည့်နေသည်။

မမကလည်း သူ့ကို ငေးကြည့်နေမိ၏။

ထိုလူ့ဆံပင် ခပ်ရှည်ရှည်များက ဖြောင့်စင်းလေသည်။

မမအနီးသို့ သူ ပြေးဆင်းလာ၏။





"ဟေး မင်းကို တွေ့ဖူးသလိုပဲ၊ ကိုယ့်မိတ်ဆွေဟောင်းများလား"

သူ့စကားကြောင့် ထောင်းခနဲ ဒေါသပေါင်းသွားမိ၏။

"ဘာလာကြောင်နေတာလဲ၊ ရှင်နဲ့ကျွန်မ မသိဖူးပါဘူး။ ဒါပေမယ့် ရှင့်ကို မြင်ဖူးသလိုပဲ"

မမစကားကြောင့် သူ့နဖူး သူ ဖျတ်ခနဲ ရိုက်လိုက်ပြီး ခေါင်းခါရမ်းလိုက်သည်။

"ဟာ သေလိုက်ပါတော့၊ ကိုယ့်ကိုတောင် မသိကြတော့ဘူးလား။ သေချာလည်း ကြည့်ပါဦး" ဟု စိတ်ပျက်လက်ပျက် အမူအရာဖြင့် ပြောနေသည်။

သည်တော့မှပင် သူ့ကို ခြေဆုံးခေါင်းဖျား စေ့စေ့စပ်စပ်ကြည့်လိုက်ပြီး ...

"ရှင်က ရုပ်ရှင်မင်းသား မင်းဇညားလား၊ သူနဲ့ ရှင် သိပ်တူတာပဲ" ဟု မဝံ့မရဲ မေးလိုက်မိ၏။

"အို သိပ်သေချာတာပေါ့၊ သေချာတာမှ ဇညား ဇညားလို့တောင် အော်နေလောက်အောင်ပဲဗျာ ဟဲ ဟဲ"



www.burmeseclassic.com

www.burmeseclassic.com



သူက ပျော်ရွှင်တတ်ပုံရသည်။

နာမည်ကြီး မင်းသားပေမယ့် မာနကြီးပုံ၊ ဘဝင်မြင့်
မရ၊ ဖော်ရွေပျော်ရွှင်နေသည်။

"နေပါဦး ခင်ဗျားလေးကိုလည်း ကိုယ် မြင်ဖူးနေသလို
ပါပဲ ..."

မမ၏ ဘောဆန်ဆန် ပြင်ဆင်ထားသည့် ပုံစံလေး
သူ ငေးကြည့်ပြီး ပြောလိုက်သည်။

မမက လိမ္မော်ရောင်အခံပေါ်မှာ အညိုရောင် အမွှ
သေးသေးလေးတွေပါသည့် ရှုံသားလက်ရှည်အကျႌကို ဖြော
ထမီအနက်ဖြင့် တွဲဝတ်ထားသည်။

ခါးလယ်မျှ ရှည်သည့် ဆံပင်နက်နက်တွေကို ကျစ်ဆံ
မြီးရှည် ကျစ်ထားပြီး တတိုင်းမွှေးပန်းတစ်ပွင့်ကို ပန်ဆင်
ထား၏။

ပါးပြင်နုစ်ဖက်ပေါ်တွင် ပါးကွက်များနှင့် ...

"ပြင်ဆင်ထားပုံက တောသူလေးတစ်ယောက်နဲ့
တူနေပေမယ့် ဂစ်တာသံလေးက မြို့သူမှန်း သိသာနေတယ်





မိန်းကလေးရဲ့"

သူ့စကားကြောင့် မမ နှုတ်ခမ်းစူသွားသည်။

"ကျွန်မက ဒီရွာဇာတိရှင့် သိရဲ့လား"

"ဪ ဟုတ်လား၊ ဒီရွာဇာတိကိုး။ ဒါဖြင့် အိမ်ရှင်
ပေါ့နော်၊ ကိုယ်က ဧည့်သည်ပါ"

"ရုပ်ရှင်မင်းသားက ဒီရွာလေးကိုမှ ရွေးပြီး ဧည့်သည်
အဖြစ် ရောက်လာတာကိုး။ အံ့ဩစရာပဲ"

မမ စကားကြောင့် သူ အားပါးတရ ရယ်မောလိုက်
သည်။ ပြီးတော့ ပြောသည်။

"မင်းသားက မင်းသမီးရှိတဲ့ ရွာမို့ တမင်ရောက်လာ
တာပါဗျာ ဟဲ ဟဲ"

"ဘာ"

သူ့စကားကြောင့် မမ မျက်မှောင်ကုပ်ပြီး အော်လိုက်
မိ၏။

"မအံ့ဩပါနဲ့ ... ခင်ဗျားလေးဟာ ရုပ်ရှင်မင်းသမီး
လေး ခင်မမရှင် မဟုတ်လား၊ မြင်မြင်ချင်း စဉ်းစားနေမိ



www.burmeseclassic.com

www.burmeseclassic.com



ပေးမယ့် အနားရောက်လာတာနဲ့ မှတ်မိသွားခဲ့တယ်”

မမ ဘာမှ မပြောတော့ဘဲ လှည့်ထွက်ခဲ့သည်။

တင်အေးမြင့်က ထိုလူ့ကို ရန်တွေ့လိုက်၏။

“ဒီမှာ မင်းသား၊ ကျွန်မတို့ ပျော်ပျော်ရွှင်ရွှင်နဲ့ သီချင်းဆိုနေတာကို ရှင် တမင်လာပြီး အနှောင့်အယှက် ပေးတာတော့ ဘယ်ကောင်းမလဲရှင့်၊ ယဉ်ကျေးမှု မရှိလိုက်တာ”

တင်အေးမြင့် စကားကြောင့် သူ လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။ မခံချိ မခံသာ ပုံစံဖြင့် ...

“ဟင် ဘယ်လိုတွေလဲ၊ ခင်ဗျားတို့က အိမ်ရှင်တွေဆိုတော့ ဧည့်သည်ကို ဒီလိုပဲ ကြိုဆိုကြသလား”

သူ့အသံကျယ်ကျယ်ကြောင့် မမ ခြေလှမ်းတွေ တုံ့ခနဲ ရပ်သွားမိသည် မဟုတ်ပါလား ...

သူ့ကို မမလှည့်ကြည့်လိုက်မိ၏။

သူက မမကို မျက်စိတစ်ဖက် မှိတ်ပြသည်။

“ရှင်နော် ရီးတီးရားတား လုပ်ရင် မမအကြောင်း သိသွားမယ် ဘာထင်လဲ”





“ဘာမှ မထင်ပါဘူး။ ရုပ်ရှင်မင်းသမီးဆိုတာ သိနေ ...ာပဲ”

“စကားပြော ဝွကျလိုက်တာ”

“ကိုယ်ကအဲပြော ချိုပါတယ်၊ မင်းလေးနဲ့ ကိုယ် ...တ်ကားတစ်ခုမှာ တွဲမရိုက်ဖူးပေမယ့် အနုပညာမောင်နှမ ...ွပ် မဟုတ်လား”

“မသိဘူး”

မမ ဘုပြောလိုက်သောကြောင့် သူ ရယ်လိုက်သည်။

“ကိုယ်တို့နှစ်ယောက် ဒီရေတံခွန်လေးဘေးမှာ ရုပ်ရှင် ...င်ကားလော့က် လာရိုက်ကြရအောင်နော်’ ကဲ ပေးစမ်းပါဦး ...ပ်တာလေး”

မမ ဘာမှမပြောတော့ဘဲ ကျောက်တုံးတစ်တုံးပေါ်မှာ ...သွားထိုင်နေမိ၏။

သူက ဂစ်တာကို သူ့ဘာသာ လှမ်းယူပြီး တီးခတ် ...ိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

မြင့်မြင့်မွှေးနှင့် တင်အေးမြင့်တို့ နှစ်ဦးလည်း ဘာမှ မပြောကြတော့ဘဲ ပြုံးနေကြ၏။

သူက ဂစ်တာတီးပြီး Hero and friends သီချင်းကို ဆိုနေသည်။

သူ့အသံက နားထောင်၍ ကောင်းလှသည်။

ကြည်လင်ချိုအေးပြီး ဆွဲဆောင်မှု အင်အားများစွာ ပါဝင်သည်ဟု ထင်မိ၏။

သီချင်းဆုံးတော့ ဂစ်တာသံလည်း ရပ်သွားသည်။

"ကိုယ် သီချင်းဆိုပြီးပြီ ခု မမအလှည့် ... ကဲ တစ်ပုဒ်လောက် ဆိုပြပါဦး"

Britney Spears ၏ သီချင်းတစ်ပုဒ်ကို မမ ဆိုပြလေသည်။

When your eyes say it သီချင်းပင်။

"ခင်မမရှင်က အသံကောင်းသားပဲ၊ ဒါနဲ့ ကိုယ့်ကို သူငယ်ချင်းအဖြစ် လက်ခံပြီပေါ့နော်"





"ရှင်က ညှိသည်ဆိုတော့ ကြိုဆိုရမှာပေါ့၊ ကဲ ကျွန်မတို့ကို ခွင့်ပြုပါဦး"

"ခဏလေး နေပါဦး မမ"

"ဘာကိစ္စ ရှိလို့လဲ"

"ဒီစမ်းချောင်းလေးထဲ ဆင်းပြီး ပန်းပွင့်လေးတွေ မျှော ဦးလား"

"ဘာလုပ်မလို့လဲ"

"ကိုယ့်အမှတ်တရ ဓာတ်ပုံရိုက်ချင်လို့"

"ဟုတ်လား"

"မင်းရဲ့ ဓာတ်ပုံလေးကို ကိုယ် အမှတ်တရ သိမ်းထား ချင်လို့"

"အမလေး ဒါလေးများ ကျွန်မပုံတွေ အများကြီးပါ၊ ဆိုဒ်တို့၊ နေကြာစေ့တို့ ဝယ်စားလည်း ရတာပဲ၊ ဂျာနယ် င်းစုံမှာလည်း ကျွန်မဓာတ်ပုံတွေ နေ့စဉ် ပါနေကျပဲ ဟုတ်လား၊ ရှင်လိုချင်ရင် ဝယ်လိုက်လေ"


www.burmeseclassic.com

www.burmeseclassic.com

မမ တမင်ပြောလိုက်မိခြင်းပါ။ ဒါကို သူက တကယ်ပြောသည်ဟု ထင်မှတ်ပြီး . . .

"ဟာဗျာ သည်လိုမလုပ်ပါနဲ့၊ ကိုယ်က မင်းရဲ့ အမှတ်တရ ပုံလေးကို လိုချင်တာ"

"အချိန်မရှိဘူး၊ သွားစရာ ရှိသေးတယ်ရှင့်"

"ဒေးဗစ်ဖိုးတုတ်တို့ အလှူကိုလား"

သူ့ အရွှန်းဖောက်လိုက်သောကြောင့် မြို့မြင့်ဌေးနှင့် တင်အေးမြင့်တို့နှစ်ဦး တခစ်ခစ် ရယ်မောနေကြသည်။

"ရှင်ကလည်း အရွှန်းဖောက်လို့ မဆုံးနိုင်တော့ဘူးလား"

"မမ တကယ်ပဲ ရက်စက်တော့မှာလား"

"ဒါ ရုပ်ရှင်ရိုက်နေတာမှ မဟုတ်တာ၊ ကျွန်မတို့ အိမ်ပြန်ကြတော့မလို့"

"ကျွန်တော်လည်း အလည်လိုက်ခဲ့ပါရစေ"

"ရှင့် ဘယ်မှာတည်းသလဲ"

"ရွာဦးကျောင်း"





"တစ်ယောက်တည်း ရောက်လာတာလား"

"ဟုတ်ကဲ့၊ တစ်ယောက်တည်း ရောက်လာတာပါ"

"ကောင်းပြီလေ၊ အိမ်ကို ခဏတော့ အလည်လိုက်ခဲ့လို့ ရပါတယ်"

မမတို့နောက်မှ သူ လိုက်လာခဲ့သည်။

ရေတံခွန်မှ ထွက်လာခဲ့သည့် လမ်းတစ်လျှောက် သူ သီချင်းဆိုရင်း ပါလာခဲ့၏။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

"ဒါ ကျွန်မတို့ အိမ်ပဲ"

ကွမ်းသီးပင်များ ခြံရံလျက်ရှိသည့် သစ်လုံးအိမ် လှလှလေး ရှေ့ရောက်တော့ မမ ပြောလိုက်သည်။

"အိမ်လေးက လှလိုက်တာဗျာ၊ ကမ္ဘာတစ်ခုကို ရောင်သာသလိုပဲ"





"မေမေရေ ဧည့်သည် ပါလာခဲ့တယ်"

မေမေက အိမ်ထဲမှ ထွက်လာသည်။ မမတို့ မိခင်ဒေါ်ဝါဝါနုက အသားဖြူဖြူ၊ အရပ်မြင့်မြင့်နှင့် ချောမောလှပသူရယ်ပါ။

"ရန်ကုန်ကပဲလား"

မင်းဇညားကို ပြုံးရွှင်ဖော်ရွေစွာ ဆီးကြိုလိုက်သည်။

"ဟုတ်တယ် မေမေ၊ သူက ရုပ်ရှင်မင်းသား မင်းဇညား လေ၊ နာမည်ကြီးမင်းသားတစ်ယောက်ပေါ့"

"သြော် ဟုတ်လား၊ ဒါဖြင့် သမီးမိတ်ဆွေပေါ့"

"ဒီမှာ ပြန်ဆုံကြတာပါ မေမေ၊ ရန်ကုန်မှာ မရင်းနှီးကြပါဘူး၊ တစ်ခါမှလည်း တွဲမရိုက်ခဲ့ဖူးဘူး"

မမ အမှန်အတိုင်း ပြောနေမိသည်။

မေမေက မမ ပြောသမျှ နားထောင်ပြီး အဆန်းတကျယ် ဖြစ်နေလေသည်။

"လာ ထိုင် မောင်ရင် ... ကြီးကြီးတို့က ခင်မင်တတ်ပါတယ်ကွယ် ... သမီးက မင်းသမီးဆိုတော့ ရန်ကုန်



www.burmeseclassic.com

www.burmeseclassic.com

မှာ သူ့ဒေါ်လေးနဲ့ နေတယ်၊ ကြီးကြီးကတော့ ရွာကို မခွဲနိုင်လို့ ဒီမှာပဲ နေတယ်လေ"

မင်းဗညားသည် ညှော်ခန်းအပြင်အဆင်ကို ကြည့်ပြီး သူ့မျက်လုံးတွေထဲမှာ ထူးဆန်းနေရသည်။

ညှော်ခန်းထဲရှိ အသုံးအဆောင် ပစ္စည်းပရိဘောဂ အားလုံး ကြိမ်ဖြင့် ပြုလုပ်ထားသည်။

ညှော်ခန်းထဲတွင် ရှေးဟောင်းပတ္တလားတစ်လုံးကိုလည်း တွေ့ရ၏။

"မြင့်ရေ ကိုဗညားအတွက် စားစရာ တစ်ခုခု လုပ်ခဲ့ပါကွယ်"

မမ လှမ်းပြောလိုက်သည်။

မမ စကားအဆုံးမှာ မေမေက ...

"နေ့လည်စာ စားချိန်ရောက်နေပြီပဲကွယ်၊ မင်းသားလေးကို နေ့လည်စာကျွေးလိုက်ပေါ့" ဟု ပြောလိုက်သည်။

မေမေစကားကြောင့် ဘယ်လိုမှ မငြင်းသာတော့ပေ။ သူ့ကို နေ့လည်စာ စားသွားရန် စီစဉ်ရတော့၏။





"ကိုမင်းဗညား မေမေနဲ့ စကားပြောနေဦးနော်"

သူ့ကို မေမေနှင့် စကားပြောရန် ထားခဲ့ပြီး၊ မီးဖိုခန်းထဲ ကိုယ်တိုင် ဝင်လာခဲ့ရသည်။

"ညှော်သည်အတွက် ဘာရှိသလဲ မြင့်"

"ချဉ်ပေါင်ကြော်နဲ့ ငါးဟင်းပဲ ရှိတယ် မမ၊ ပုစွန်ချဉ်သုပ်မလား၊ ချဉ်ပေါင်ကြော်က မနေ့ညက ကျန်တဲ့ဟင်းမို့ ညှော်သည်ကို မကျွေးတော့ဘူး"

"ပုစွန်ချဉ်သုပ်ပြီး ငါးပိတို့စရာရယ်၊ ဟင်းချိုတစ်ခွက်လည်း ချက်လိုက်လေ၊ ငါးဟင်းဆီပြန်နဲ့ဆိုတော့ လုံလောက်ပါ့"

နေ့လည်စာ ပြင်ဆင်ပြီးသောအခါ သူ့ကို တစ်ခါလည်း ဝင်စားရန် ဖိတ်ခေါ်လိုက်သည်။

ထိုစဉ် မောင်လေးနှစ်ယောက် ပြန်ရောက်လာကြသည်။

"မမကြီး မုန့်ဘိုးပေးဦး"

"ကျွန်တော် စက်ဘီးအသစ်လဲချင်တယ်"

အပြိုင်းအရိုင်း အရွယ်ရောက်နေကြပြီးဖြစ်သော

www.burmeseclassic.com

www.burmeseclassic.com



မောင်လေးနှစ်ယောက်က မော်လမြိုင် တက္ကသိုလ် တက်နေ
ကြပြီ။

ယနေ့ တနင်္ဂနွေ ကျောင်းပိတ်ရက်မို့ မြို့ထဲ လျှောက်
လည်ပြီး ပြန်ရောက်လာခဲ့ကြခြင်းပါ။

"ဆာပြီဗျာ မမေ၊ ဘာဟင်းလဲ"

"နေ့လယ်စာ စားကြမယ်ဗျာ"

နှစ်ယောက်ပြိုင်တူ ပြောလိုက်ကြသောကြောင့် မ
မျက်လုံး ပြူးသွားရ၏။

"ဟဲ ... ဒီမှာ ညှော်သည်ကို နေ့လည်စာ ကျွေးမ
နင်တို့ ပြီးမှ စားကြ"

"ဟုတ်ကဲ့ မမ"

"ရပါတယ် မမ"

အစ်မဖြစ်သူစကားကို ယဉ်ကျေးစွာ နားထောင်
သည့် လူရွယ်နှစ်ယောက်ကို မြင်မြင်ချင်းပင် မင်းဗညာ
ခင်မင်စိတ် ဝင်သွားမိသည်။

"ကိစ္စမရှိပါဘူး မမ၊ သူတို့နှစ်ယောက်ကိုပါ ကျွန်တေ



နဲ့အတူ ဝင်စားနိုင်းပါလား၊ ပျော်ပျော်ပါးပါးပေါ့"

ဟု သူပြောလိုက်သည်။

ချာတိတ်နှစ်ယောက်က သူ့ကို လှမ်းကြည့်ပြီး အံ့သြ
သွားကြသည်။

"ဟင် ကိုမင်းဗညားပါလား၊ ဟာ အစ်ကိုကို တွေ့ရ
တာ သိပ်ဝမ်းသာတာပဲ အစ်ကိုရာ၊ အစ်ကိုက ကျွန်တော်တို့
ဖေးဖရိတ်မင်းသားပဲ"

အကြီးကောင် မိုးနိုင်က အားရဝမ်းသာ ပြောလိုက်
သလို အငယ်ကောင် စိုးနိုင်ကလည်း အားကျမခံ ပြောလိုက်
သည်။

"ဟုတ်တယ် အစ်ကို၊ ကျွန်တော်တို့က အစ်ကိုကား
တွေဆိုရင် မပျက်မကွက် သွားကြည့်ကြတာ၊ အစ်ကို သရုပ်
ဆောင်မှုတွေကို အရမ်းကြွေတယ်၊ ဒါပဲနော် အစ်ကိုပြန်ရင်
အမှတ်တရ ဓာတ်ပုံပေးခဲ့ရမယ်"

မင်းဗညားကို ကြည့်ပြီး အားရဝမ်းသာမဆုံး ဖြစ်နေ



www.burmeseclassic.com

www.burmeseclassic.com



ကြခြင်းပါ။

“ကဲ . . . ကဲ နေ့လယ်စာ စားကြစို့လေ၊ ဗိုက် ဆာနေကြပြီ”

သူတို့မိခင် ပြောလိုက်မှပင် ထမင်းစားပွဲ ရှိရာသို့ ရောက်လာခဲ့ကြသည်။

“မမကော [illegible] ပါလား၊ ကျွန်တော့်အတွက် အမှတ်တရ [illegible]

[illegible] ကြည့်နေသည့် မမကို မင်းမှူးက [illegible] မေးမြန်းလိုက်ခြင်းပါ။

“ဟုတ်သားပဲ မမရဲ့”

[illegible] မမ [illegible] ထမင်းပွဲ [illegible] ဖြင့် ဆိုင်လိုက်၏။

“[illegible] မမ [illegible] နော် [illegible] ဖြစ်လို့ရှိ”

မိုးခိုင်အမေးကို နှစ်ယောက်စလုံး [illegible] ကြလေပြီ [illegible]

“ပရိဂျူဆာတွေက အတူတွဲရိုက်ဖို့ မငြားဖြစ်ကြသေး





ဘူးလေ၊ ဒါကြောင့် မတွဲဖြစ်သေးဘူး။ ဒီက ပြန်မှ အတူ တွဲရိုက်ကြမှာ” ဟု ပြောလိုက်သောကြောင့် ချာတိတ်နှစ် ယောက် ကျေနပ်သွားကြသည်။

“မမ နောက်ကို လိုက်လာတာလား”

မိုးခိုင်အမေးကြောင့် မမ အားတုံ့အားနာ ဖြစ်သွားရ သည်။

“[illegible] စပ်စုနေတာလဲ၊ ဒီရောက်မှ ဆုံကြတာ ပါ”

[illegible] ပြောလိုက်မှပင် ခေါင်းငုံ့ပြီး နှုတ်ဆိတ်စွာ စားသောက်နေကြသည်။

[illegible] ပြီးမှ မင်းမှူး မမြိန်ဖြစ်သေး [illegible] မိုးခိုင်တို့ ညီအစ်ကိုနှစ်ယောက်နှင့်အတူ ဂစ်တာတီး၍ သီချင်းဆိုနေသည်။

“မမတို့ ဖေဖေကော”

သီချင်းဆိုပြီး ခေတ္တနားနေစဉ် မေးလိုက်သည်။

“မမတို့ဖေဖေ ဆုံးသွားတာ ငါးနှစ်လောက်ရှိပြီ”



www.burmeseclassic.com

www.burmeseclassic.com

ကြီးကြီးရဲ့ သားသမီးတွေကို စောင့်ရှောက်နေရတာပါကွယ်"

မမခိုင်က ရှင်းပြနေ၏။

"ရန်ကုန်မှာ မမရဲ့ ညီမနှစ်ယောက် ရှိသေးတယ်"

"ဟင်"

"အိမ်က ဒေါ်လေးနဲ့ မတည့်ကြဘူး။ ဒေါ်လေးက စည်းကမ်းကြီးတော့ သူတို့အတွက် စိတ်မလွတ်လပ်ကြဘူးတဲ့ ကွယ်၊ အဲဒါ အပြင်ဆောင်ငှားပြီး နေကြတယ်၊ အလှပြင် ဆိုင်ဖွင့်ဖို့ သင်တန်းတက်နေကြတယ်လေ"

"မမတို့မှာ မောင်နှမတွေ အများကြီးပေါ့၊ ကျွန်တော် ကတော့ တစ်ဦးတည်းသားမို့ အဖော်မဲ့နေတဲ့သူပါ ခင်ဗျာ"

မမတို့ မိသားစုကို ကြည့်ပြီး သူ့ကိုယ်သူ အားငယ်နေမိ သည်။

"တစ်ယောက်တည်းဆိုတော့ နားလည်း မငြီးဘူးပေါ့ ကွယ်"

"ကျွန်တော်က ပျော်ပျော်ရွှင်ရွှင် သိုက်သိုက်ဝန်းဝန်း





နေချင်ပါတယ် ကြီးကြီး"

"ဒါဖြင့်လည်း ရန်ကုန်မပြန်ခင် ခဏခဏ အလည် လာပေါ့ကွယ် ဟုတ်လား"

"ဟုတ်ကဲ့ ကြီးကြီး။ ကျွန်တော့်ကို ပြန်ခွင့်ပြုပါဦး"

"ကောင်းပါပြီကွယ်"

မမနှင့် မိုးခိုင်တို့နှစ်ယောက်က သူ့ကို ခြံဝအထိ လိုက်ပို့ပေးကြသည်။

စိုးနိုင်က သူနှင့်အတူ ဘုန်းကြီးကျောင်းအထိ လိုက် သွားလေသည်။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၄)

"လှပတဲ့ စမ်းချောင်းလေး တစ်ခုရယ် ...
လှပတဲ့ အိမ်ကလေး တစ်ဆောင်ရယ် ...
သာယာတဲ့ တောကလေး တစ်ပုဒ်ရယ် ...
မွှေးပျံ့တဲ့ ပန်းခင်းလေး တစ်ခုရယ် ...



ပြီးတော့ ချောမောခံ့ညားပြီး ယောကျ်ားပီသတဲ့ အကြင်နာရှင် ချစ်သူတစ်ဦးရယ် ...

အဲဒါတွေ အားလုံး ကျွန်မအနားမှာ ရှိနေမယ်ဆိုရင် ကျွန်မရဲ့ ဘဝ ပြည့်စုံပါပြီလေ ...

မမတစ်ယောက်တည်း စမ်းချောင်းဘေးမှာ ထိုင်ပြီး စိတ်ကူးယဉ်နေမိခြင်းပါ ...

"ဟင်"

ထိုစဉ် စမ်းချောင်းအမြင့်ပိုင်းမှ မျောပါလာသည့် သစ်ရွက်လှေနှင့် ခေါင်ရမ်းပွင့် နီနီတွေကို တွေ့လိုက်ရသည်။

အနီရောင် ပန်းပွင့်လေးများနှင့် သစ်ရွက်လှေလေးကို ငေးကြည့်ရင်း မမ ရင်ခုန်လှုပ်ရှားသွားမိ၏။

မမ မျက်ဝန်းများက တစ်စုံတစ်ယောက်ကို ရှာဖွေနေမိ၏

သူ ...

မင်းဗညားရယ်ပါ ...

www.burmeseclassic.com

www.burmeseclassic.com

ရေတံခွန်ဘေး သစ်ပင်တွေကြားမှပုန်းကွယ်၍ သစ်ရွက်လှေကလေးနှင့် ပန်းပွင့်များကို မျှောချနေခြင်းပါ။

မမ မျက်ဝန်းလေးတွေ ဖိုဟိုသည်သည် ရှာနေမိ၏။ ပန်းပွင့်များ၏ ပိုင်ရှင်ကို ရှာနေခြင်းပါ။

သို့သော် ပန်းပွင့်များရှင်ကို ရုတ်တရက် မမြင်မတွေ့ရဘဲ ဂစ်တာသံ သဲ့သဲ့ကို ကြားလိုက်ရ၏။

When your eyes say it သီချင်းရယ်ပါ . . .

မမ မျက်နှာလေး တစ်ခုလုံး အပြုံးဖြင့် လှပသွားတော့၏။

ချောင်းအထက်ပိုင်း ကျောက်တုံးကြီးပေါ်မှာ သူ လာထိုင်ပြီး သီချင်းဆုံးအောင် ဂစ်တာတီးနေသည်။

အနီရောင် ကုတ်အင်္ကျီကို နက်ပြာရောင် ဂျင်းဘောင်းဘီရှည်ဖြင့် တွဲဝတ်ထားသည်။

"မမ"

ရေတံခွန်ပေါ်မှနေ၍ သူ အော်ခေါ်ရင်း လက်တစ်ဖက်ကို ဝှေ့ရမ်းပြလိုက်သည်။





မမ ငေးကြည့်နေမိစဉ်မှာပင် သူက မမအနီးသို့ ရောက်လာလေသည်။

"ချစ်ရတဲ့ မမ"

"ရှင်"

"မမကို ချစ်တယ်၊ သိပ်ချစ်နေမိပြီ မမ"

မမပခုံးနှစ်ဖက်ကို ဆုပ်ကိုင်ပြီး သူ ပြောလိုက်သည်။

မမ ရုတ်တရက် ငေးကြောင်နေမိစဉ်မှာပင် သူက မျက်နှာချင်း နဖူးချင်း ထိပစ်လိုက်၏။

"အိုး . . . ရှင် ဘာလုပ်တာလဲ၊ ဒါ ရုပ်ရှင်ရိုက်နေတာလို့များ အောင်းမေ့နေသလား"

သူ့ကို တွန်းပစ်ပြီး မမပြေးထွက်ခဲ့သည်။

"မမ"

ရေတံခွန်လေးဘေးမှာ အဝတ်လျှော်နေသည့် မြင့်မြင့်ဌေးတို့ အနီးသို့ မမရောက်လာခဲ့၏။

"ရှင် ခုထွက်သွားစမ်း။ ညီသည်ဆိုပြီး အရေးပေးလို့ လူကို မထီလေးစားနဲ့"



www.burmeseclassic.com

www.burmeseclassic.com



မမ ဒေါဖောင်းပြီး အသားတဆတ်ဆတ်တုန်မှု ဒေါသထွက်နေမိသည် မဟုတ်ပါလား ...

"မမ စကားကို တိုးတိုးပြောပါ၊ ကိုယ် တောင်းပန်ပါတယ် မမရယ်၊ မမကို ကိုယ် တကယ်မြတ်နိုးနေမိတာပါ"

မမ အနားမှာ လာရပ်ပြီး သူ ခပ်တိုးတိုး တောင်းပန်နေလေသည်။

"ရှင်က မမကို ဘယ်လိုယူဆနေသလဲ၊ ရှင်နဲ့မမ ခုမှ သိကြတာကို ရှင် ဒီလောက်အခွင့်အရေး မယူသင့်ဘူး"

မမ စကားကြောင့် သူ့မျက်နှာ တင်းသွားပြီး မမကို မျက်မှောင်ကုပ်၍ စိုက်ကြည့်သည်။

ပြီးတော့ ပြောသည်။

"ကိုယ့်ကို ရှင်းပြခွင့် မပေးတော့ဘူးလား မမ"

"မပေးတော့ဘူး"

"ကိုယ် မညာတတ်ဘူး မမ၊ မမကို တကယ်ချစ်ခဲ့မိတာပါ"





"ရှင့်စကားက ယုံစရာပဲ၊ မိန်းကလေးတစ်ယောက် ခုတွေ့ ခုကြိုက်ရသလား"

"မမ နားလည်ထားလိုက်ပါ၊ ကိုယ်ဟာ ကိုယ်မချစ် ဲ မိန်းကလေးတစ်ယောက်ကို လိမ်ညာပြီး အောက်ကျ ်ရေးဆိုတတ်တဲ့ ခပ်ညံ့ညံ့ ယောကျ်ားတစ်ယောက်မဟုတ် ိုတာပါပဲ မမ"

စကားဆုံးသည်နှင့် သူ ချာခနဲ လှည့်ထွက်သွားသော ကြောင့် မမ ဆွေ့ဆွေ့ခုန်မှု ဒေါပွပြီး ကျန်ရစ်ခဲ့လေသည်။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၅)

နောက်တစ်နေ့မှာပင် သူ ရန်ကုန်ပြန်သွားကြောင်း သိခဲ့ရသည်။

မမရင်မှာ ဟာပြီးကျန်ရစ်ခဲ့ရသည်။

သည်လူဟာ အတော်စိတ်တိုတတ်တဲ့ သူပါလား ...

မမကို နှုတ်ပင်ဆက်မသွားခဲ့ ...



မမရင်မှာ တင်းကျပ်နေမိသည် မဟုတ်ပါလား ...

နှုတ်ဆက်စကားလေးတော့ ပြောသွားသင့်ပါတယ် ကိုဗညားရယ် ...

မမ ရေတံခွန်နှင့် စမ်းချောင်းလေးရှိရာသို့ ရောက်တိုင်း သူ့ကို သတိမရဘဲ မနေနိုင်ပါ။

မင်းဗညား

မင်းဗညား

သူ့ကို မမ မေ့မရနိုင်ပါလား ...

တကယ်တော့ သူနဲ့ မမဟာ ဝါသနာတူ လုပ်ငန်းတူ စိတ်ဆွေသူငယ်ချင်းတွေပါပဲ ...

သူဟာ နာမည်ကြီး ရုပ်ရှင်သရုပ်ဆောင် တစ်ယောက် ဖြစ်သလို မမဟာလည်း နာမည်တက်ကာစ သရုပ်ဆောင် မင်းသမီး တစ်ယောက်ရယ်ပါ ...

မမကို သူက ချစ်သည်တဲ့ ...

မမ ရှက်ရှက်ဖြင့် သူ့ကို စိမ်းစိမ်းကားကား ရန်တွေ့ ခဲ့မိသည် မဟုတ်ပါလား ...



www.burmeseclassic.com

www.burmeseclassic.com



မမ ဈေးနှပ်လောက်အောင် ရှင်းပြခြင်းမရှိဘဲ ကျောခိုင်း ထွက်ခွာသွားခဲ့သည့် သူ့ကို မမ ဘယ်လိုများ ဘယ်လိုများ နားလည်ရမှာပါလိမ့် ...

"" မမ နားလည်ထားလိုက်ပါ၊ ကိုယ်ဟာ ကိုယ်မချစ်တဲ့ မိန်းမတစ်ယောက်ကို လိမ်ညာပြီး အောက်ကျခံချစ်ရေးဆိုတတ်တဲ့ ခမ့်ညံ့ညံ့ ယောကျ်ားတစ်ယောက် မဟုတ်ဘူးဆိုတာပါပဲ မမ ...

စကားဆုံးသည်နှင့် ချာခနဲ လှည့်ထွက်သွားသည့် သူ့ပုံစံကို ပြန်လည်မြင်ယောင်မိတိုင်း ရင်ထဲမှာ မခံမရပ်နိုင်လောက်အောင် ခံစားခဲ့ရသည် ...

သည်လိုနှင့် ရက်တွေ တစ်ရွေ့ရွေ့ကုန်ဆုံးခဲ့ပြီး တစ်လခန့် ကြာမှပင် မမတို့ ရန်ကုန်သို့ ပြန်လာခဲ့ကြသည်။

ရန်ကုန်လေဆိပ်ရောက်တော့ မမျှော်လင့်ဘဲ မင်းဇညာနှင့် ဆုံကြရသည်။

"မမ ဟိုမှာ ကိုမင်းဇညာ မဟုတ်လား"

မြင့်မြင့်ခွေးပြရာသို့ လှမ်းကြည့်လိုက်မိသည်။





သူက မော်ဒယ်မိန်းကလေးတစ်ယောက်ကို လေဆိပ်လာပို့ခြင်း ဖြစ်ဟန်တူသည်။

"မော်ဒယ်ဂဲ မဟုတ်လား"

"ဟုတ်တယ်၊ မော်ဒယ်လေး တစ်ယောက်ပဲ၊ နာမည်မကြီးသေး[illegible]တော့ မမှတ်မိဘူး"

မင်းဇညာက မမတို့ကို မြင်တော့ မမြင်ဟန်ဆောင်ပြီး ဆက်လျှောက်သွား၏။

ပြီးမှ ဘာစိတ်ကူးပေါက်သည် မသိ။

ပြန်လှည့်ပြီး လျှောက်လာသည်။

မမတို့ကို ကျော်အောင် ခြေလှမ်းကျဲဖြင့် လျှောက်လာပြီး ရှေ့မှ ကာဆီးရပ်လိုက်သည်။

"မမ"

"ဘာကိစ္စလဲ ကိုမင်းဇညာ"

"မမ မော်လမြိုင်က ပြန်လာတာထင်တယ်"

"ကျွန်မဘာသာ ဘယ်က ပြန်လာလာ ရှင်နဲ့ ဘာဆိုင်လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



အမြင်ကပ်ကပ်ဖြင့် ရန်တွေ့ပစ်လိုက်မိသည်။

"ကိုယ်က နှုတ်ဆက်တာပါ၊ ဒီလောက်လဲ ရှ

မနေပါနဲ့"

"ရှုပ်တယ် လာနှုတ်ဆက်မနေနဲ့"

"ညကျမှ ကိုယ်ဖုန်းဆက်လိုက်မယ်နော်"

မူမ ဘာမှ မပြောဘဲ လှည့်ထွက်ခဲ့၏။

မော်ဒယ် ခင်စိုးရီက မင်းဗညားအနီး ပြေးလာ

နှုတ်ခမ်းစူလိုက်သည်။

"ဟာ ကိုကိုကလဲ ... စိုး လေယာဉ်နောက်

နေမှာပေါ့၊ လေဆိပ်လိုက်ပို့တုန်း အသိနဲ့ တွေ့နေသလား

"သူ့ကို စိုး မမှတ်မိဘူးလား"

"သိပြီ မင်းသမီး ခင်မမရှင် မဟုတ်လား'

"ဒါနဲ့များဟာ နှုတ်ဆက်လိုက်ရောပေါ့"

"စိုးနဲ့မှ မသိတာ"

"ဟား ဟား နောက်တာပါကွ၊ လာ .. လာ လေယာ

ထွက်ချိန်နီးပြီ"



ခင်စိုးရီကို လေဆိပ်လိုက်ပို့ပေးပြီး လေယာဉ်ထွက်ချိန်အထိ စောင့်နေရ၏။

လေယာဉ်ထွက်သွားမှပင် သူ့ကားရှိရာ ပြန်လာခဲ့သည်။

ကားတံခါး ဖွင့်၍ ဝင်ထိုင်လိုက်ပြီး မောင်းထွက်လာခဲ့သည်။

ဘုရင့်နောင် အေးရိပ်မွန်လမ်းရှိ မမတို့ ခြံနှင့် နစ်ထပ်တိုက်ရှိရာသို့ ဦးတည့်ပြီး မောင်းနှင်လာခဲ့သည်။

ခြံတံခါးရှေ့တွင် ကားရပ်ပြီး ဘဲလ်တီးလိုက်၏။

သုံးမိနစ်ခန့် ကြာတော့ ခြံစောင့်ကြီး တစ်ယောက်ထွက်လာပြီး မေးသည်။

"ဘယ်သူနဲ့ တွေ့ချင်ပါသလဲ ခင်ဗျာ၊ ဘယ်သူဘယ်ဝါလို့ ပြောပြရမှာပါလိမ့်"

"မင်းသားဗညား အလည်လာတာပါလို့ ပြောလိုက်"

ခြံစောင့်ကြီးက သူ့ကို အကဲခတ်ကြည့်ပြီး ခြံထဲ ပြန်ဝင်သွားသည်။

နိုးနိုးစာပေ

www.burmeseclassic.com

www.burmeseclassic.com

(၅) မိနစ်ခန့် ကြာတော့ တံခါးလာဖွင့်ပေး၏။

လှပထည်ဝါသော နှစ်ထပ်တိုက်ကြီး ရှေ့တွင် သူ၏ Cruiser ကားကြီးကို ရပ်လိုက်ပြီး ဆင်းလာခဲ့သည်။

တိုက်အဝင်ဝတွင် မြင့်မြင့်ဒွေးက ကြိုဆိုနေ၏။

"ခုနကပဲ လေဆိပ်မှာ တွေ့ခဲ့တယ်၊ ညီသည် လာတယ်ဆိုတော့ ကိုဇွဲညားလို့ မထင်မိဘူးလေ"

"ဟုတ်လား၊ မမကော"

ဧည့်ခန်းထဲ လှမ်းဝင်လာရင်း သူမေးလိုက်မိ၏။

"မမ အပေါ်ထပ် တက်သွားပြီ၊ ဘာပြောစရာ ရှိလို့လဲ ကိုဇွဲညား ပြောစရာရှိရင် ဖုန်းနဲ့ ပြောလိုက်ပါ၊ ဒီမှာ အပေါ်ထပ်ကို ခေါ်လို့ရတဲ့ ဖုန်း"

ဧည့်ခန်းထောင့် စားပွဲရှည်တစ်ခုပေါ်တွင် ဖုန်းတစ်လုံး ရှိနေ၏။

အပေါ်ထပ်တွင်လည်း ဖုန်းရှိသည်မို့ ခေါ်ရတာ လွယ်သည်။

"ကိစ္စမရှိဘူး၊ ကိုယ့်ဆယ်လူလာနဲ့ မမဆီ ဆက်လိုက်မယ်"





မမဆယ်လူလာ နံပါတ်ကို စုံစမ်းထားပြီးပြီမို့ နှိပ်လိုက်၏။

သို့သော် မမက ဆယ်လူလာဖုန်း ပိတ်ထားသောကြောင့် ခေါ်၍မရပေ။

"ဘယ်လိုလဲ ခေါ်လို့ရလား"

"မရဘူး၊ မမ ဖုန်းပိတ်ထားတယ်"

"ဒါဖြင့် အပေါ်ထပ်က ဖုန်းကို ခေါ်လိုက်လေ" ဖုန်းနံပါတ်ကို မြင့်မြင့်ဒွေးက ပြောပြလေသည်။

"မမက ဆင်းမလာတော့ဘူးလား"

မျှော်လင့်ချက်ဖြင့် မေးလိုက်မိသည်။

"မမ ခရီးက ပြန်လာတိုင်း Rest ယူလေ့ရှိပါတယ်၊ ပြန်ဆင်းလာတော့မယ် မထင်မိဘူး"

"ဟင်း မောလိုက်တာ"

သူ ဖုန်းခွက်ကို ကောက်ကိုင်ပြီး အပေါ်ထပ်သို့ ခေါ်လိုက်သည်။

အခေါ်ဖုန်းမှ မမအသံကို ကြားရ၏။


www.burmeseclassic.com

www.burmeseclassic.com

အပေါ်ထပ်မှနေကာ မမ အိပ်ခန်းထဲတွင် ဖြစ်သည်။

"ဟယ်လို"

မမ၏ ကြည်လင်ချိုအေးသော အသံကို ကြားလိုက်ရသည်။

"မမ ... ကိုယ်ပါ"

"ဘယ်သူ ..."

"ကိုယ်လေ ... ကိုယ့်အသံကို မမ မှတ်မိတာ မဟုတ်ဘူးလား"

"မသိဘူး။ ရှင်ဘယ်သူလဲ"

"မမရဲ့ ဖုန်းနံပါတ်ကို မမ ပေးထားဖူးတဲ့ လူ ယောက်ဖြစ်မှာပေါ့"

"ကျွန်မ ဖုန်းနံပါတ် ပေးထားတဲ့ သူတွေက အ ကြီးပဲရှင့်၊ ရှင့်ကို ကျွန်မ မသိဘူး"

သူ ရုတ်တရက် ဘာမှ မပြောဘဲ တိတ်ဆိတ်သွား လေချွန်လိုက်၏။

ပြီးတော့ Heros and friends သီချင်းကို ညည်းလိုက်





"ဩော် လက်စပ်သပ်တော့ ရှင်ကိုး။ ဒီမှာ ရှင် ဘာကိစ္စ ဖုန်းဆက်နေရတာလဲ"

"မမနဲ့ တွေ့ချင်လို့ပါ၊ မမရဲ့ တိုက်အောက်ထပ် ဧည့်ခန်းထဲမှာ ကိုယ်ရောက်နေတယ်"

"ဟင်"

"မမနဲ့ တွေ့ချင်လို့ ကိုယ်ရောက်လာတယ်လေ"

မမ အံ့အားသင့်နေမိသည်။

ရင်ခုန်လှုပ်ရှားစွာဖြင့် ...

"ရှင် ... ရှင် ကျွန်မရဲ့ အိမ်လိပ်စာကို စုံစမ်းပြီး လာနှောင့်ယှက်တာလား" ဟု ပြောလိုက်မိသည်။

"လာမနှောင့်ယှက်ပါဘူး။ မမနဲ့ တွေ့ချင်လို့ စုံစမ်းထားတာပါ။ မမ ဆယ်လူလာ နံပါတ်လည်း ကိုယ်ရထားပြီးပြီ"

"ရှင့် ကျွန်မကို နှောင့်ယှက်ဦးမယ်ပေါ့"

"ဒီလိုထင်ရင် မှားမှာပေါ့ မမရဲ့၊ နှောင့်ယှက်မယ်လို့ မပြောစမ်းပါနဲ့၊ မမကို လက်ထပ်ခွင့် တောင်းချင်လို့ပါ"

"အို"

www.burmeseclassic.com

www.burmeseclassic.com



မမ ဖုန်းခွက်ကို ကိုင်လျက် ရင်ခုန်လှုပ်ရှားနေမိသည်။

"မမ"

"ပြော ..."

"ကိုယ့်ကို စိတ်ဆိုးသွားသလား မမ"

"စိတ်မဆိုးပါဘူး ဒါပေမယ့် ..."

"မယုံဘူး ဟုတ်လား။ ကိုယ်နားလည်ပါတယ်၊ ကိုယ်ဟာ မမနဲ့ ပတ်သက်လာတိုင်း အမြဲလိုလို ဆန္ဒစောခဲ့တဲ့ လူတစ်ယောက်ပဲလေ"

မမ တိတ်ဆိတ်ငြိမ်သက်ပြီး သက်ပြင်းရှိုက်နေမိသည်။ ဒါကို သူက ရိပ်စားမိပြီး ခပ်တိုးတိုး ရယ်မောလိုက်၏။

"ယုံလိုက်စမ်းပါ မမ၊ ကဲ ကိုယ်ပြန်တော့မယ်နော် ဘိုင့် ဘိုင်"

ဖုန်းခွက်ကို ရုတ်တရက် ချသွားသောကြောင့် မမ အံ့အားသင့်ပြီး ဖုန်းကို ချလိုက်မိ၏။

ပြီးတော့ အိမ်ရှေ့ဝရံတာသို့ ထွက်လာခဲ့မိသည်။





သူ အိမ်ကြီးထဲမှ ထွက်လာပြီး သူ၏ အနက်ရောင် nd Cruiser ကားကြီးပေါ် တက်၍ မောင်းထွက်သွားတာကို ာ်စိတစ်ဆုံး ငေးမောလျက် ကျန်ရစ်ခဲ့လေသည်။

"' နှောင့်ယှက်မယ်လို့ မပြောစမ်းပါနဲ့ ...

မမကို လက်ထပ်ခွင့် တောင်းချင်လို့ပါ ...

သူ့စကားသံက နားမှာ ဝေ့လာပြန်သည်။

"မယုံဘူး၊ မယုံဘူး ... မမ မယုံနိုင်ဘူး ကိုမင်း ား၊ ရှင်နဲ့ မမတို့ ဆုံတွေ့ခဲ့ကြရတဲ့ အချိန်တွေ စောပါ းတယ် ..."

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၆)

နောက်တစ်နေ့ နံနက်စောစောတွင် မမ၏ ခြံကျယ်ကြီးထဲသို့ သူ ရောက်လာခဲ့သည်။

သူ့ကားကြီး ရပ်လိုက်သည်နှင့် ကားပေါ်မှ သူ ပြုံးရွှင်စွာ ဆင်းလာသည်။

ညှိခန်းထဲရှိ စပါယ်ရှယ် ကော်ဖီစားပွဲတွင် ကော်ဖီ ဆိုင်သောက်နေရာမှ သူ့ကို မမ လှမ်းကြည့်လိုက်မိသည်။





သူက အစိမ်းရင့် ဘောင်းဘီရှည်ကို အညိုရောင် အွက်စိပ်ရှပ်လက်ရှည်ဖြင့် တွဲဝတ်ထားသည်။ ဘောင်းဘီခါးတွင် ဆယ်လူလာဖုန်းလေး ချိတ်ထားသည်။

သူ့လက်ထဲတွင် ရောင်စုံနှင်းဆီပန်းစည်းလေးတစ်ခုကို ကိုင်ထားပြီး အိမ်ကြီးထဲ လှမ်းဝင်လာ၏။

"မောနင်း မမ၊ မမကို တွေ့လိုက်ရလို့ ကိုယ် သိပ်ပျော်သွားပြီ"

"လာ . . . နံနက်စာ ကော်ဖီနဲ့မုန့် သုံးဆောင်ပါဦး"

သူက မမနှင့် မျက်နှာချင်းဆိုင် ဆိုဖာတွင် ဝင်ထိုင်လေသည်။

"ညက အိပ်ပျော်ရဲ့လား မမ"

မမထဲ့ပေးသည့် ကော်ဖီပန်းကန်ကို လှမ်းယူပြီး ခပ်ပြုံးပြုံး အမူအရာဖြင့် မေးလိုက်သည်။

"ဘာဖြစ်လို့ ခုလိုမေးတာလဲ ကိုမင်းဇေညာ။ အမှန် ပြောရရင် ဒီစကားကို ကျွန်မက ရှင့် မေးရမှာ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် အမှန်ဖြေရရင်တော့ ညက လုံးဝ အိပ် မပျော်ပါဘူးဗျာ"

"ရှင်"

"မမကို လက်ထပ်ခွင့် တောင်းခဲ့ပြီးမှ စိတ်လှုပ်ရှား လွန်းလို့ မအိပ်နိုင်ဘူးလေ၊ မမကော အိပ်ပျော်သလား"

"သိပ် အိပ်ပျော်တာပေါ့၊ ရှင် ပြောခဲ့တဲ့ စကားအတွက် မမ စိတ်မလှုပ်ရှားဘူး"

မမ တမင် ညာပြောလိုက်ခြင်းပါ။

အမှန်ပြောရလျှင် စိတ်လှုပ်ရှားလွန်း၍ တစ်ညလုံး မမ အိပ်မပျော်နိုင်။

"မမအတွက် ချစ်လက်ဆောင်ပါ မမ"

နှင်းဆီပန်းစည်းကို မမ လက်ထဲ တယုတယ လှမ်းပေး နေသောကြောင့် မမ ရှက်ရွံ့နေသည့် အမူအရာကို ဖုံးကွယ် ပြီး လှမ်းယူလိုက်ရသည်။

"ကျေးဇူး"

"မမ ပန်းတစ်ပွင့် ပန်ပြပါလား"





နှင်းဆီပန်းစည်းကို ငုံ့ကြည့်ပြီး မမ စဉ်းစားလိုက်မိ၏။ ပန်းတွေက အရောင်စုံလှသည် မဟုတ်ပါလား ...

"ပန်လိုက်လေ မမ"

"ဘယ်အရောင်ကို ပန်ရမှာလဲ ကိုမင်းစည်သူ"

"အဝါရောင်"

"ရှင်က အဝါရောင်ကို နှစ်သက်သလား"

"ကိုယ့် ဖေးဖရိတ် အရောင်ပဲလေ"

"ဒါဖြင့် မမက အဝါရောင် အပွင့်လေးပန်ရမယ် ပါတော့"

သူ ပြုံး၍ ခေါင်းညိတ်သည်။

အဝါရောင် နှင်းဆီပန်းလေးကို မမ ယူပြီး ဆံထုံးဘေး ှင် ပန်ဆင်လိုက်သည်။

"မမ ကိုယ့်အချစ်ကို လက်ခံတယ် မဟုတ်လား"

"ဟင်"

"ဒီပန်းလေးကို ပန်ပြတာဆိုတော့ ..."

"အို ဘာဆိုင်လို့လဲ၊ ရှင့်ရဲ့ လက်ဆောင်မို့ အားနာ ီး ပန်ပြတာပါ"



www.burmeseclassic.com

www.burmeseclassic.com



မမ စိတ်ဆိုးသလို နှုတ်ခမ်းစူလိုက်မိ၏။

"မမ"

"ဘာလဲ"

"ကိုယ်က ဟန်မဆောင်တတ်ဘူး၊ သည်လိုပဲ ကိုယ်ချစ်တဲ့ မိန်းကလေးကိုလဲ ဟန်ဆောင်မှု ကင်းစေချင်တယ်"

"ရှင် ကော်ဖီသောက်ပါဦး၊ ပြီးတော့ မုန့်စား"

"ကိုယ် ကော်ဖီသောက်ဖို့ လာတာမှ မဟုတ်တာ"

"ဒါဖြင့် ပြန်"

သူ ခပ်တိုးတိုး ရယ်မောလိုက်၏။

"ကိုယ် တကယ်ထပြန်သွားရမလား မမ၊ နောက်မှ ငိုမနေနဲ့နော်"

"ဘာလို့ငိုရမှာလဲ ... ရှင်က ရှင့်ကိုယ်ရှင် သိပ် အထင်ကြီးတာပဲနော်၊ ကျွန်မဘဝမှာ ယောကျ်ားလေး သူငယ်ချင်းတွေ အများကြီးပဲ"

"ချစ်သူတွေလား"

"ကျွန်မကို ချစ်နေတဲ့လူတွေ"





"အဲဒီလူတွေနဲ့ ကိုယ့်ကို မနှိုင်းစမ်းပါနဲ့ မမ၊ ကိုယ်က မမကို မင်းသမီးတစ်ယောက်အနေနဲ့ ချစ်ခဲ့တာမဟုတ်ဘူး သိလား"

"ဘယ်လို"

သူ့စကားကြောင့် မမ အလွန်အမင်း အံ့သြနားမလည်နိုင် ဖြစ်သွားသည်။

"ကိုယ်ချစ်နေတာ၊ 'ချစ်ခဲ့ရတာ' မမဆိုတဲ့ ကျေးတောသူလေးကိုပါ မမ၊ ခင်မမရှင်ကို မဟုတ်ဘူး"

သူ့မျက်နှာက လေးနက်တည်ငြိမ်သောအသွင်ကို ဆောင်နေသောကြောင့် လိမ်ညာပြောနေတာ မဖြစ်နိုင်ပါ။

"တကယ်ပြောတာပါ မမ၊ တစ်နေ့တော့ မမတို့ ရွာက ရေတံခွန်လေးနဲ့ စမ်းချောင်းလေးဆီ ကိုယ်ပြန်သွားဖို့ ဆုံးဖြတ်ခဲ့တယ်၊ မမနဲ့ အတူ ရုပ်ရှင်တစ်ကား ရိုက်ကြမယ်၊ မမနဲ့ ကိုယ် စပြီးဆုံတွေ့ခဲ့ကြတဲ့နေ့က ပုံစံအတိုင်း မမကို ကျေးတောသူလေးတစ်ယောက်အဖြစ်နဲ့ သရုပ်ဆောင်ခိုင်းမှာ...၊ ချစ်စရာ ကျေးတောသူလေး မမရဲ့ပုံစံလေးကို ကိုယ်မမေ့ ရဘူး"



www.burmeseclassic.com

www.burmeseclassic.com



မမ နားထောင်နေရင်း စိတ်မရှည်တော့သလို ပြော လိုက်သည်။

"ကိုဗညား မောနေရောပေါ့၊ ရော့ ကော်ဖီသောက် လိုက်ပါဦး။ ရှင့်ကိုတော့ သနားတယ်"

သူက ကော်ဖီတစ်ငုံမော့ချလိုက်၏။

ပြီးတော့ မေးသည်။

"ဘာဖြစ်လို့ သနားတာလဲ"

"နာမည်ကြီး မင်းသမီး ခင်မမရှင်ကို စိတ်မဝင်စား ဘဲ ကျေးတောသူလေး မမကို စိတ်ဝင်စားတယ်ဆိုလို့ သနားတာပါ"

"အမှန် ပြောနေတာပါ၊ မမ စိတ်ဆိုးသလား"

"ဒါဖြင့်လဲ လွယ်ပါတယ်၊ ကျေးတောသူတစ်ယောက် ရှာပြီး အမြန်ဆုံး လက်ထပ်လိုက်ပေါ့"

"သည်လိုတော့ မလုပ်ပါနဲ့ မမရယ်၊ မမလို မချော ရင် ဘယ်နှယ့် လုပ်မလဲ"





"ရှင်ဟာလေ လျှာမှာအရိုးမရှိတိုင်း ပြောချင်တာ ပြောနေတယ်၊ ဒါနဲ့ မေးရဦးမယ်၊ ရှင်က ဆရာဝန်မင်းသား မဟုတ်လား"

"ဟုတ်တယ်၊ ကိုယ်အခု အလုပ်သင်ဆရာဝန်အဖြစ်နဲ့ ရန်ကုန်ဆေးရုံကြီးမှာပဲ တာဝန်ကျနေတယ်"

"ရှင်ဆရာဝန်ဖြစ်တဲ့အခါ နယ်သွားရမှာပေါ့"

"မော်လမြိုင်မြို့အနီးက မမတို့ရွာကလေးကို အရောက်သွားပြီး ဧကျူးလက်ဆေးပေးခန်း ဖွင့်မယ်လေ၊ မမက နာ့စ်လုပ်ပေါ့"

"နာ့စ်လုပ်ဖို့ ဟုတ်လား။ မသနာမပါဘူး"

"ဒါဖြင့် ဆရာဝန်မင်းသားကတော် လုပ်ပေါ့"

သူ့စကားကြောင့် မမ မျက်စောင်းချိတ်လိုက်သည်။

ထိုစဉ် တယ်လီဖုန်းသံ မြည်လာ၏။

တင်အေးမြင့် ဖုန်းလာကိုင်ပြီး ပြောလိုက်သည်။

"မမ ဖုန်းလာတယ်၊ ဖရိုဂျူဆာ ဒေါ်ခင်မနိုင်ဆီက ဖုန်း"



www.burmeseclassic.com

www.burmeseclassic.com

"Cordless Phone ယူလာခဲ့"

Cordless Phone လေးကို မမထံ ယူလာပြီး ပေးလိုက်၏။

မမ ဖုန်းပြောနေစဉ် သူက မမ မျက်နှာလေးကို မမိတ်မသုန် ငေးကြည့်နေသည်။

ဖုန်းပြောပြီးသည်နှင့် မမ အရေးတကြီး အမူအရာဖြင့် . . .

"ကျွန်မ အရေးတကြီး ရိုက်ကွင်းသွားရတော့မယ်။ ရှင် ပြန်တော့" ဟု ပြောလိုက်၏။

"ကိုယ်လဲလိုက်မယ်"

"ရှင်လိုက်ခဲ့လို့ ဘယ်ဖြစ်မလဲ"

"ကိုယ့်ကားနဲ့ကိုယ် လိုက်ခဲ့မှာ"

"ရှင်နဲ့ ကျွန်မကို လူတွေက ဘယ်လို ထင်ကြမလဲ။ အားလုံး အမြင်လွဲနေပါ့မယ်"

"ဘာပဲဖြစ်ဖြစ် ကိုယ်လိုက်ခဲ့မှာပဲ"

"လိုက်လိုက် သည်လောက်ဖြစ်လှတာ တစ်နေ့လုံး လျှောက်လိုက်"





မမ စိတ်တိုတိုဖြင့် ပြောလိုက်မိသည်။

သူက ရယ်ကျဲကျဲ အမူအရာဖြင့် ဆိုဖာပေါ် ပစ်မှီပြီး ထိုင်နေသည်။

"ကျွန်မ စကားပြောဖို့ အချိန်မရှိတော့ဘူးရှင့်"

မမ စကားဆုံးသည်နှင့် ထိုင်ရာမှ ထလာခဲ့၏။ အိမ်ကြီးအပေါ်ထပ်သို့ တက်လာခဲ့ခြင်းပါ။

ရှုတင်သွားရန် မြင့်မြင့်ဌေးက ပြင်ဆင်နေသည်။

သားရေ ဆွဲသေတ္တာထဲသို့ မမလိုအပ်မည့် အဝတ်အထည်နှင့် အသုံးအဆောင် ပစ္စည်းအချို့ကို ထည့်ပြီး အဆင်သင့် ပြင်ထားလေသည်။

မမ ရေချိုးပြီး မိတ်ကပ်ပါးပါး လိမ်းလိုက်၏။

ဆံပင်ကို ပဝါပါးပါးဖြင့် စည်းလိုက်ပြီး ထက်အောက် ဆင်တူ ဝတ်စုံပျော့ပျော့လေးကို ဝတ်ဆင်လိုက်သည်။

"တင်အေးမြင့် သွားကြစို့ဟေ့"

အောက်ထပ်ဆင်းလာပြီး မြင့်မြင့်ဌေး အသံပြုလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



မင်းဗညားကို ဆိုဖာပေါ်တွင် စိတ်ရှုပ်လက်ရှုပ် ထိ

စောင့်နေတာ တွေ့လိုက်ရ၏။

"ရှင် မပြန်သေးပါလား ခက်တာပဲ"

"ကိုယ် ခင်းနဲ့အတူ ရှတင်လိုက်မယ်လေ"

"ဒီမှာ ကျွန်မတွဲရိုက်ရမယ့် မင်းသားက ရှင်မှမဟုတ်

တာ၊ ရှင် ဘာဖြစ်လို့ လိုက်နှောင့်ယှက်ချင်ရတာလဲ"

"ကိုယ် မနှောင့်ယှက်ပါဘူး။ ချစ်တဲ့သူလေး မျက်နှာ

တစိမ့်စိမ့် လိုက်ကြည့်မှာ"

မမ ဘာမှ မပြောတော့ဘဲ အိမ်ထဲမှ ထွက်လာသည်

ပြီးတော့ သူမ၏ ကိုရိုလာကားပေါ် တက်လိုက်သည်။

မြင့်မြင့်ဌေးနှင့် တင်အေးမြင့်တို့နှစ်ဦး မမနှင့်အတ

ကားပေါ်လိုက်တက်ကြရင်း မြင့်မြင့်ဌေး ပြောလိုက်သည်

"မမ အန်တီညိုသာ တရားဝင်ရာက ပြန်လာ

မလွယ်ဘူးနော်၊ ဒီလူလုပ်ပုံတွေ ဘဝင်ကျနိုင်မှာ မဟုတ်ဘူ

အပြတ်ကို ရှောင်းထုတ်မှာ သေချာတယ်၊ သူက ရဲတ

လွန်းတယ်နော်"



"ဟုတ်တယ် သူ့ရဲတင်းလွန်းလို့ ငါလည်း ဘဝင်

မကျဘူး"

မြင့်မြင့်ဌေးစကားကို သူမ ထောက်ခံလိုက်မိသည်။

ကားမှန်မှတစ်ဆင့် နောက်မှလိုက်လာသည့် သူ့ကား

ကို မြင်တွေ့နေရသည်။

"ဘယ်လိုလူလဲ မသိဘူး၊ ပြောရခက်လိုက်တာ"

ကားမောင်းလာရင်း မမ စိတ်တိုနေမိသည်။

သူ တကယ်ပဲ ရိုက်ကွင်းအထိ လိုက်လာစေဦးမှာလား

...ဟု တွေးပြီး စိတ်တိုနေမိခြင်းပါ။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၇)

မမ ရိုက်ကွင်းရောက်တော့ အားလုံး အံ့သြနေကြသည်။

"ဟင် မင်းသားမင်းဗညားလဲ ပါလာတာကိုး၊ အတော်ပဲ မင်းသားရေ ရှင့်ကို ကမ်းလှမ်းထားတဲ့ ဇာတ်လမ်းကို ကြိုက်ရဲ့လား"

ပရိုဂျူဆာ ဒေါ်ခင်မနိုင်က မင်းဗညားကို ဖော်ရွေစွာ ဆီးကြိုလိုက်သည်။





အံ့သြစရာ မလိုပါ။

နာမည်ကြီး မင်းသားတစ်ယောက်မို့ ပရိုဂျူဆာများ ဝိုင်းဝိုင်းလည်နေသည် မဟုတ်ပါလား ...

"လွန်ခဲ့တဲ့ ဆယ်ရက်လောက်က ဒေါ်ခင်မနိုင် လာပေးသွားတဲ့ ဝတ္ထုလား၊ ဇာတ်လမ်းအရ ကောင်းပါတယ်၊ မင်းသမီးကော ရွေးပြီးပြီလား"

"မင်းသမီး ရွေးနေတုန်းပါပဲ၊ အဟဲ ဟဲ ခင်မမရှင်ကိုပဲ ရွေးလိုက်မယ်လေ၊ မကောင်းဘူးလား"

"အိုကေ ... အိုကေ၊ ဒီကိစ္စအတွက် မမနဲ့ အေးအေးဆေးဆေး ဆွေးနွေးလိုက်မယ်၊ ဘယ်နှယ်လဲ"

"ကောင်းပြီ ဒေါ်ခင်မနိုင်"

ရိုက်ကွင်းတွင် ဒါရိုက်တာ ဇာတ်ညွှန်းဆရာနှင့် မင်းသား မင်းသမီး ဇာတ်ရုံတွေ စုံလင်နေကြပြီမို့ ထိုနေ့အတွက် ရှုတင်စရန် အဆင်သင့်ဖြစ်နေကြပြီ။

"ကိုမင်းဗညား ကျွန်တော့်ရှုတင်ကို လာလေ့လာတာလား"



www.burmeseclassic.com

www.burmeseclassic.com



မင်းသား မိုးအောင်အောင်က မင်းဗညားအား လှမ်း

နှုတ်ဆက် နောက်ပြောင်နေသောကြောင့် သူက . . .

"ဟုတ်တယ်ဗျာ၊ ခင်ဗျားရဲ့ အကာယံဒမီ ရိုက်ကွင်း

တွေ လှေလာချင်တာနဲ့ လာခဲ့တာပဲ" ဟု အလိုက်သင့်

ပြန်လည်နောက်ပြောင်လိုက်သည်။

"ကဲ . . . ကဲ စမယ်"

ဒါရိုက်တာ၏ စကားအဆုံးတွင် မင်းသားနှင့် မင်းသမီး

တို့ တစ်နေရာတွင် ချိန်းပြီး ပြသနာတစ်ခုကို ဖြေရှင်း

ကြသည့် ရိုက်ကွက်ကို စတင်လိုက်သည်။

မမသည် နက်ပြာရောင် ထက်အောက်ဆင်တူ ဝတ်

ဆေးဖြင့် ဆံပင်ကို ဖြန့်ချထားပြီး သူ့ကားကို မှီပြီးရပ်

လျက် နှုတ်မှ ပြောနေ၏။

"ရှင်နဲ့ ဆောင်းကို ကျွန်မ မြင်ခဲ့ရပေါင်း များလှ

သည်လို့ပဲ ရှင်တို့ တစ်တွဲတွဲ လုပ်နေသမျှ ခွင့်လွှတ်ထား

မှာလား မောင် ပြောပါဦး"





"ဒါတော့ ဘယ်တတ်နိုင်ပါမလဲ သင်းရယ်၊ ဆောင်းနဲ့

မောင်က ငယ်သူငယ်ချင်းတွေလေ"

မမမျက်နှာကို မော့ပြီး လှောင်ပြောင်ရယ်မောလိုက်

သည်။ ပြီးတော့ မခံချိမခံ့သာ ပုံစံဖြင့် ပြောသည်။

"ငယ်သူငယ်ချင်းတွေ ဟုတ်လားမောင်၊ ငယ်ချည်စား

တွေ မဟုတ်ဘူးလား"

"ဘယ်လို မေးလိုက်တာလဲ သင်း"

"သင်းရင်ထဲမှာရှိတဲ့အတိုင်း မေးလိုက်တာလေ၊ မောင့်

ရင်ထဲ ရှင်းနေရင် မခံနိုင်စရာ မရှိပါဘူး"

"ဆောင်းနဲ့မောင်က ငယ်သူငယ်ချင်းတွေ၊ တစ်မြို့

တည်း၊ တစ်ကျောင်းထဲမှာ အတူတူ ကျောင်းတက်ခဲ့ကြ

တယ်၊ လုပ်ငန်းခွင်ဝင်တော့လည်း ကုမ္ပဏီတစ်ခုထဲမှာ

အတူတူ အလုပ်ရခဲ့ကြတယ် သင်း။ ဒါကြောင့် သူနဲ့မောင်

ရင်းနှီးနေခဲ့ကြတာပါ၊ တစ်တွဲတွဲ ဖြစ်နေတာ မဟုတ်ဘူး။

တွဲမိနေကြတာပါ"



www.burmeseclassic.com

www.burmeseclassic.com



"ရှင်က လျှာမှာအရိုးမရှိတိုင်း ဆင်ခြေတွေ ပေးနေလဲ ကျွန်မက လက်မခံနိုင်တော့ဘူး ကိုဦးဝေ"

"ဒါဖြင့်လဲ သင်း ကြိုက်သလို ဆုံးဖြတ်နိုင်ပါတယ် သင်း"

မင်းသားစကားအဆုံးမှာ မင်းသမီး အံ့သြတုန်လှုပ် သွားပြီး ဆတ်ဆတ်ခါမျှ နာကြည်းသွားပုံက သရုပ်ပါလှ၏။

"ရှင် ... ရှင် ပြောထွက်လှချည်လား၊ ကျွန်မ ကြိုက်သလို ဆုံးဖြတ်ရမယ် ဟုတ်လား ...၊ ရပါတယ် ကျွန်မ ကြိုက်သလို ဆုံးဖြတ်မှာပါ၊ ကျွန်မရဲ့ ဆုံးဖြတ်ချက် ကတော့ ဒါပဲ"

"ဖြန်း"

မင်းသမီး၏ ညာဘက်လက်တစ်ဖက် မြောက်တက် သွားပြီး မင်းသားပါးပြင်တစ်ဖက်ပေါ် ရိုက်ချလိုက်သည်။

မင်းသား မိုးအောင်အောင် ပါးတစ်ဖက် စပ်ဖျဉ်းနာကျင် သွားရသည်။

"သင်းသင်း မင်းလုပ်ရက်လှချည်လား၊ ငါ့အမေ တောင် မရိုက်ခဲ့တဲ့ ငါ့ပါးကို မင်းက ရက်ရက်စက်စက်





ရိုက်ရသလား" ဟု ခံပြင်းနာကျင် ပေါက်ကွဲစွာ ပြောလိုက် သည်။

"အဲဒါ အချစ်ကို သစ္စာဖောက်တဲ့ ရှင့်အတွက် ဆုလာဘ်ပဲ၊ ကျွန်မနဲ့ရှင် တွေ့ဆုံခြင်းဟာ ဒီနေ့ နောက်ဆုံးပဲ ဆိုတာ မှတ်ထားလိုက်ပါ ကိုဦးဝေ"

စကားဆုံးသည်နှင့် မင်းသမီး ကားပေါ်တက်၍ မောင်း ထွက်သွားလေသည်။

မင်းဗညား သူ့ပါးပြင်တစ်ဖက်ကို သူ ပွတ်သပ်ပြီး ငြိုးနေမိသည်။

မမက လက်ကို ယဉ်နေတာပဲ ...

မင်းသား ပါးပြင်ကို ရိုက်သွားပုံက သဘာဝကျကျ သရုပ် ထွလှ၏။

"ဘယ့်နှဲ့ ကိုမိုးအောင်အောင် ခင်ဗျားအစား ကျွန်တော် ကြက်သီးတောင် ထမိပါရဲ့၊ ပါးကို စပ်ဖျဉ်း ပူထူသွားမှာပဲ နော်၊ မင်းအာမီး ကြည့်ရတာ လက်ယဉ်နေပုံရတယ်"



www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်ပါရဲ့ဗျာ၊ ကြောက်စရာကြီး ... ဒီမင်းသမီးနဲ့ ပါးရိုက်ခန်း ဒီတစ်ခါပဲ ကြုံဖူးတယ်၊ လူကို အီဆိမ့်သွားတာပဲဗျာ"

မင်းသား မိုးအောင်အောင် သူ့ပါးပြင်တစ်ဖက်ကို ပွတ်သပ်ပြီး မချိသွားဖြဲပြောနေခြင်းပါ။

"ကိုယ်တော့ အဲဒီ မင်းသမီးနဲ့ ရိုက်မယ့် ဇာတ်ကားမှာ ပါးရိုက်ခန်းပါရင် ပယ်ချပစ်လိုက်မှာပဲ၊ တစ်ခြားဇာတ်လမ်းတစ်ခု ထပ်ရှာနိုင်းမယ်"

... ဟု သူပြောလိုက်ပြီး ပန်းနှစ်ဘက်တွန့်လိုက်သည်။

"ဒါနဲ့ မေးရဦးမယ်၊ ခင်ဗျားနဲ့ မင်းသမီး ဘယ်လိုလဲဗျ၊ ဒီကနေ့ ရှုတင်ကို ခင်ဗျားပါလာတာ မြင်တော့ ကျွန်တော် အံ့သြနေမိတယ်"

မင်းသား မိုးအောင်အောင် စပ်စပ်စုစု မေးနေသောကြောင့် သူရယ်မောလိုက်ပြီး ...

"သူ့ကို ကိုယ်က ပရိုပို့စ် လုပ်ထားတာပါ"





"ဟုတ်လား၊ ဒါဖြင့် ကျွန်တော်နောက်ကျသွားပြီပေါ့၊ ကျွန်တော်လည်း သဘောကျနေတာဗျ ဟဲဟဲ၊ ဒါပေမယ့် ခုနက ရိုက်ကွက်မျိုး လက်တွေ့ကြုံမှာ ကြောက်တယ်"

နှစ်ယောက်ရယ်မောနေမိကြစဉ် မမကားက ပြန်ရောက်လာသည်။

"ကဲ မင်းသမီး အင်းလျားကန်ဘေးက ရွှေအင်းလျားဆိုင်မှာ မင်းသမီးနဲ့ မင်းသား အတွဲဆုံတဲ့ ရိုက်ကွက်ကို ဒီနေ့ တစ်ခါတည်း ဖြတ်လိုက်ချင်တယ်၊ ဖြစ်သလား"

ဒါရိုက်တာ အမေးကို မမ ခေါင်းညိတ်လိုက်သည်။

အင်းလျားစောင်းသို့ အားလုံး လာခဲ့ကြရသည်။

မမတို့အဖွဲ့နောက်သို့ သူပါ လိုက်လာခဲ့ပြန်သည်။

အင်းလျားရောက်တော့ ဒေါ်ခင်မနိုင်က သူနှင့် နောက်ဇာတ်ကားတစ်ခုအတွက် စကားပြောနေသည်။

ဒေါ်ခင်မနိုင် ပြောတာတွေ စိတ်မဝင်စားလှဘဲ မင်းသမီးရှုတင်ကိုသာ စိတ်ဝင်တစား ငေးနေမိသဖြင့် ဒေါ်ခင်မနိုင်ပင် ရိပ်မိလာလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"မင်းသားက မမကို အတော်စိတ်ဝင်စားနေပုံရတယ် သတိလည်း ထားဦးနော် မင်းသား"

"ဘာဖြစ်လို့လဲ"

"မနိုင်က မင်းသားမိဘတွေနဲ့ပါ ရင်းနှီးနေကြ သူတွေဆိုတာ ကြိုတင်သတိပေးထားရဦးမယ်"

"ဘာများလဲခင်ဗျာ"

"ဒီလိုပါ၊ မမနဲ့ ပတ်သက်ပြီး မင်းသား သိထားရမှာ မမဟာ မောင်နှမများတယ်၊ ညီအစ်မတွေ မောင်တွေ သူပဲ ဒိုင်ခံရှာကျွေးနေရတာလေ။ မင်းသား မိဘတွေ ချေးထူပါဘိသနဲ့၊ မင်းသားကို တော်ရုံ မိန်းကလေး သဘောတူပါ့မလား"

"သူလည်း မင်းသမီး တစ်ယောက်ပါပဲဗျာ"

"ဒါဆိုလည်း ပြီးတာပါပဲ"

ရွှေအင်းလျားရိုက်ကွင်း ပြီးသည်နှင့် မမတို့သုံးယော ပြန်သွားကြသည်။

"ကိုယ် ပြန်တော့မယ်နော် မမ၊ ညမှ ဖုန်းဆက်မယ်





မမကို နှုတ်ဆက်ပြီး သူလမ်းခွဲလာခဲ့၏။

မမတစ်နေ့လုံး စိတ်လှုပ်ရှား နေမိတာအမှန် ...

ရိုက်ကွင်းသို့ သူလိုက်ပါလာခဲ့သောကြောင့် ပတ်ဝန်းကျင် အထင်အမြင် လွဲခဲ့ကြတာလည်း အမှန်ပင်။

သူ့ကို စိတ်တိုနေမိသော်လည်း မမ နှလုံးသားထဲမှာ သူက ခိုဝင်ရောက်ရှိနေခဲ့ပြီ မဟုတ်ပါလား ...

မင်းဗညား ... မင်းဗညား

တကယ်တော့ ရှင် ကလေးဆိုးကြီးတစ်ယောက်လိုပါပဲ နှုတ်တရွတ်နိုင်လွန်းတယ် ...

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၈)

ငါနလုံးသားထဲကနေ သူ့ကို ဘာဖြစ်လို့ မေ့မျောကျ
လို့ မရနိုင်တာလဲ ...

မမ သူ့အကြောင်းတွေးမိတိုင်း ရင်ခုန်မိသည်။

တီ .. တီ .. တီ .. တီ

မမ၏ ဆယ်လူလာဖုန်းလေး မြည်လာသည်။





"သူ ... သူပဲလား ..."

ဖုန်းကို နားမှာကပ်ရင်း အဆောတလျင် တွေးလိုက်မိ၏။

"ဟလို"

"ဟလို မမ"

"ရှင့်ဆီက ဖုန်းမှန်းသိနေတယ်"

"မမ ဘာလုပ်နေလဲ"

"ကျွန်မ Dialogue တွေ အလွတ်ပြောကြည့်နေတယ်လေ၊ မနက်ဖြန် ရှုတင်အတွက်ပေါ့"

"ကြိုးစားလှချည်လား မမ၊ ဒါနဲ့ ကိုယ်နဲ့မမ ဇာတ်ကား တစ်ခု တွဲရိုက်ကြဖို့ ခေါ်ခင်မနိုင်က ကမ်းလှမ်းခဲ့တယ်လေ"

"ကျွန်မ သိပြီးပါပြီ ကိုမင်းဗညား"

"မမလည်း သဘောတူတယ် မဟုတ်လား"

"စောစောကပဲ ဒေါ်ခင်မနိုင်ဆီက ဖုန်းလာပြီးပါပြီ၊ ကျွန်မ သဘောတူလိုက်တယ်"

"ကျွန်မဆိုတော့ သူစိမ်းမဆန်လွန်းဘူးလား၊ ကိုယ့်ကိုလည်း မင်းဗညားတဲ့၊ တစ်ခုခု ပြောင်းခေါ်ပါလား"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လို"

"မင်းဗညားအစား တစ်ခုခု ပြောင်းခေါ်ပါလို့"

"ဒါဖြင့် ခပ်တိုတို တစ်လုံးပဲ ခေါ်မယ်"

"ကောင်းပါပြီဗျာ ဘယ်လိုလဲ"

"ကိုညား"

"ဟာဗျာ ဒီလိုတော့ မနော်က်ပါနဲ့"

"ဒါဖြင့် ပြောလေ ဘယ်လိုခေါ်ရမှာလဲ"

"ကို လို့"

"ရှင်က ကိုယ့်ဘက်ကိုယ် ယက်တတ်သွားပဲနော် ကိုရွှေလိပ်ကြီးရဲ့"

"မမ"

"ပြော . . . ပြော"

"မမနဲ့ တွေ့ချင်တယ်၊ ခြံထဲမှာ စကားပြောကြမ္မ အောင်နော်"

"အို ညဘက် ခြံထဲမဆင်းဘူးရှင့်"

"သူရဲ မခြောက်ပါဘူး မမရဲ့၊ ကိုယ်တစ်ယောက်လုံး ရှိပါတယ်"





"ရှင် . . ."

"မမရဲ့ ခြံတံခါးပေါ်မှာ ကိုယ်ရောက်နေတယ်လေ၊ မမသာ ခြံတံခါးဖွင့်ပေးရင် မမနဲ့ ကိုယ်စကားပြောခွင့် ရမှာပေါ့"

"ဟင့်အင်း၊ မမ ခြံထဲကို ညဘက် သူစိမ်းတွေ အဝင်မခံဘူး"

"ကိုယ့်ကို လူစိမ်းတစ်ယောက်အဖြစ် လက်ခံထားလို့လား မမရယ်"

"ဘာပဲဖြစ်ဖြစ် မမတို့မှာ ပတ်ဝန်းကျင် ရှိတယ် ကိုဗညားရဲ့၊ ပတ်ဝန်းကျင် ရှိသေအောင် နေရမယ်လေ"

"ကိုယ် မပြန်ဘူးနော် မမ၊ ဒီအတိုင်း ထိုင်နေမှာ"

"ရှင် မမကို အကျပ်မကိုင်ပါနဲ့"

"တကယ်ပြောနေတာ၊ မမရဲ့ မျက်နှာလေးကို ခဏပဲဖြစ်ဖြစ် မြင်ခွင့်ရချင်တယ်"

"ရှင် တစ်နေ့လုံး တစ်ကောက်ကောက် လိုက်နေပြီး ခုတစ်ခါ မျက်နှာမြင်ချင်သေးလား"

"မြင်ချင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"လဲသေလိုက်ပါလား၊ ရှင် ဘယ်လိုလူလဲ၊ ပြောမရေး ရှင့်ဆီ ခွေးတွေလွှတ်ပေးလိုက်ရမလား"

"မမ လုပ်ရက်ရင် ခံရဲတယ်"

မမ ဒေါ်ပွပွဖြင့် ဖုန်းပိတ်ပစ်လိုက်ပါမိသည်။

ပြီးတော့ ခြံရှေ့ကို မြင်နိုင်သည့် ပြတင်းပေါက်အနီး မှာ သွားရပ်ပြီး မှောင်ရိပ်ကွယ်၍ သူ့ကို တိတ်တစ်ခိုး ချောင်း ကြည့်နေမိသည်။

သူက ယာမဟာ ဆိုင်ကယ်ကြီးကို ရပ်ထားပြီး ဆိုင်ကယ်ပေါ်မှာ တင်ပလ္လင်ထိုင်နေသည်။

အတော်ပြောရခက်တဲ့ လူပဲ ...

သူ့ကို မင်းသားမှန်း မှတ်မိသွားကြရင် ဒုက္ခပဲ ...

တီ .. တီ .. တီ

မမ ဖုန်းသံမြည်လာသောကြောင့် ဆယ်လူလာဖုန်းကို နားမှာ ကပ်လိုက်မိ၏။

"မမ"

"ရှင် မပြန်သေးဘူးလား"





"မပြန်ဘူး၊ မမနဲ့ ခဏလေးဖြစ်ဖြစ် တွေ့ခွင့်ရမှ ကိုယ် ပြန်နိုင်မယ် မမ"

"ရှင် ရူးနေသလား၊ ရှင့်ကို မင်းသားမှန်း မှတ်မိသွား ကြရင် ရှင် ဘယ်လိုလုပ်မလဲ"

"မမှတ်မိနိုင်ပါဘူးဗျာ၊ ပုံစံ ပြောင်းလာတာပဲ"

မမ ဒေါ်ပွ၍မဆုံး ဖြစ်နေမိသည်။

"မိချို"

မမခေါ်သံကြောင့် မိချို ပြေးလာသည်။

"တစ်ခြံလုံး မီးတွေ မှိတ်ပစ်စမ်း၊ တစ်တိုက်လုံး မီးတွေလည်း မှိတ်ပစ်လိုက်"

မိချို တအံ့တဩ အမူအရာဖြင့် ...

"ဟင် မမ၊ ခုမှ ည (၉) နာရီပဲ ရှိသေးတယ်၊ ခါတိုင်း ဆိုရင် ည (၁၁) နာရီမှ မီးမှိတ်ရတာ မဟုတ်လား"

"ဟဲ့ ဂျပုမ စကားရှည်မနေစမ်းနဲ့ ခုချက်ချင်း သွားပြီး မီးတွေမှိတ်"



www.burmeseclassic.com

www.burmeseclassic.com



မမ စိတ်တိုတိုဖြင့် အော်ပစ်လိုက်သောကြောင့် အံ့သြသွားပြီး တစ်ခြံလုံး မီးတွေမှိတ်၊ တစ်တိုက်လုံးရှိ မီးတွေပါ မှိတ်ပစ်လိုက်သည်။

"မြင့်မြင့်ရွှေ"

"ရှင် လာပြီမမ"

"မြို့ကလူကို တွေ့သလား၊ ခုချိန်ထိ မပြန်သေးဘူး"

"ဆိုင်ကယ်နဲ့လူလား မမ"

"ဟုတ်တယ် အဲဒါ မင်းသားလေ"

"ထင်တော့ထင်သားပဲ၊ သူက ပုံမှားရိုက်လာတော့လည်း လူမှားနေတာပေါ့"

"ရှက်စရာကောင်းလိုက်တာ၊ ငါ့ခြံတံခါးဝမှာ လာရပ်ပြီး အချိန်ဖြုန်းနေတယ်"

"ဟုတ်ပါရဲ့ မမရယ်၊ မမ နှင်ပစ်လိုက်ပါလား ပတ်ပိန်းကျင် အမြင်မရှင်း ဖြစ်တော့မှာပဲ"

"ဒီလူ့မှာ အသိတရား မရှိဘူး ထင်တယ်၊ အလကား လူ မှန်းလိုက်တာ"





"တီ .. တီ .. တီ"

"ဒီဟွန်းကလည်း မြည်ပြန်ပြီ သေချင်တာပဲ"

"ကဲ ပြော ရှင်မပြန်သေးဘူးလား"

"ပြောပြီးပြီလေ၊ မမ မျက်နှာလေးကို တစ်မိနစ် လောက်ပဲ ကြည့်ခွင့်ရပါစေ၊ ပြန်မယ်လို့"

"ရှင် ပြောလေ ကဲလေပါလား"

"ကဲပါ မမရယ်၊ မမအတွက် လက်ဆောင်လေးတစ်ခု ပါလာခဲ့လို့ပါ၊ တစ်မိနစ်ပဲ၊ ကိုယ့်ကို တွေ့ခွင့်ပေးရမယ်နော် မမ"

"ရှင် တကယ် ကတိတည်မှာလား"

မမလေသံ အနည်းငယ် ပျော့သွားသောကြောင့် သူ ဟက်ခနဲ တစ်ချက်ရယ်မောလိုက်သည်။

"ကတိတည်ပါတယ် မမရဲ့၊ ကိုယ်ယူလာခဲ့တဲ့ ပစ္စည်း လေး မမ မြင်ရင် အရမ်းကို အံ့သြသွားမှာ"

"ကဲ ဒါဖြင့် ရှင့်ကို တံခါးဖွင့်ပေးဖို့ ပြောလိုက်မယ်"

မမ ဖုန်းပိတ်လိုက်ပြီး ခြံတံခါးဖွင့်ပေးရန် မြင့်မြင့်ရွှေ ကို ပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



မြင့်မြင့်ဌေးက ခြံစောင့်ကြီးအား တံခါးဖွင့်ပေးရန် ပြောလိုက်သောကြောင့် ခြံတံခါး ဖွင့်ပေးလိုက်၏။

ခြံထဲသို့ ဆိုင်ကယ်ဖြင့် ဝင်လာသည်။

တစ်ခြံလုံး မီးတွေ ပြန်လင်းနေပြီ၊ နှစ်ထပ်တိုက်ကြီးတစ်ခုလုံးလည်း မီးများ ပြန်လင်းနေပေပြီ။

သူ ဆိုင်ကယ်ပေါ်မှ ဆင်းလာခဲ့ပြီး ခပ်ပြုံးပြုံးအမူအရာ ဖြင့် ဧည့်ခန်းထဲ ဝင်လာသည်။

"ထိုင်ပါ ကိုမင်းဗညား၊ မမ ဆင်းလာပါလိမ့်မယ်"

မမသည် သပ်ရပ်စွာ ပြန်လည်ပြင်ဆင်လာခဲ့၏။

ဆံပင်တွေ ဖားလျားချထားသော်လည်း အနက်ရောင်ကတ္တီပါ အင်္ကျီလက်ရှည်လေးက သပ်ရပ်ပြီး စမတ်ကျနေသည် မဟုတ်ပါလား ...

မမမျက်နှာက တင်းနေသော်လည်း သူ့ရှိရာသို့တန်းတန်းမတ်မတ် လျှောက်လာနေ၏။

မြင့်မြင့်ဌေးက တမင်ရှောင်ပေးသည့် သဘောဖြင့်ကော်ဖီဖျော်ရန် ထွက်ခဲ့သည်။





မမနှင့်သူ ဧည့်ခန်းထဲမှာ နှစ်ယောက်တည်း ကျန်ရစ်ခဲ့လေသည်။

သူက မမကို မြင်သည်နှင့် ထိုင်ရာမှ ထရပ်လိုက်ပြီးမျက်နှာချင်းဆိုင်လိုက်သည်။

ပြီးတော့ သူ့ကုတ်အင်္ကျီအိတ်ထဲမှ နက်ပြာရောင်ကတ္တီပါဘူးလေးကို ယူထုတ်ပြီး ဖွင့်လိုက်၏။

"ဟင်"

ကတ္တီပါဘူးအတွင်းမှာ ပလက်တီနမ်ဖြင့် ပြုလုပ်ထားသည့် စိန်လက်စွပ်တစ်ကွင်းကို တွေ့လိုက်ရသည်။

"ဒါ ကိုယ့်လက်ဆောင်ပါ မမ၊ လက်ထပ်လက်စွပ်လေ၊ ကြိုတင်ပြီး ပေးထားချင်လို့"

မမ လက်ကလေးတစ်ဖက်ကို ဆွဲယူဆုပ်ကိုင်ပြီး ပြောလိုက်သောကြောင့် မမ အံ့ဩလှုပ်ရှားသွားမိသည်။

"အို သည်လို မလုပ်ပါနဲ့၊ မမကို စဉ်းစားခွင့် ပေးပါဦး၊ မမ အလျှင်စလို ခေါင်းမညိတ်နိုင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



မမ သက်ကို ရှုန်းလိုက်ပြီး တောင်းပန်နေသည်။

သူက မမမျက်နှာလေးကို ငုံကြည့်နေရာမှ မချင့်မရဲ ဖြစ်လာသည့် အမူအရာဖြင့် ပန်းနှစ်ဖက်ကို ဖိကိုင်ပြီး ပါးပြင်နှစ်ဖက်ကို နမ်းလိုက်သည်။

"ဟင် ရှင် . . ."

မမ လက်တစ်ဘက် မြောက်တက်သွားပြီး ပါးပြင်တစ်ဘက်ကို ရိုက်ချလိုက်မိ၏။

သို့သော် သူက လိမ္မာပါးနပ်စွာ ရှောင်လိုက်သည်။

"ရှင် . . . ခု ထွက်သွား"

"ကိုယ် အခုပဲ သွားမှာပါ မမ၊ တစ်ခုတော့ ပြောခဲ့မယ်၊ မမကို ကိုယ်အရူးအမူး ချစ်နေမိပြီ"

စကားဆုံးသည်နှင့် ခြေလှမ်းကျဲဖြင့် သူ ထွက်ခွာသွားလေသည်။

၁

မမ မချိတင်ကဲ ကျန်ရစ်ခဲ့သည်။

သူ့ပါးကို ထိအောင် မရိုက်လိုက်နိုင်သောကြောင့် မမ ကိုယ် မမ ဒေါသဖြစ်၍ မဆုံးနိုင်ပါ။





ခြံတံခါး ဖွင့်ပေးခဲ့မိတာကိုက , မမ အပြစ်ရယ်ပါ။

ထိုနေ့တစ်ညလုံး မမ အိပ်မပျော်နိုင်ဘဲ ကြိတ်မနိုင် ခဲမရ ဖြစ်နေမိသည် မဟုတ်ပါလား . . .

"မြင့်မြင့်ဒွေးတို့ကလည်း ညံ့လိုက်တာ၊ သူစိမ်း ယောကျ်ားတစ်ယောက်ကို ခြံတံခါးဖွင့်ပေးပြီး ဘာဖြစ်လို့ ဧည့်ခန်းထဲမှာ ထားခဲ့ရတာလဲ၊ ငါ့ကို သူ့လက် ဝကွက် အပ်ခဲ့ရသလား"

"နှစ်မိနစ်လောက်ပဲ ကြာပါတယ် မမ"

"အဲဒီ စက္ကန့် တစ်ရာ့နှစ်ဆယ်လောက် အချိန်ကလေး အတွင်းမှာ သူ ဘာတွေ ပြုမူသွားတယ်ဆိုတာ နင်တို့ သိရဲ့လား"

"ဘာတွေ လုပ်သွားသလဲ မမ"

"တော်ကြစမ်း တော်ကြစမ်း"

မမ ဒေါသဖောင်းနေသောကြောင့် မိန်းကလေးသုံး ယောက် မအိပ်ဝံ့ကြဘဲ မမနှင့် ခပ်လှမ်းလှမ်းမှာ မျက်နှာ



www.burmeseclassic.com

www.burmeseclassic.com



ညှိုးညှိုးဖြင့် ထိုင်စောင့်နေကြရလေသည်။

"ငါပြောတာ သေသေချာချာ မှတ်ထားကြစမ်း"

"ဟုတ်ကဲ့မမ၊ ပြောပါ"

"မှတ်ထားပါ့မယ်၊ မမ"

"နောက်နောင် ဒီလူ့ကို ခြံတံခါး ဖွင့်မပေးရဘူး ခြံစောင့်ကြီးကို တင်းတင်းကျပ်ကျပ် မှာထားကြပါ"

"ဟုတ်ကဲ့"

"သူ့ဖုန်း ဝင်လာရင် ဖုန်းချပစ်လိုက်"

"ကောင်းပါပြီ"

"သူနဲ့ငါ လုံးဝ မပတ်သက်ချင်ဘူး"

"နားလည်ပါပြီ မမ"

မြင့်မြင့်ဌေးက မမအနီးမှာ လာထိုင်ပြီး ခပ်တိုးတို ပြောလိုက်၏။

"မမက မပတ်သက်ချင်လို့ ရှောင်နေလည်း၊ သူက မမ ရိုက်ကွင်းတွေနောက်ကို လိုက်မှာပေါ့ မမရဲ့"





"ငါရိုက်ကွင်း လိုက်လာရင် . . . အို ရှုတင်ပါ ရပ်ထား လိုက်မယ် ဒါပဲ"

မမ လှုပ်လှုပ်ရှားရှား ဖြစ်နေပုံကို ကြည့်ပြီး အားလုံး ဘာမှ မပြောဝံ့ကြတော့ဘဲ ငြိမ်နေမိကြသည်။

❖ ❖ ❖



www.burmeseclassic.com

## အခန်း (၉)

သူ အတင်းအဲကျပ် ဝတ်ပေးသွားခဲ့သည့် စိန်လက်စွ
လေးကို မမ လက်မှ ချွတ်ထားခဲ့၏။

ကတ္တီပါဘူးလေးထဲ ပြန်ထည့်ပြီး မှန်တင်ခုံမှာ တင်ထာ
လိုက်သည်။

ဆယ်ရက်ကျော်ခဲ့ပြီ ဖြစ်သော်လည်း အိမ်ထဲမှ အိမ်ပြ
သို့ မထွက်ဖြစ်ဘဲ အိမ်တွင်းပုန်း လုပ်နေမိသည်။





မင်းသမီးနေမကောင်း၍ ရှုတင်ရပ်ထားသည်ဟူသော
အကြောင်းပြနေခဲ့သည် မဟုတ်ပါလား။

သူ့ကို ရှောင်နေမိသော်လည်း ဘာကြောင့်ရယ်မသိ
... အချိန်၊ နာရီ၊ မိနစ်၊ စက္ကန့်အားလုံးကို သူက စိုးမိုး
နေခဲ့သည်။

သူ့အပေါ် ချစ်ခဲ့မိတာ ဘယ်အချိန်က စခဲ့ပါသလဲ
...

တွေးမိတိုင်း အံ့ဩရင်ဖိုသော ဝေဒနာနှင့် နာကြည်း
ခြင်းဝေဒနာတွေက ရင်ကို နှိပ်စက်သည်။

ဖွတ်တရွှတ်နိုင်လှတဲ့ သူ့ကို မချစ်သင့်ဘူး။

မချစ်သင့်မှန်း သိလျက်နဲ့ ဘာဖြစ်လို့ ရူးလမ်းနေမိ
ပါလိမ့် ...

လက်စွပ်လာပေးပြီး နောက်တစ်ရက်မှစ၍ သူ နေ့စဉ်
လာသည်။

ခြံတံခါး ဖွင့်မပေးရဆိုသည့် မမ အမိန့်ကြောင့် သူ့ကို
ဘယ်သူမှ ခြံတံခါး မဖွင့်ပေးကြ။

သို့သော် ညတိုင်း မမ၏ ခြံတံခါးဝသို့ သူ ရောက်လာမြဲပင် ...

သူ ယူဆောင်လာခဲ့သည့် နှင်းဆီပန်းစည်းလေးကို ခြံစောင့်ကြီးမှတစ်ဆင့် ပေးသွားမြဲဖြစ်သည်။

ပဥ္စမမြောက်ရက်တွင်တော့ သူ့ပန်းစည်းကို မယူကြနှင့်ဟု မမ တားမြစ်ပိတ်ပင်ခဲ့သည်။

သတ္တမမြောက်နေ့မှစ၍ နှင်းဆီပန်းစည်းသည် ခြံတံခါးဝ အုတ်တိုင်ပေါ်မှာ ကျန်ရစ်ခဲ့၏။

မိချိုနှင့် တင်အေးမြင့်တို့က သူ့အရိပ်ပျောက်သွားသည်နှင့် ပန်းစည်းကို ပြေးပြီး ယူကြသည်။

သနားပါတယ် မမရယ်၊ သူလဲ မင်းသားတစ်ယောက်ပဲ၊ မိန်းကလေးတွေ ဝိုင်းဝိုင်းလည်နေမှာပါ၊ မမကို သိပ်မြတ်နိုးလွန်းလို့သာ မျှော်တလင့်လင့်နဲ့ ရောက်လာတတ်တာ ဖြစ်မှာ”

မြင့်မြင့်ဒွေးက ကရုဏာဒေါသပိုစွာ ပြောနေသည်။

“ဟုတ်တယ် မမ၊ သူ့ပန်းစည်းကို လက်ခံယူမယ့်လူ မရှိတော့ မျက်နှာညှိုးနေတာပဲ”





“သည်တစ်ခါ ရောက်လာရင် ခြံတံခါး ဖွင့်ပေးလိုက်ပါ မမရယ်၊ သနားပါတယ်”

“မဖွင့်ရဘူး”

ဆယ့်ငါးရက်မြောက်နေ့တွင်တော့ မြင့်မြင့်ဒွေးနှင့် တင်အေးမြင့်တို့နှစ်ဦး သူ့ကို ခြံတံခါး ဖွင့်ပေးရန် အတင်းအကျပ် ပူဆာနေကြသည်။

“ညနေစောင်းကတည်းက သူရောက်နေတာ အခုမှောင်နေပြီ မမ၊ ခြံတံခါး ဖွင့်ပေးရမလား”

“ဟုတ်ပါတယ် မမရယ်၊ သူ့ခမျာ မင်းသားတစ်ယောက်တန်မဲ့နဲ့ မမ စိတ်ပြေနိုးနဲ့ အောက်ကျို့ခံပြီး ရောက်ရောက်လာရရှာတာပါ မမရယ်”

မမ ပြတင်းမှတစ်ဆင့် ခြံဝသို့ လှမ်းမျှော်ကြည့်လိုက်သည်။

မိုးအုံ့နေပြီး မိုးစက်မှုန်များ တလွင့်လွင့် ကြွေနေတာကို တွေ့ရ၏။

“မကြာခင်မှာပဲ မိုးရွာတော့မယ် ထင်ပါရဲ့”



www.burmeseclassic.com

www.burmeseclassic.com



တင်အေးမြင့်အသံကို ကြားနေရသည်။

"မိုးတွေ ရွာလာရင် သူ စိုရွှဲကုန်တော့မှာ"

မြင့်မြင့်မွှေးကလည်း ကရုဏာဖြစ်၍မဆုံးနိုင်ပါ။

ထိုစဉ် မိုးကမျှော်လင့်သည့်အတိုင်း ဝုန်းခနဲ ရွာချလိုက်သည်။

"ဒုက္ခပါပဲ၊ ဟိုတစ်နေ့ကလည်း မိုးရွာကြီးထဲမှာ ပြန်သွားရရှာတာ"

"ဟော ... ဟော ရွှဲကုန်ပြီ"

မိန်းကလေးနှစ်ဦး သူ့ကို ကြည့်ပြီး ပြောနေကြသည်။

"မိုးတွေစိုကုန်ပြီ၊ ဒါပေမယ့် သူ မပြန်ဘူး။ ခြံတံခါးဝမှာ ရပ်နေတယ် မမ"

"တော်ကြစမ်း၊ ဘာမှ မကြားချင်ဘူး"

စိတ်ဂျိုလက်ရှိ အော်ပစ်လိုက်မိသည်။

မိန်းကလေးတွေ မမအနီးမှ အသာလှည့်ထွက်သွားကြသည်။

သူ မိုးမိပြီး ဖျားတော့မှာပဲ ...





သူက ဆိုင်ကယ်ဖြင့် ညတိုင်း ရောက်လာတတ်ပြီး ရှုမှာ အချိန်ဖြုန်းနေတတ်သည်။

မိုးကာ မပါသောကြောင့် မိုးရွာတိုင်း မိုးမိတတ်သေသည်။

သူ့ကို ငေးကြည့်ပြီး ရင်မှာ လှိုက်ခနဲ ခံစားလိုက်ရ၏။

ဘာကြောင့်များ အနီးဆုံးမှာ သူ ရှိနေရပါလိမ့်။

မမ နှလုံးသားနှင့် အနီးဆုံးမှာ သူ ရှိနေပါလျက် အဝေးဆုံးက လူတစ်ယောက်လို စိမ်းကားဥပေက္ခာ ပြုနေသည်။

'အဓိပ္ပာယ်တော့ မရှိလှပေ ...

ဘာကြောင့်များ ရန်လိုမုန်းတီးနေမိပါလိမ့်ကွယ် ...

အမုန်းရဲ့ အစွန်းတစ်ဖက်မှာ အချစ်ရှိသတဲ့ ...

လက်စွပ်လာပေးသည့်ညက မမ အဖြေကို မစောင့်ဘဲ အတင်းအကျပ် ဖွတ်တရွတ် သူ့အပြုအမူအတွက် နာကြည်းမုန်းတီးနေခြင်းပင်။

ဒါကို မမကိုယ်မမ နားလည်နေမိသည်။'



www.burmeseclassic.com

www.burmeseclassic.com

ဆယ်လူလာဖုန်းကို မမ ဝိတ်ထားသောကြောင့် မမကို သူ ဆက်သွယ်၍ မရနိုင်လောက်အောင် အခက်အခဲ တွေ့နေရရှာသည်။

မိုးရွာထဲမှာပင် သူ ပြန်သွားသည်။

သူ့အရိပ်လေး ပျောက်ကွယ်သွားမှပင် မမရင်ထဲမှာ ဟာသွားမိသည် မဟုတ်ပါလား . . .

အေးချာတာ တစ်ခုကတော့ သူ့ကို မမ ချစ်နေမိပြီ ဖြစ်သည်။

❖ ❖ ❖





## အခန်း (၁၀)

လာနေကျအချိန်မှာ သူ့ကို မမြင်ရသောကြောင့် မမ ရင်ထဲမှာ ဟာသွားသည်။

နေ့စဉ်ညတိုင်း သူ ပန်းစည်းလာပေးနေကျ မဟုတ်ပါလား . . .

ဒီကနေ့တော့ သူ့အရိပ်အယောင်ပင် မမြင်ရ။


www.burmeseclassic.com

www.burmeseclassic.com



မနေ့က မိုးမိပြီး သူ ဖျားနေပြီ ထင်ပါရဲ့ ...

သူ့ကို မမြင်ရမှ တမ်းတနေမိ၏။

သူနှင့် ပတ်သက်၍ နှလုံးသားတွေ မနိုင်မနင်းတော့ပါ။ နှလုံးသားတစ်ခုလုံး လှုပ်ရှားနေမိသည်။

"မမ ဖုန်းလာနေတယ်"

ဆယ်လူလာဖုန်း ပိတ်ထားသောကြောင့် အိမ်ဖုန်း မကြာခဏ ဝင်လာတတ်၏။

မြင့်မြင့်ဌေး လှမ်းပေးသည့် Cordless Phone လေးကို လှမ်းယူပြီး နားမှာ ကပ်လိုက်၏။

"မင်းသမီးလား ဒါရိုက်တာ အာကာပါ"

"ဪ ဆရာ"

"ဘယ်လိုလဲ မင်းသမီး၊ ရိုက်ရက်တွေ နောက်ကို ရွှေ့လှချည်လား၊ ခင်ဗျား အဲဒီလို လုပ်နေရင် ခက်ပြီ ထင်တယ်"

"ကျွန်မ သိပ်နေမကောင်းလို့ ရှုတင်ကိစ္စတွေ ခဏရပ်ဆိုင်းထားတာပါ ဆရာ"





"ဒီရက်တွေအတွင်း မိုးတဖွဲဖွဲ ရွာနေတယ် မင်းသမီး၊ ဇာတ်လမ်းထဲကအတိုင်း မိုးဖွဲဖွဲလေးတွေ အောက်မှာ ရိုက်ချင်တာ၊ မိုးပြီး သဘာဝကျတာပေါ့ဗျ"

မမ စဉ်းစားနေစဉ် ဒါရိုက်တာက ဖွတ်တရွတ် ပြောနေသည်။

"ဒီလောက် အချိန်မဆွဲပါနဲ့ မင်းသမီး၊ အလုပ်လုပ်တာ အများနဲ့ လုပ်ရတာဆိုတော့ မင်းသမီး ခုလိုသာ အချိန်ဆွဲနေရင် အားလုံး စိတ်ပျက်ကုန်မယ်"

"အိုကေ .. အိုကေ၊ ရိုက်ကွင်းကို ကျွန်မ လာခဲ့မယ်လေ၊ ဘယ်အချိန်လဲ ပြော"

"မနက်ဖြန်မနက် ဆယ်နာရီလောက် စမယ်"

"ဒါဖြင့် မနက်ဆယ်နာရီအရောက် ကျွန်မ လာခဲ့မယ်"

"ကျေးဇူးတင်ပါတယ်ဗျာ"

ဒါရိုက်တာ အာကာ ဖုန်းချသွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com

မြင့်မြင့်ဒွေးက သူ့မျက်နှာရိပ် မျက်နှာကဲကို ကြည့်ပြီး ...

"မနက်ဖြန် ရှူတင်ရှိသလား မမ"

"သွားရမယ်၊ ဒါရိုက်တာ စိတ်ဆိုးနေပြီ"

"ဟုတ်တာပေါ့ မမရဲ့ မမ အကြောင်းမဲ့ အိမ်ထဲမှာပဲ ကုပ်နေခဲ့တာ ရက်အတော်ကြာလှပြီလေ"

"အဲဒါ သူ့ကြောင့်ပေါ့"

"ကိုမင်းဗညားကို ပြောတာလား၊ မနေ့က မိုးမိပြီး ကိုမင်းဗညား ဖျားနေပြီ ထင်တယ်၊ ဒီနေ့သူ ရောက်မလာဘူး"

"ကောင်းတာပေါ့"

"တကယ်လား မမ၊ သူ့ကို မမ စိတ်မဝင်စားဘူးလား"

"စိတ်မဝင်စားဘူးဆိုရင် ယုံမှာလား"

မမ စကားကြောင့် မြင့်မြင့်ဒွေး ရယ်နေသည်။





"မမစိတ် မမလှည့်စားနေတာပါ၊ တကယ်တော့ သူ့ကို မမ ချစ်နေပါတယ်"

"ဘယ်လို"

"သူ့ကို မချစ်ရင် မောင်းထုတ်လိုက်လို့ ရတာပဲ၊ ပုန်းနေစရာ မလိုပါဘူး"

"သူလည်း မင်းသားပဲ မမရဲ့ ပြန်ချစ်လိုက်ပါ" ဟု တင်အေးမြင့်က ဝင်ပြောသည်။

"တော်ကြစမ်း .. တော်ကြ .. မကြားချင်တော့ဘူး"

မမ ရှက်စိတ်မွှန်ပြီး အော်ပစ်လိုက်သောကြောင့် မိန်းကလေးနှစ်ယောက် ပြုံးစိစိ အမူအရာဖြင့် မမ အနီးမှ ထွက်သွားကြသည်။

အင်း ငါ့အမူအရာတွေဟာ အနားမှာရှိနေတဲ့ မိန်းကလေးတွေ ရိပ်မိလောက်အောင် ပျက်နေပြီလား၊ သူ့ကြောင့် ငါ ခံစားနေရတာကို ရိပ်မိနေကြပြီလေ ...

မမ ပြတင်းပေါက်မှာ ရပ်ပြီး ခြံအပြင်ဘက်ကို ကြည့်နေမိသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

ခြံတံခါးတွင် နှင်းဆီပန်းစည်းတစ်စည်းကို တွေ့လိုက်ရ ၏။

ဘယ်အချိန်က လာထားသွားပါလိမ့် ...

ခြံတံခါး အောက်ဘက်တွင် နှင်းဆီပွင့်ဖတ်အချို့ လွင့် ကြွေနေကြသည်။

သူ ဘယ်အချိန်ကတည်းက တိတ်တဆိတ် လာထား သွားတာပါလိမ့် ...

အိမ်ကြီးပေါ်မှ မမ တိတ်တဆိတ် ဆင်းလာခဲ့မိသည် တိုက်ဘေးတံခါးမှ ခြံထဲသို့ ဆင်းလာခဲ့သည်။

မိုးဖွဲဖွဲ ရွာထားသောကြောင့် ခြံထဲတွင် စိမ်းလန်းစိုပြည် နေ၏။

ပန်းမန်ပင်နှင့် မြက်ခင်းများပေါ်တွင် မိုးစက်တို့ ခိုတွဲ နေကြဆဲ။

ခြံတံခါးရှိရာသို့ မမ လျှောက်လာခဲ့ပြီး ပန်းစည်းလေး ကို သူမကိုယ်တိုင် လှမ်းယူလိုက်သည်။





နှင်းဆီရနံ့က သင်းပျံ့စွာ မွှေးနေသည်။

အချစ်သည် ထူးဆန်းအံ့သြစရာ ကောင်းလောက် အောင် မမ နှလုံးသားတွင် ဖူးပွင့်ဝေဆာခဲ့ပြီ ဖြစ်ပါ၏။

နှင်းဆီ ပွင့်ဖတ်တွေလို သန့်ရှင်းကြည်လင်နေဘတ် သည့် ချစ်သူ့ပုံရိပ်သည် မမနှလုံးသားထဲတွင် အရိပ်ထင် နေခဲ့ပြီ မဟုတ်ပါလား ...

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း သုံး

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁)

နောက်တစ်နေ့နံနက် ဆယ်နာရီခန့်တွင် မမ ရိုက်တွင်းသို့ ရောက်လာ၏။

မိုးဖွဲဖွဲအောက်တွင် မင်းသမီး, တစ်ယောက်တည်း တက္ကစီ ငှားနေစဉ် တက္ကစီက အရှိန်ဖြင့် အနီးမှာ လာအရပ်၌



www.burmeseclassic.com

www.burmeseclassic.com



လမ်းပေါ်မှ ရေများက ဖြန်းခနဲ လွင့်စင်လာစဉ် တစ်ဝ
တစ်ယောက်သောသူက သူ့ထီးဖြင့် မင်းသမီးကို ဝင်ကာ
ပေးလိုက်သည့် ဖာတ်ဝင်ခန်းရယ်ပါ ...

မင်းသား နောင်နောင်ဦးနှင့် ရိုက်ရမည့် ဖာတ်ဝင်ခန်
ဖြစ်သည်။

"ကဲ မင်းသမီး စမယ်"

မမ တက္ကစီ ငှားရန် လမ်းဘေးပလက်ဖောင်းတစ်ခုပေ
တွင် ရပ်နေသည်။

တက္ကစီက လာနေပြီမို့ မမ တားလိုက်၏။

အရှိန်ဖြင့် မောင်းလာသည့် တက္ကစီကအရပ် ရေ
က လွင့်စင်လာ၏။

ထိုစဉ် ထီးတစ်ချောင်းဖြင့် ရေတွေကို ကာပြီး
အနီးမှာ လူတစ်ယောက် ရပ်လာသည်။

ရုတ်တရက်မို့ မမ ကိုယ်လေး ယိမ်းယိုင်ပြီး သူ့ရင်
ထဲ ရောက်သွားသည်။

သူက ရယ်မောပျော်ရွှင်စွာ ပြုံးနေသည်။





မမ သူ့မျက်နှာကို မော့ကြည့်လိုက်ပြီး မယုံနိုင်လောက်အောင် အံ့သြသွားသည်။

ထိုစဉ် ဒါရိုက်တာ၏ "ကတ်" ဆိုသော အသံကို ကြားလိုက်ရသည်။

"ဟင် ရှင် ... ရှင်ပါလား"

သည်တော့မှပင် မမ လှုပ်လှုပ်ရှားရှား ဖြစ်သွားရ၏။

"အံ့သြနေသလား မင်းသမီး၊ မင်းသား နောင်နောင်ဦး
သူ့ အမျိုးသမီး နေမကောင်းလို့ နယ်ပြန်သွားတာနဲ့ စာချုပ်
ဖျက်သွားရတယ်၊ ဒါကြောင့် မင်းသားကိုဗညားနဲ့ အစား
ထိုးလိုက်ရတာပါ"

ပရိုဂျူဆာ ဦးကိုကိုက ရှင်းပြနေ၏။

"ဘာပဲဖြစ်ဖြစ် ကျွန်မကိုတော့ ကြိုတင်ပြောပြထား
သင့်တာပေါ့ရှင်"

"ကမန်းကတန်း စီစဉ်လိုက်ရလို့ပါ၊ မင်းသမီးရယ်၊
ဒီတော့ မင်းသားနဲ့ မင်းသမီးကလည်း ခင်မင်နေကြတယ်
ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



ရှုတင်မှ အပြန်တွင် မမ ကားနောက်မှ သူ့ကားဖြင့် ပါလာခဲ့သည်။

ခြံထဲရောက်တော့ ကားနှစ်စီး ရှေ့ဆင့်နောက်ဆင့် ရပ်လိုက်ကြသည်။

"ရှင် ဘာကိစ္စလိုက်လာရတာလဲ"

"မမနဲ့ တွေ့ချင်လို့၊ ဆွေးနွေးစရာတွေ အများကြီးပဲ"

"ကျွန်မ မအားဘူး။ ရှင် ပြန်တော့"

"ကိစ္စမရှိဘူး။ ကျွန်တော် ထိုင်စောင့်နေမယ်"

"ကျွန်မကို ဘာဖြစ်လို့ သည်လောက် နှောင့်ယှက်နေရတာလဲ 'ကိုမင်းဇညား"

"ချစ်လို့"

"ရှင့်ကိုမှ ကျွန်မ မချစ်တာ"

"မမကို ကိုယ်နားလည်တယ်"

"ခုထွ[illegible]သွားပါ"

"မမ ..."





သူက ညှော်ခန်းထဲအထိ လိုက်ပါလာခဲ့ပြီး မမနှင့် မျက်နှာချင်းဆိုင် ရပ်လိုက်သည်။

"ကျွန်မကို ရှင်ချစ်ရင် မနှောင့်ယှက်ပါနဲ့"

"ကျွန်တော် မနှောင့်ယှက်ပါဘူး။ မမကို လက်ထပ်ခွင့် တောင်းနေတာ"

မြင့်မြင့်ဌေးနှင့် တင်အေးမြင့်တို့ ရှုတင်မှအပြန် ပစ္စည်းများကို သိမ်းနေကြသောကြောင့် မမအနီးတွင် မရှိကြတော့ပေ။

"မမကို သည်လောက်စွဲလမ်းနေတဲ့ လူတစ်ယောက် အပေါ်မှာ ဘာဖြစ်လို့ ဥပေက္ခာ ပြုချင်ရတာလဲ"

"ကျွန်မ ဘယ်သူ့ကိုမှ မချစ်ဖူးဘူး"

"ဒါဖြင့် ကိုယ့်ကို ချစ်ပါနော် မမ"

"ကျွန်မ စဉ်းစားဦးမယ်ရှင်၊ အတင်းအကျပ် မစဉ်းစား နိုင်ပါနဲ့"

"ဘာဖြစ်လို့လဲ မမ၊ ကိုယ့်အကြောင်း သေချာ မစုံစမ်း ရသေးလို့လား၊ ကိုယ့်ကို ယုံကြည်စရာ လူတစ်ယောက် အဖြစ် အသိအမှတ် မပြုနိုင်ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မတို့နှစ်ဦးရဲ့ တွေ့ဆုံခြင်းဟာ အများကြီး စောပါသေးတယ် ကိုမင်းဇညား"

"ဒါဖြင့်လဲ တစ်သက်လုံး စဉ်းစားရင်း အချိန်တွေ ဖြုန်းလိုက်ပါဦးဗျာ၊ ကိုယ်ပြန်တော့မယ်"

သူ့စကားကြောင့် မမ အံ့ဩလှုပ်ရှားသွားသည်။

"ရှင်က ကျွန်မ အချစ်ကို မရသေးဘဲနဲ့ ခုကတည်းက စိတ်ကောက်နေပြီလား"

သူ မမကို မချင့်မရဲ ကြည့်နေရာမှ မမကိုယ်လေးကို ဖွေ့ခနဲ ပွေ့ချီလိုက်သောကြောင့် မမ တုန်လှုပ်သွားပြီး ...

"လွှတ်စမ်းပါ၊ ဒါ ရုပ်ရှင်ရိုက်နေတာ မဟုတ်ဘူး"

"မနက်ဖြန် ရိုက်ရမယ့် ရှုတင်အတွက် လေ့ကျင့်နေတာဗျ"

စကားဆုံးသောအခါ နှစ်ယောက်ထိုင် ဆိုဖာပေါ်သို့ မမကိုယ်လေးကို အသာတင်ပေးလိုက်သည်။

မမ ဘာမပြော ညာမပြောနှင့် ကော့ဒ်လက်စ်ဖုန်းကို လှမ်းယူပြီး သူ့ခေါင်းကို ထုလိုက်မိ၏။





"အား ... ခေါင်းကွဲသွားပြီ ထင်တယ်၊ ဟာ အာလူး သီးသွားပြီ၊ လက်က မြန်လိုက်တာ"

"မြင့်မြင့်ဌေး၊ တင်အေးမြင့်"

မမ ခေါ်လိုက်သောကြောင့် မိန်းကလေးတွေ အနားသို့ ရောက်လာကြသည်။

"မင်းသားအတွက် အအေးဖျော်ခဲ့ပြီး ညှော်ခံလိုက်ကြမယ် ငါ အနားယူတော့မယ်"

မမ စကားဆုံးသည်နှင့် သူ့အခန်းရှိရာသို့ အပြေး တစ်ပိုင်းဖြင့် ထွက်လာခဲ့ကြသည်။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂)

လျှမ်းလျှမ်းတောက် နာမည်ကြီး မင်းသားနှင့် မင်းသမီးတို့ ချစ်နေကြသည်ဆိုသည့် သတင်းများကို ဂျာနယ်များတွင် မကြာခဏ တွေ့နေရ၏။





မမရိုက်ကွင်းများတွင် သူ့ကို တွေ့နေရတတ်သလို သူ့ရိုက်ကွင်း အချို့တွင်လည်း မမ ရှိနေတတ်သည် မဟုတ်ပါလား ...

ဘယ်တော့ လက်ထပ်ကြမလဲ ... ဆိုသည့် အမေးစကားကို နှစ်ယောက်စလုံး တိတိကျကျ မဖြေခဲ့ကြပေ ...

နာမည်ကြီး မင်းသမီးမို့ အဆောတလျင် လက်ထပ်လိုက်ရမှာ စဉ်းစားစရာရယ်ပါ ...

မတော် နာမည်ကျသွားလျှင် မခက်ပါလား ...

သို့သော် မင်းဗညားက လက်ထပ်ရန် အခါခါ တောင်းဆိုခဲ့၏။

"မမ ကိုယ်တို့ အမြန်ဆုံး လက်ထပ်ကြရအောင်၊ ကိုယ်တို့နှစ်ယောက်ရဲ့ အကြောင်းကို မသိသူတွေ မရှိသလောက် ဖြစ်နေပြီ၊ မမက မိန်းကလေးဆိုတော့ ပိုပြီးအရေးကြီးတယ် မမရဲ့"

"မမ စဉ်းစားနေပါတယ် မောင်"



www.burmeseclassic.com

www.burmeseclassic.com



"မမကြီးတော် ရိပ်သာမှ ပြန်လာမှ မောင်အနေကျပ် မိတယ် မမရဲ့၊ အိမ်လာလည်ရင် ဒေါ်ညိုညိုနက် အကြည့် စိမ်းလိုက်တာ"

"အန်တီညို့ကို မမ ညီမလေးနှစ်ယောက်ကတောင် စိတ်ရှုပ်ကြတာ၊ အမှန်က အန်တီညိုညိုနက် မမတို့အားလုံး အပေါ် စောင့်ရှောက်နေတာပါ"

"လက်ထပ်ပြီးရင် မမ ကိုယ့်အိမ် လိုက်နေရမယ်နော်"

"အံမယ်၊ မမ ဒီအိမ်မှာပဲ နေမှာ၊ ရှင့်နောက် မလိုက် နိုင်ဘူး"

"ကိုယ့်မေမေက ကိုယ့်ကို မခွဲနိုင်ဘူး၊ ကိုယ်က မမတို့ လို မောင်နှမ မများဘူးလေ၊ တစ်ဦးတည်းသောသား"

"ကြားမနေပါနဲ့၊ တစ်ဦးတည်းသောသားလည်း ပန်း နှစ်ဖက်ကြားက ခေါင်းပေါက်လာတဲ့ လူပါပဲ ကိုမင်းဇညားရဲ့"

"မမ ကိုယ် အတည်ပြောနေတာနော်၊ ကိုယ်တို့ နှစ်ယောက် အမြန်ဆုံး လက်ထပ်ကြမယ်၊ ပြီးတော့ ကိုယ့်ခြံ နဲ့ တိုက်မှာပဲ နေကြမယ်"





သူ့စကားကို မမ လက်မခံနိုင်ပါ။

"စဉ်းစားပါဦး မောင်၊ မမက မောင်နှမများတယ်နော်၊ မောင့်အိမ်ကို လိုက်ခဲ့ရင် မမရဲ့ မေမေနဲ့ မောင်လေး ညီမလေးတွေ ဝင်ထွက်ရ ခက်မှာပေါ့"

မမရဲ့ မောင်လေးနှစ်ယောက် ကျောင်းပိတ်ရက်များ တွင် မေမေနှင့် မောင်လေးတွေ ရန်ကုန်အိမ်မှာပင် လာ ရောက်နေထိုင်တတ်ကြသည် မဟုတ်ပါလား ...

ညီမနှစ်ယောက်ကလည်း သင်တန်းပြီးသည်နှင့် အလုပြင်ဆိုင်ဖွင့်ပြီး မမနှင့် မခွဲမခွာ နေထိုင်ကြရန် စီစဉ် ပြီးသားပင်။

"မောင် မမပြောနေတာတွေ သေချာစဉ်းစားပါကွယ်"

မောင် သေချာစဉ်းစားနေပြီးမှ ...

"မမ ပြောတာလည်း မှန်တာပဲ၊ မောင့်မေမေက သွေးတိုး နှလုံးရောဂါရှိတယ် မမ၊ စိတ်ထိခိုက်လို့ မရသလို စိတ်ရှုပ်လို့လည်း မရဘူး"



www.burmeseclassic.com

www.burmeseclassic.com

"မမညီမတွေက မမဆီ ခဏ ခဏ ရောက်လာကြ မှာပဲ မောင်၊ ဒါကြောင့် မမအိမ်မှာပဲ ပဲမနေချင်တယ်"

"ခက်တာပဲ!"

"မောင့်မေမေကို အကျိုးအကြောင်း ပြောပြလို့ မရနိုင်ဘူးလား"

"နယ်သွားရင်တောင် ဖေဖေနဲ့မေမေက လိုက်ခဲ့ကြမှာ မမရဲ့"

"အို"

မောင်နှင့်လက်တွဲဖို့က သိပ်မလွယ်မှန်း မမ နားလည်နေမိ၏။

မောင်က တစ်ဦးတည်းသောသားလည်း ဖြစ်၊ ငွေကြေးလည်း ချမ်းသာ၊ ဆရာဝန် မင်းသားဆိုတော့ မိဘတွေ စိတ်မချ ဖြစ်နေကြတာ မဆန်းပေ။

သို့သော် မမနှင့် လက်ထပ်ပြီးချိန်အထိ စိတ်မချနိုင်ဖြစ်နေလျှင် မခက်ပါလား . . .





မမ တွေးပြီး ရင်မောနေမိ၏။

"မောင့်မိဘတွေကို မမနဲ့ လက်ထပ်ဖို့ ဖွင့်ပြောပြီးပြီလား မောင်"

"မောင်က ဖွင့်ပြောဖို့ မလိုဘူး၊ ဂျာနယ်တွေ ဖတ်ပြီး မောင်တို့ တစ်တွဲတွဲဖြစ်နေတဲ့ ကိစ္စကို မောင့်ဖေဖေနဲ့ မေမေက သိနေကြပြီ မမရဲ့"

"ဒါဖြင့် ဘာပြောကြသလဲ"

"ထုံးစံအတိုင်း မောင့်မေမေက ချေးများနေတယ်လေ"

"ဟုတ်လား ဆိုပါဦး"

"မောင့်ကို မင်းသမီးတစ်ယောက်နဲ့ လက်မထပ်စေချင်ကြဘူး။ သူတို့က ဆရာဝန်မတစ်ယောက်နဲ့ စေ့စပ်ပေးချင်ကြတယ်၊ အဲဒီက ကမ်းလှမ်းထားကြတာ ကြာပြီ မမရဲ့"

"အစကသာ ဒီအကြောင်းတွေကို သိရင် ရှင့်ကို ကျွန်မ ချစ်ခဲ့မှာ မဟုတ်ဘူး သိလား"

မမ ရင်ထဲမှာ မခံမရပ်နိုင် ဖြစ်ပြီး ပြောမိ၏။



www.burmeseclassic.com

www.burmeseclassic.com



မမလို နာမည်ကြီး မင်းသမီးတစ်ယောက်နဲ့ လက်ထပ်မှာကိုများ သဘောမတူဘူးတဲ့၊ အံ့ဩစရာ။

မောင်က မမ စိတ်ဆိုးသွားမှန်းသိ၍ ချော့မော့တောင်းပန်လိုက်သည်။

"ကိုယ်စကားပြော မှားသွားတယ်၊ ဆောရီးပဲနော် မမ ကိုယ်က ပွင့်ပွင့်လင်းလင်း ပြောတတ်လို့ပါ"

မမ မာနကို ထိုးဆွခံခဲ့ရသောကြောင့် မမ စိတ်ခုပြီး မျက်နှာတင်းနေမိသည်။ ပြီးတော့ ရန်တွေ့နေသည်။

"ဒီမှာမောင်၊ မမပြောတာ သေချာနားထောင်ပါ ရှင့်မိဘတွေက မမလို နာမည်ကြီး မင်းသမီးတစ်ယောက်နဲ့ သဘောမတူကြဘူးတဲ့လား။ ဆရာဝန်မှတဲ့လား။ ဆရာဝန် မဟုတ်ပေမယ့် မမက နာမည်ကြီး မင်းသမီးရှင့်၊ ရှင့်မိဘတွေ သိအောင် ပြောလိုက်ပါ၊ မမချစ်တာ ဒေါက်တာ မင်းဗညားမဟုတ်ဘူး။ မင်းသား မင်းဗညားပါလို့"

"ဆောရီးပဲ မမ၊ မောင် စကားပြော မှားသွားတယ် ကွာ၊ မောင့်မိဘတွေက မောင့်ကို မင်းသားမလုပ်စေချင်ဘူး။ ဆရာဝန်တစ်ယောက်အဖြစ်ပဲ မြင်ချင်ကြတာ၊ ဆရာဝန်အချင်းချင်းဆိုတော့ နယ်မှာ ဆေးသွားကုကြဖို့ လက်ထပ်ခဲ့ကြဘူး။ နယ်ပြောင်းရရင်လည်း အတူတူပဲလေ"

သူ့ တောင်းပန်ပန် ရှင်းပြနေမိသည်။

"ရှင့်မိဘတွေ သဘောမတူမှန်း သိရက်နဲ့တော့ လက်မထပ်ပါရစေနဲ့ ကိုမင်းဗညား"

မမ အသံက ပြတ်သားတင်းမာနေသည်။

"ဖေဖေနဲ့မေမေ သဘောတူအောင် ကိုယ်ပြောရမှာပေါ့ ကပါ မမရယ် ဖေဖေနဲ့မေမေ့ကို ခေါ်ပြီး အမြန်ဆုံး လာခွေစပ်မှ ဖြစ်မယ်ထင်တယ်"

"ကျွန်မဒေါ်လေးနဲ့ တိုင်ပင်ရဦးမယ်၊ သို့တင်းကျွတ်ရင် မေမေနဲ့ မောင်လေးတွေ ရန်ကုန်လာကြလိမ့်မယ်၊ မေမေ ရောက်လာမှ လာစေ့စပ်ပါ"

"ကောင်းပါပြီ မမရယ်"

သူက မမလည်တိုင်တွင် ဝတ်ထားသည့် ရွှေကြိုးမှာ သည်းပုံ ရွှေလော့ကတ်ပြားလေးကို ချိတ်ဆွဲပေးလိုက်သည်။







www.burmeseclassic.com

www.burmeseclassic.com



"တစ်သက်လုံး ဆွဲထားရမယ်နော် မမ"

"လက်ထပ်ဖြစ်ရင် တစ်သက်လုံး ဆွဲထားမှာပေါ့ မောင်ရယ်"

"ကြည့်စမ်း ... ကြည့်စမ်း၊ မမ ဘာတွေ ပြောနေတာလဲ၊ မောင်တို့ တစ်သက်လုံး အတူနေကြရမှာပါ မမရယ်"

သူက စကားဆုံးသည်နှင့် မမကိုယ်လုံးလေးကို သိမ်းကျုံးပွေ့ဖက်ထားလိုက်သည်။

❖ ❖ ❖





# အခန်း (၃)

မမက အသားဖြူပြီး မျက်နှာသွယ်သည်၊ နှာတံလုံးလုံး ...က်ဝန်းများ နက်မှောင်တောက်ပပြီး ရှုတ်ခမ်းတွေ လှပ၏။ ...အောက်နှုတ်ခမ်း ထူထူလေးက နီရဲပြီး ပြုံးလိုက်တိုင်း ...စ်စရာ ကောင်းလှသည်။ မျက်ခုံးနှစ်တန်းက သွယ်ပြီး ...ကွေးပုံစံ ကျနလှပ၏။ ပါးပြင်ထောင့်မှာ စပယ်တင်မဲ့နက် ...လေးနှင့် ...



www.burmeseclassic.com

www.burmeseclassic.com



ဆံပင်တွေက နက်မှောင်ထူထဲလှပသည် ...

သူက ထင်းရှူးပင်ကြီး တစ်ပင်ကို မှီပြီး ရပ်နေသည့် မမှကို ငေးကြည့်နေ၏။

"မောင်. ဘာတွေ စဉ်းစားနေတာလဲ"

"မောင် စဉ်းစားနေတာက မောင်တို့ လက်ထပ်ပြီးတဲ့ အခါ တစ်နေရာမှာ အေးအေးဆေးဆေး အနားယူကြမယ် နော်၊ ဘာဖြစ်လို့လဲဆိုတော့ မောင်ကော ချစ်ပါ အနုပညာ လုပ်ငန်းတွေနဲ့ တစ်နေ့မှ မအားလပ်ကြရဘူး။ တမင် အနား ယူမှပဲ နားကြရမှာလို့ ... အဲဒီ အကြောင်းတွေ တွေးနေ တာလေ"

"အဲဒီလို နားကြတဲ့အခါ ရန်ကုန်နဲ့ ဝေးဝေးမှာ နား ဖြစ်ကြမှာနော်၊ ရန်ကုန်နဲ့ နီးရင် ဒါရိုက်တာတို့ ပရိုဂျူဆာ တို့က လိုက်လာကြဦးမယ်"

"ဒါဖြင့် မောင်တို့ အခုရောက်နေကြတဲ့ တောင်ပေါ်မြို့ လေးမှာပဲ နားကြရအောင်နော် ချစ်"

သူတို့နှစ်ဦး ဇာတ်ကားတစ်ခု တွဲရိုက်ကြရင်း တောင် ပေါ်မြို့လေးတစ်မြို့ ရှိရာသို့ ရောက်နေကြသည်။





သူကို့အဖွဲ့တွင် စုစုပေါင်း လူသုံးဆယ်ခန့် ပါဝင်ကြ သည်။

သူတို့လာရောက်- တည်းခိုကြရသည့် ခြံကျယ်ကြီးနှင့် အိမ်ကြီးမှာ ခေတ်မီလှပ၍ ထည်ဝါလှ၏။

ခြံကျယ်ကြီးထဲတွင် ထင်းရှူးပင်များ၊ ကျွန်းပင်ကြီးများ နှင့် ဝက်သစ်ချပင် အချို့ကို တွေ့ရသည်။

ခြံကျယ်ကြီးအတွင်း ကျောက်ဆစ်ရုပ်များ၊ ရေပန်းပွား များနှင့် အလှစိုက် ပန်းပင်များ၊ စီးပွားဖြစ် စိုက်ထားသော သစ်ခွ ရောင်စုံပင်တန်းများကို တွေ့ရသည်။

ခြံကျယ်ကြီးအတွင်းရှိ ပေါင်းကူးတံတားလေး အနီးတွင် ကျောက်ခက်ပင်များ ရှိသည်။

"ချစ် ... တံတားပေါ် ထိုင်ရအောင်"

မမလက်တစ်ဖက်ကို ဆုပ်ကိုင်လျက် ပေါင်းကူးတံတား လေးပေါ် ထိုင်လိုက်ကြသည်။

တံတားအောက်ဘက်တွင် ကျောက်တုံးအချို့ ရှိနေပြီး စမ်းရေ တသွင်သွင် စီးဆင်းနေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"မမခြေထောက်တွေ ချပြီး စိမ်လိုက်မယ်နော်"

မမ ကလေးတစ်ယောက်လို ရေထဲ ခြေထောက်နှ ဘက်ချပြီး စိမ်ထားမိသည်။

သူက မမလုပ်သလို လိုက်လုပ်နေသည်။

"ဟိုမှာကြည့်စမ်း ချစ်"

ခပ်ဝေးဝေးရှိ ရှမ်းတောင်တန်းကြီးတွေကို သူ လက်ညှိုး ညွှန်ပြလိုက်သည်။ မြူနှင်းတွေ အုံ့ဆိုင်းနေသည့် ရှမ်းရိုး တစ်နေရာကား သာယာလှမ်းမောဖွယ် ကောင်းလှ၏။

"သိပ် သာယာတာပဲနော် မောင်"

"ကိုယ်တော့လေ ဒီလို နေရာလေးမှာ တစ်သက်လုံး ဆရာဝန်ဘဝနဲ့ အခြေတကျ နေချင်တယ်"

သူ့စကားကြောင့် မမ တွေဝေဝေးမောနေမိ၏။

သူက နေနိုင်ဦးတော့ ... မမက မင်းသမီးတစ် ယောက်မို့ ရလိုတောင်ပေါ်မြို့လေး တစ်မြို့တွင် အခြေတကျ နေနိုင်ပါ့မလား ...

"ဘယ်လိုလဲချစ်၊ မောင်နဲ့အတူ နေနိုင်ပါ့မလား"





မမ မဖြေနိုင်ပါ။

သူက မမကို အကဲခတ်ကြည့်နေရာမှ ရယ်မောလိုက် သည်။

"မောင့်မျက်နှာ တစ်ရှာမှတ်ထင်ဆိုတဲ့ သီချင်းကို ချစ် ကြားဖူးသလား"

"ပြောနေစရာမလိုတော့ပါဘူး မောင်၊ မောင်နဲ့ လက်ထပ်ပြီးရင် မောင်ခေါ်ရာနောက် တစ်ကောက်ကောက် လိုက်ခဲ့မှာပေါ့၊ မမ ရုပ်ရှင်မရိုက်တဲ့ ရက်တွေဆို မောင့်အနား မှာပဲ နေမယ်"

မမ စကားဆုံးတော့ သူ ခေါင်းခါရမ်းလိုက်သည်။

"ဟင့်အင်း၊ မောင့်အနားမှာပဲ ထာဝရရှိနေစေချင်တာ၊ မမ မင်းသမီးမလုပ်ရတော့ဘူး၊ မောင်လဲ အနုပညာလောက ကို စွန့်ပစ်ခဲ့မယ်"

"အို ရှင် ဘာတွေပြောနေတာလဲ၊ မမဟာ နာမည်ကြီး မင်းသမီးတစ်ယောက်ပါ၊ ဒီဘဝကိုတော့ မမ လွယ်လွယ် နဲ့ မစွန့်ခွာနိုင်ဘူး မောင်"



www.burmeseclassic.com

www.burmeseclassic.com



မမ ပြတ်ပြတ်သားသား ပြောလိုက်မိ၏။

"ဒါဖြင့် ကိုယ်တို့နှစ်ဦး လက်ထပ်ပြီးရင် တစ်ယော တစ်နေရာစီ ခွဲနေကြရတော့မှာပဲ"

"ခဏလေးဖြစ်ဖြစ် ခွဲနေကြရမှာပေါ့ မောင်ရယ်၊ စိ မပျက်ပါနဲ့"

မောင့်မျက်နှာ ညှိုးကျသွားသဖြင့် မမ ရင်ထဲမှ ထိခိုက်နေမိသည်။

သို့သော် မောင်ပြောခဲ့သည့်အတိုင်း နာမည်ကြ မင်းသမီးတစ်ယောက်၏ ဘဝကို စွန့်လွှတ်ဖို့ဆိုတာ မဖြစ်နိ ပေ။

"မောင်"

"ပြောပါချစ်"

"ချစ်ကို စိတ်ပျက်သွားပြီလား"

"စိတ်မပျက်ပါဘူး၊ ချစ်နေရာမှာ တစ်ခြားမင်းသ တစ်ယောက်ဆိုရင်လည်း ဒီလိုပဲ ပြောမှာပါ ချစ်ရယ်"





"မောင့်ကို သိပ်ချစ်တယ်၊ ဒါပေမယ့် မမဟာ ပုထုဇဉ် တစ်ယောက်မို့ မင်းသမီးဘဝကို မစွန့်လွှတ်နိုင်ဘူးမောင်"

"မောင် နားလည်ပါတယ် ချစ်ရဲ့၊ ဒါနဲ့ ချစ်မေမေ ရောက်လာပြီလား"

"ဟင့်အင်း၊ သီတင်းကျွတ်မှ ရောက်လာမှာ"

"သီတင်းကျွတ်ဖို့ သိပ်မလိုတော့ဘူး ချစ်၊ ချစ်မေမေ ရောက်လာရင် မောင့်မိဘတွေ လာစေ့စပ်ပေးကြမယ်၊ မေမေကတော့ ပြောတယ်၊ ချစ်နဲ့တွေ့ချင်တယ်၊ ချစ်ကို လေ့လာ အကဲခတ်ချင်လို့တဲ့"

မောင့်စကားကြောင့် မမ နှုတ်ခမ်းရှုသွားသည်။ ပြီးတော့ မေးသည်။

"မောင် ... မမက မင်းသမီးတစ်ယောက်ပဲ၊ မမကို မောင့်မေမေက မြင်ဖူးမှာပါ၊ အကဲခတ်စရာ လိုသေးလို့ လား"

"မင်းသမီးတစ်ယောက်ရဲ့ အမူအကျင့်ကို ဇာတ်လမ်း ထဲမှာထက် အပြင်မှာ ပိုပြီးသိချင်ကြတာ မဆန်းပါဘူး ချစ်ရဲ့၊



www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် မောင့်မေမေကို ချစ်ဆီ အလည်ခေါ်လာခွင့် ပြုရမယ်နော်''

မမ ခေါင်းညိတ်လိုက်ရသော်လည်း ရင်ထဲမှာ သိပ်မကျေနပ်လှပေ။

ဓောင်ပေါ်မြို့လေးတွင် သုံးရက်ခန့် ဆက်လက်နေထိုင်ခဲ့ကြပြီး ရန်ကုန်သို့ ပြန်လာခဲ့ကြရ၏။

❖ ❖ ❖





## အခန်း (၄)

နယ်မှ ပြန်လာခဲ့ကြပြီး တစ်ပတ်ခန့်အကြာတွင် မောင့်မိဘများကို ညနေစာ ကျွေးမွေးရန် ဖိတ်ကြားခဲ့ကြသည်။

ထိုနေ့က မမ၏ ညီမနှစ်ယောက်ဖြစ်ကြသည့် နှင်းနှင်းနှင့် ဝင်းဝင်းတို့ အိမ်ပြန်ရောက်နေကြ၏။



www.burmeseclassic.com

www.burmeseclassic.com



ညနေစာ ကျွေးမွေးရန်အတွက် အားလုံးဝိုင်းဝန်းပြင်ဆင်နေကြရင်း တစ်ယောက်တစ်ပေါက် ပြောဆိုနေကြသည်။

"မှုမချစ်သူက မင်းသားဆိုတော့ မမနဲ့ ဝါသနာတူနော်၊ မမက လိုက်ဖက်ညီတဲ့ စုံတွဲကို ရှာတတ်သားပဲ"

"ကိုမင်းဗညားကို အပြင်မှာ တစ်ခါမှ မမြင်ဖူးကြဘူး၊ ချောသလား"

"ရုပ်ရှင်ထဲက အတိုင်းပဲ"

"ဟင် ဒါဆိုသိပ်ချောတာပေါ့"

"တို့မမကလည်း အချောစားလေးပဲဟာ"

"ဒါပဲနော် မမ၊ မမတို့ လက်ထပ်ပြီးရင် ခွဲမသွားကြရဘူး။ ညီမတို့နဲ့ပဲ နေရမယ်"

"မမရဲ့ ခြံထိပ်မှာ အလှုပြင်ဆိုင် ဖွင့်ဖို့ Container ကြီး တစ်ခုလောက် ဝယ်ပေးရမယ်နော် ဒါဲ"

"အိုကော ... အိုကေ၊ ကဲ သပ်သပ်ရပ်ရပ်လည်း ဝတ်စားပြင်ဆင်ထားကြဦး။ ဧည့်သည်တွေ လာတော့မယ်"





မမ အချိုပွဲအတွက် သစ်သီးများ လှီးနေရာမှ လှမ်းပြောလိုက်သည်။

နှင်းနှင်းက နက်ပြာရောင်စကတ်ရှည် ခြေသလုံးခွဲနှင့် အပြာနုရောင် စပို့ရှပ်အင်္ကျီအကျပ်ကို ဝတ်ဆင်ထားပြီး ဆံပင်ကို ခပ်မြင့်မြင့် ပင့်စည်းထားပြီး နားကွင်းကြီးကြီး ပန်ထားသည်။

ဝင်းဝင်းကလည်း စကတ်နှင့်ပင် ဖြစ်၏။

စကတ်ရှည် နီညိုပွင့်ကို ဖာအင်္ကျီ ပန်းရောင်ရင့်ရင့် ကျပ်ကျပ်ဖြင့် ဝတ်ထားပြီး ဆံပင်က အတိုလေးမို့ ဝက်ဝံရုပ် ကလစ်လေးနှစ်ဖက် ထိုးထား၏။

နားဆွဲ သုံးဆင့်၊ နားပေါက်ကလည်း သုံးပေါက်မို့ ခပ်ပေါ့ပေါ့ ပုံစံပေါက်နေသည်။

မမက နက်ပြာခံပေါ် ရောင်စုံပွင့်များပါရှိသည့် ပါတိတ် ဝမ်းဆက်ကို ဝတ်ဆင်ထားပြီး ဆံပင်ကို ခပ်မြင့်မြင့် စည်းထားသည်။



www.burmeseclassic.com

www.burmeseclassic.com



နားတွင် စိန်ခြယ်နားကပ်ကြီးကြီး၊ လည်တိုင်တွင် စိန်ရှေ့လော့ကက်ကြီးကြီး ဘယ်ဘက်လက်ခလယ်နှင့် လက်သူကြွယ်တို့တွင် စိန်ခြယ်လက်စွပ်များနှင့် တန်းကွင်းများကို ဝတ်ဆင်ထားသည်။

"မမ . . . မမ ပြင်ဆင်ထားပုံက တိုက်ဂေါ်ပဲ၊ ယောက္ခမလောင်းတွေရှေ့မှာ ခပ်ေ့ကာ့ပော့လေး မကောင်းဘူးလား"

အကြီးမ နှင်းနှင်းက မမကို ကြည့်ပြီး ပြောသည်။

"ယောက္ခမတွေ ရှေ့မှာမို့ ဣန္ဒြေရရ ယဉ်ယဉ်လေး ပြင်ဆင်ထားတာ၊ သူ့မေမေက ချေးထူပုံရတယ်၊ မင်းသမီးဆိုပြီး သိပ်ပေါ့ထားဖို့ မသင့်တော်ဘူးလေ"

မမ ပြောပြနေသည်။ မမ စကားဆုံးသည်နှင့် အားလုံး ဝိုင်းရယ်လိုက်ကြ၏။

"ဟား ဟား တို့မမက ခုကတည်းက ကြောက်နေရပြီ ပေါ့"

"မင်းသားအမေဆိုတော့ ယောက္ခမရှိသေ အသက်ရှည်စေ့"





"တော်ကြစမ်း ဘာတွေ ပြောနေကြတာလဲ"

ထိုစဉ် ခြံကျယ်ကြီးထဲသို့ ကားကွေ့ဝင်လာပြီး အိမ်ကြီးရှေ့တွင် ထိုးရပ်လိုက်သည်။

"ဟော ဓမောင်တို့ လာကြပြီထင်တယ်"

မမရင်ထဲ လှုပ်ရှားပြီး ပြောလိုက်မိသည်။

နှင်းနှင်းနှင့် ဝင်းဝင်းတို့က အိမ်ရှေ့ခန်းသို့ ပြေးထွက်သွားကြ၏။

မမရှေ့မှ သူတို့ ထွက်သွားပြီး အိမ်အဝင်ဝမှာ ရပ်၍ ကြိုဆိုနေကြသည်။

မမ်က အလိုလိုက်ထားကြသူများမို့ မမနောက်မှ ယဉ်ယဉ်ကျေးကျေး နေကြရန် သတိမရကြ။

လူတွင်ကျယ် ဝင်လုပ်ကြသည်။

မင်းသားနှင့် မိဘနှစ်ပါးတို့ ကားပေါ်မှ ဆင်းလာကြတာ မြင်လိုက်သည်နှင့် . . .

"ဟော ကိုဗညားတို့ ရောက်လာကြပြီကိုး၊ မမ မျှော်နေတာ ကြာပြီရှင့်"



www.burmeseclassic.com

www.burmeseclassic.com



နှင်းနှင်း သွက်သွက်ယက်လက် ဆီးကြိုနုတ်ဆက်လိုက်သည်မို့ ဒေါ်အေးစိန် မျက်လုံးပြူးသွားသည်။

နှင်းနှင်း၏ စကတ်ကွဲ၊ ကိုယ်တျပ်အင်္ကျီများနှင့် ဆံပင်ပုံစံကို ကြည့်ပြီး မှသိမသာ နှာခေါင်း ရှုံ့လိုက်၏။

မင်းသား၏ မိခင်ဒေါ်အေးစိန်က စိတ်ထက်သလို စိတ်လည်း မြန်သည်။ ဒေါသလည်း ကြီး၏။ ရင်ထဲမှာ တစ်ခုခု ခံစားလိုက်ရတိုင်း မျိုသိပ်ထားဖို့ထက် ဒိုးခနဲ ဒေါက်ခနဲ ပြောဖို့ စိတ်သန်သူရယ်ပါ။

ဖခင်ဖြစ်သူ ဦးသိုက်ကောင်းကတော့ ဟန်ဆောင်ကောင်းသူရယ်ပါ။ ရင်ထဲမှာ ဘယ်လိုရှိရှိ အပြုံးမပျက် ပြောဆိုဆက်ဆံနေတတ်သူ။

"မင်းသား . . . မင်းသားက အပြင်မှာ ပိုချောတယ်"

ဝင်းဝင်းကလည်း ဟန်လုပ်ဖို့ပင် သတိမရ။

မင်းသားကို ကြည့်ပြီး ပြောချင်ရာ စွတ်ပြောနေသောကြောင့် မမကို မျက်လုံးဝေ့ရှာရင်း မင်းသား အသက်ရှူကျပ်နေမိသည်။





"ကြွပါ အန်တီနဲ့ အန်ကယ်၊ ကိုမင်းဗညား ဒီမှာ ထိုင်ကြပါ၊ မမ အခုပဲ ထွက်လာပါလိမ့်မယ်"

တင်အေးမြင့် ယဉ်ယဉ်ကျေးကျေး ညွှန်ခဲ့လိုက်မှပင် ညွှန်ခန်းအလယ်ရှိ ဆိုဖာများပေါ်တွင် ဝင်ထိုင်လိုက်ကြသည်။

မမ ထမင်းစားခန်းဘက်မှ ရှူးလာခဲ့၏။

ဒေါ်အေးစိန်၏ မျက်နှာတင်းတင်းဖြင့် ရင်ဆိုင်လိုက်ရသောကြောင့် ခြေလှမ်းတွေ မမှားအောင် သတိထားပြီး ထိန်းလိုက်ရသည်။

"မမ . . . ဒီမှာ မောင့်ဖေဖေနဲ့ မေမေ"

မမ ဆိုဖာတစ်လုံးပေါ်တွင် ဝင်ထိုင်လိုက်သည်။

မောင့်မိဘတွေကို ပြုံး၍ နှုတ်ဆက်လိုက်သည်။

မမကို အကဲခတ်ကြည့်နေကြပြီး ရင်ထဲမှာ ကျေနပ်နေမိကြသော်လည်း မြန်မာမတွေ ဖြစ်ပါလျက်နှင့် စကတ်တွေ ကိုယ်စီဝတ်ထားကြသည့် မမ၏ ညီအစ်မနှစ်ယောက်ကိုဖြင့် ရင်ထဲမှာ မကျေနပ်ကြ။



www.burmeseclassic.com

www.burmeseclassic.com



အမြင်ကပ်နေမိကြသည်။

သည်ကြားထဲ မရွှေချောနှစ်ယောက်က နေရာမှာ ဝင်မထိုင်ကြဘဲ မမထိုင်နေသည့် ဆိုဖာနောက်မှာ အခန့်သား ရပ်နေကြပြီး သွားတဖြီးဖြီး လုပ်နေကြသည် မဟုတ်ပါလား ...

မမကို အကဲခတ်နေရာမှ ထိုနှစ်ယောက်ကို အမြင်ကပ်နေသည့် မျက်ဝန်းများဖြင့် ဒေါ်အေးစိန် စူးခနဲ တစ်ချက် ကြည့်ပြီး မျက်နှာ လွှဲပစ်လိုက်သည်။

"အန်ကယ်နဲ့ အန်တီတို့ ညနေစာ သုံးဆောင်ကြတော့ မလားရှင်"

မမ ဘာပြောရမှန်း မသိသောကြောင့် မေးလိုက်မိခြင်း ပါ။ ဒါကို ဒေါ်အေးစိန် စိတ်ဆိုးသွားသည်။

"ဒီမှာ မင်းသမီး၊ အန်တီတို့ ရောက်လာတာ ထမင်း စားဖို့ကိစ္စ သက်သက်မဟုတ်ဘူးဆိုတာလဲ သတိရပါဦး"

"ရှင်"





"မင်းသမီးနဲ့ တွေ့ဖို့၊ ကြည့်ပြီး အကဲခတ်ဖို့ လှေလာဖို့ ရောက်လာကြတာလေ"

မမ ဘာပြောရမှန်း မသိတော့ဘဲ ခေါင်းတညိတ်ညိတ် ငြိမ် ...

"ဟုတ်ကဲ့ပါ အန်တီ၊ ဟုတ်ကဲ့ပါ အန်တီ" ဟု ပြော နေမိ၏။

နှင်းနှင်းနှင့် ဝင်းဝင်းတို့ မခံမရပ်နိုင်ဖြစ်ပြီး မျက်မှောင် ကြုတ်ကုပ် ဖြစ်နေကြသည်။

"ညီအစ်မတွေလား"

နှင်းနှင်းနှင့် ဝင်းဝင်းကို ကြည့်ပြီးမေးသည်။

"မမရဲ့ ညီမလေးတွေပါရှင်"

"မောင်နှမအားလုံး ဘယ်နှစ်ယောက်ရှိလဲ မင်းသမီး"

"ငါးယောက်ပါ၊ မောင်လေးနှစ်ယောက်လည်း ရှိပါ သေးတယ် အန်တီ"

"မောင်နှမတွေက အများသားပဲကိုး"

ဒေါ်အေးစိန်ကို မြင်မြင်ချင်း မည်သူမျှ သဘောမတွေ့ ကြပေ။



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်အေးစိန်ပုံစံကိုက မှာနကြီးပြီး ဇိဇာကြောင်နေ
ပေါ်လွင်နေသည်။

ထိုစဉ် ဧည့်ခန်းထောင့်ရှိ ပြောင်လက်နေသည့်
လှေကားကြီးပေါ်မှ ဒေါ်ညိုညိုနု တစ်လှမ်းချင်း ဆင်းလ

ဒေါ်ညိုညိုနုက ဖင်နမယ်ထမီစိမ်းဝါရောင်၊
လက်ရှည်အဝါနုကို ဝတ်ဆင်ထားပြီး ကြီးမားသော
ကို ရွှေဘီးဖြင့် ပတ်ထားသည်။

ဒေါ်ညိုညိုနု ပြင်ဆင်ထားပုံက သစ်လွင်တော
နေသောကြောင့် ဧည့်သည်ဒေါ်အေးစိန်နှင့် အပြိုင်အ
ဖြစ်နေသည်။

ဒေါ်အေးစိန် လှမ်းကြည့်ပြီး မျက်မှောင်ကုပ်သွား

ဒေါ်ညိုညိုနု ခန့်ထည်သော အမူအရာဖြင့်
တစ်လုံးပေါ်မှာ လာထိုင်လိုက်၏။

"မမရဲ့ ဒေါ်လေး အန်တီညိုညိုနုပါ၊ အန်တီန
မောင့်မိဘတွေလေ"

မမ မိတ်ဆက်ပေးလိုက်ခြင်းပါ။





ဒေါ်ညိုညိုနုက ပြုံး၍ ...

"တွေ့ရတာ ဝမ်းသာပါတယ်၊ မမ ပြောပြထားလို့
လုံးကို ကြိုတင်ပြီး သိနေပါတယ်"

ဟု နှုတ်ဆက်လေသည်။

ဒေါ်အေးစိန်က မဖော်ရွေလှသည့် မျက်နှာအမူအရာ
င် ...

"အဒေါ်လည်း ရှိနေတာကိုး၊ ဒါနဲ့ မိဘတွေကကော"
ပြောလိုက်၏။

"မေမေက နယ်မှာပါ သီတင်းကျွတ်တာနဲ့ ရောက်လာ
"' ဟု မမ ပြောလိုက်သည်။

"မမက အသိုင်းအဝိုင်းကောင်းတယ် မေမေ၊ မမ
လေးက မမ ရှုတင်တွေကို ကိုယ်တိုင်လိုက်တာလေ၊
ညီမဝမ်းကွဲတွေကလည်း လိုက်ကြတယ်၊ ဒါကြောင့်
ဖို့ မင်းသမီးတွေထဲမှာ နာမည်ပျက် မရှိဘူး"

မင်းသားက မိခင်ဖြစ်သူ စိတ်ကျေနပ်စေရန် ပြောနေ
ပါ။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် ဒေါ်အေးစိန် ရင်ထဲမှာတော့ မကျေနပ်

ရှာသူတစ်ယောက် စားသူတစ်ရာဆိုတဲ့ စကားလို

လား … လူတွေကလည်း များလိုက်တာ …ဒီလော

မောင်နှမများ … ဆွေမျိုးများတဲ့ မင်းသမီး … ငါ့သား

သာ လက်ဆက်ပေးလိုက်ရင် ငါ့သားလေးခမျာ ပလိုင်းပေါ

နဲ့ ဖားကောက်သလို ဖြစ်နေတော့မှာပဲ …ဟု တွေး

စိတ်မကောင်း ဖြစ်နေမိတာ အမှန်။

ဟန်ဆောင်ထားသော်လည်း သူမ မျက်နှာက မကြ

လင် မလန်းဆန်းနိုင်တော့ပေ။

"ကဲ ညနေစာ သုံးဆောင်လိုက်ပါဦး"

ဒေါ်ညိုညိုနု ဦးဆောင်ပြီး ထမင်းစားခန်းထဲ ခေါ်လာ

ကြသည်။

မင်းသားမိဘတွေမို့ အားလုံး အရေးတယူ ဖြစ်နေ

ပြီး ပျာယာခတ်မျှ ဂရုစိုက်ကြသည်။

"တစ်ခါတည်း ဝင်စားလိုက်ပါလား မမ"



မင်းသားက မမကိုပါ တစ်ခါတည်း ဝင်စားရန် ခေါ်နေ သောကြောင့် မှမ မနေသာတော့ဘဲ မင်းသားနှင့် ယှဉ်တွဲ ပြီး ထမင်းပွဲမှာ ဝင်ထိုင်လိုက်ရသည်။

ဒေါ်ညိုညိုနု၊ ဦးသိုက်ကောင်း၊ ဒေါ်အေးစိန်၊ မင်းသား နှင့် မမတို့ ငါးယောက်သာ ထမင်းဝိုင်းမှာ ထိုင်ကြပြီး ကျန်လူ များက စားပွဲထိုး ဝင်လုပ်ကြသည်။

ဒေါ်အေးစိန် ပန်းကန်ထဲ ဝက်သားဟင်း ခပ်ထည့်သူ ထည့်၊ ငါးသလောက်ဥကြော် ထည့်သူထည့်ပေးနှင့် ဒေါ်အေး စိန် စိတ်တွေ ရှုပ်ထွေးပြီး ထမင်းပွဲမှ ထပြေးချင် နေမိသည် မဟုတ်ပါလား …

"မေမေက ခြေလေးချောင်းသား မစားဘူး မမရဲ့ ကိုယ် ကြိုပြီးမပြောမိဘူး"

"အို အားနာလိုက်တာ အန်တီရယ်၊ နှင်းနှင်း ပန်းကန် အသစ်တစ်ချပ် ပေးပါ၊ အန်တီ့အတွက် ထမင်းပန်းကန် ပြန်ပြင်ပေးပါ၊ စိတ်မရှိပါနဲ့ အန်တီ"

www.burmeseclassic.com

www.burmeseclassic.com



နှင်းနှင်းနှင့် ဝင်းဝင်း စားပွဲထိုးလုပ်တာ ကောင်းသောကြောင့် ဒေါ်အေးစိန် ခပ်မဲ့မဲ့ မျက်နှာဖြင့်ပင် အောင့်သက်သက် ဆက်ပြီး စားနေရသော်လည်း

. . . အို ရှုပ်လိုက်ကြတာ၊ တကယ့်ကို ယဉ်ကျေးမှုမရှိကြတဲ့ အသိုက်အဝိုင်းတွေပဲ . . . ဟု ရင်ထဲမှာ ခါးသည်းစွာ တေးမှတ်ထားလိုက်မိသည်။

ဒေါ်အေးစိန်တို့ သဘောတူနေသည့် ဆရာဝန်မလေးသက်ငုံဖူးနှင့်သာဆိုလျှင် ဘယ်လောက်ကောင်းလိုက်မလဲ . .

ခုလို ရှုပ်ရှုပ်ထွေးထွေးတွေ မြင်ရမှာ မဟုတ်။

သက်ငုံဖူးက တစ်ဦးတည်းသော သမီးလည်းဖြစ်၊ အေးလည်းအေးဆေးပြီး ယဉ်ကျေးလှသည်။

"စားမကောင်းလို့လား အန်တီ၊ ထပ်ယူပါဦး"

"ဟင်းရာက စုံတော့ အန်တီ ကြိုက်ပါ့မလား"

"ကိုညွှား စားလို့ မြိန်ရဲ့လား"

"အန်ကယ်ကြီး ရှောက်သီးသုပ် အုံးဆောင်ပါဦး"

"ငါးသလောက်ပေါင်းက မြေပဲနဲ့ ပေါင်းထားတာ"





"ကြက်သားဆီပြန်က စပ်စပ်လေးနော်"

မ်န်းကလေးတွေ တစ်ယောက်တစ်ပေါက် ဖော်ရွေကြပုံက အိမ်ရှင်နှင့် မတူတော့ဘဲ ထမင်းဆိုင်နှင့် တူနေည်ဟု ဒေါ်အေးစိန် စိတ်ထဲမှာ ထင်နေမိသည်။

အချိုပွဲပင် ကောင်းစွာ မစားဖြစ်တော့ဘဲ စိတ်ရှုပ်ထွေး ဧည့်ခန်းထဲ ပြန်ရောက်လာရသည်။

ကြာကြာပင် မနေဖြစ်တော့ဘဲ နှုတ်ဆက်ပြီး ပြန်လာခဲ့ သည်။

ဒေါ်အေးစိန် မျက်စိမျက်နှာ မကောင်းတာကို အားလုံး ရိပ်မိကြသည်။

အပြန်လမ်းတွင် စကားတစ်ခွန်းမှ မပြောဘဲ တွေတွေ ဝေ ဒေါ်သဖြစ်နေသည့် ဒေါ်အေးစိန်ကို ကြည့်ပြီး င်းသားက . . .

"မေမေ ဘယ်လိုလဲ၊ မမကို သဘောကျရဲ့လား" မေးလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"သဘောကျရဲ့လား ဟုတ်စ၊ မင်းမို့ ဒီစကားမျိုး မေးရက်တယ်၊ မင်းရွေးချယ်ထားတဲ့ ဇနီးလောင်းမှာ ဘာမှက် စရာရှိလို့လဲ ဗညား"

ဒေါ်အေးစိန့် စကားကြောင့် သားဖြစ်သူ စိတ်မကောင်း ဖြစ်သွား၏။

"မမမှာ အပြစ်ပြောစရာ တွေ့လို့လား မေမေ"

ဟု အရဲစွန့်၍ မေးလိုက်၏။

"အပြစ်ဆိုစရာတွေ နင်မမြင်ဘူးလားဟဲ့ ... ထမင်း လာစားတဲ့ ညှော်သည်နားညည်းလောက်အောင် ကျွက်ကျွက် ညံနေတာပဲ၊ ရှိန်းလိုက်ကြတာ"

"ဒါတော့ ညှို့ဓာတ်ကျွမ်းကြတာပါ မေမေ"

"ဘာ ညှော်ဝတ်လဲ၊ ယဉ်ယဉ်ကျေးကျေး ညှော်ခံလဲ ညှော်ဝတ်ပဲ၊ စီစီညံနေအောင် ညှော်ခံမှ ညှော်ဝတ် မဟုတ်ဘူး"

"မေမေက မမတို့အိမ်မှာ လူများလို့ စိတ်နဲ့မတွေ့ဘူး ထင်တယ်"





"နင့်ကို အဲဒီဟာမှန်နဲ့ လုံးဝသဘောမတူဘူး၊ ဘယ့်နဲ့ တစ်အိမ်လုံး ရှာသူတစ်ယောက်၊ စားသူတစ်ရာဖြစ်နေလိုက် ကြတာ၊ နင့် ခယ်မလောင်းနှစ်ယောက် ဝတ်ထားတဲ့ ပုံစံ ကိုလည်း ကြည့်ဦးလေ၊ မြန်မာဝိနီးကလေးတွေဖြစ်ပြီး ဘိုစိတ်ပေါက်နေကြတာ နလုံးနာစရာ"

ဒေါ်အေးစိန် ဟန်မဆောင်တတ်သူမို့ ရင်ထဲရှိသမျှ ဖွင့်ဟလိုက်သည်။

"ဟုတ်တယ် သား၊ မင်းခယ်မတွေ ကြည့်ရတာ ဝတ်စားဆင်ပြင်မှု မယဉ်ကျေးဘူး" ဟု ဖခင်က ဝင်ပြော သည်။

"ဒါတော့ ခေတ်ရေစီးကြောင်းနဲ့ အညီ ..."

"ဘာခေတ်ရေစီးကြောင်းလဲ၊ မင်းသမီးတောင် စကတ် မဝတ်ဘူး မဟုတ်လား၊ သူတို့က အစ်မကို မှီပြီး အသုံး အဖြုန်း ကြီးနေပုံရတယ်"

ဒေါ်အေးစိန် သူ့အမြင်ကို ပြောနေသည်။

မင်းသား ဦးနှောက်ခြောက်ပြီး ဘာမှမပြောဘဲ ငိုင်တွေ နေတော့၏။



www.burmeseclassic.com

www.burmeseclassic.com

"တို့သဘောတူတဲ့ ဆရာဝန်မလေး သက်ငုံဖူးနဲ့ယှဉ်ကြည့်စမ်း၊ ယဉ်ကျေးနူးညံ့ပုံက ကွာလိုက်တာ"

"ဒါတော့ မမကိုယ်တိုင် မယဉ်ကျေးတာမှ မဟုတ်ဘဲ မေမေ၊ သူ့ညီမတွေက ဖော်ရွေလို့ပါ"

"မင်းရဲ့မမက ဘာဖြစ်လို့ ဒီလောက်များများ မိန်းကလေးအုပ်စုကြီး ခေါ်ထားရတာလဲ၊ ဝမ်းကွဲညီမတွေကလဲ အများကြီး"

"ဒါတော့ ဘယ်သိမလဲ မေမေ၊ သူ့အတွက်အားကိုးရလို့ ဖြစ်မှာပေါ့"

"အဒေါ်တစ်ယောက်ကလဲ ရှိသေးတယ်၊ ခန့်ထည်အောင် ဟန်ကြီး တစ်ခွဲသားနဲ့၊ တို့က သူ့ကို မော့ကြည့်ရအောင် ကျွန်းလှေကားကြီးပေါ်ကနေ မျက်နှာကြီးမော့ပြီး ဆင်းလာတာ"

ဒေါ်အေးစိန် မကျေနပ်တိုင်း ပြောနေသည်မို့ မင်းဗညား စိတ်ညစ်နေမိ၏။

"ကဲ တော်ပါတော့ မေမေ၊ မမအိမ်ကို ခေါ်သွားမိတာ မှားပြီ ထင်တယ်" ဟု ပြောလိုက်သည်။





"သူ့ညီမတွေကိုလဲ အလိုလိုက်ထားပုံရတယ်၊ ဒီကြားထဲ မောင်လေးနှစ်ယောက်က ရှိသေးသတဲ့၊ ပလိုင်းပေါက်နဲ့ ဖားကောက်သလို ဖြစ်နေတော့မှာပဲ ဗညားရယ်"

ရင်ထုမနာသံဖြင့် ဒေါ်အေးစိန် ပြောနေခြင်းပါ။

မိခင်ဖြစ်သူ သဘောမကျမှန်း နားလည်ခဲ့ရပြီမို့ မင်းဗညား ဘာမှ မပြောတော့ဘဲ တိတ်ဆိတ်ငြိမ်သက်နေမိ၏။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

မင်းသားတို့ မိသားစု ပြန်သွားသောအခါ တစ်အိမ်လုံး ဝေဖန်သံတွေ ဆူညံ၍ ကျန်ရစ်ခဲ့ရသည်။

"မင်းသားအမေ ကြည့်ရတာ ဟန်မကျပါဘူး မယ်ရယ်၊ ညီမလေးတို့ကို ပြုံးပြဖို့တောင် ဝန်လေးနေတာ"





"ဟုတ်တယ်မမ၊ အဘွားကြီးကြည့်ရတာ စိတ်ကောင်းမရှိလှဘူး။ မာနကြီးကြီး ဘဝင်မြင့်တဲ့ ပုံစံပဲ၊ ပြီးတော့ မမလို နာမည်ကြီး မင်းသမီးနဲ့ သူ့သား မတန်ဘူးလို့များ ထင်နေသလား မသိဘူး"

အကြီးမ နှင်းနှင်း မခံမရပ်နိုင်စွာ ပြောနေမြင်းပါ။ အငယ်မကလည်း ...

"ဟုတ်တယ် မမ၊ အဘွားကြီး ကြည့်ရတာ တစ်မျိုးကြီးပဲ၊ မမကို ဖော်ဖော်ရွေရွေ စကားမပြောသွားဘူးနော်" ... ဟု ပြောသည်။

ဒေါ်ညိုညိုနုက နှုတ်ခမ်း မဲ့လိုက်ပြီး ...

"ပြောသွားတယ်လေ၊ ငါ့ကို မြင်တော့ အဒေါ်လဲ ရှိနေတာကိုး ... တဲ့၊ ကြည့်ရတာ ခုလို သိုင်းသိုင်းဝိုင်းဝိုင်း နေကြတာကို ကြိုက်နှစ်သက်ပုံ မရဘူး"

ဟု ဝင်ပြောလေသည်။

"မကြိုက်ရင် လဲသေလိုက်ပေါ့၊ အလကားအဘွားကြီး၊ မင်းသားအမေဆိုပြီး ဘဝင်မြင့်နေလိုက်တာ"



www.burmeseclassic.com

www.burmeseclassic.com



အားလုံးပြောသမျှ မှန်နေသည်မို့ မမ ဘာမှမပြော ငိုင်တွေနေမိသည်။

ဒေါ်အေးစိန်၏ ခပ်စိမ်းစိမ်း အမူအရာကြောင့် ကိုယ်တိုင် ဘဝင်မကျ ခံစားနေရသည် မဟုတ်ပါလား ...

• ဟန်ဆောင်၍ မရလောက်အောင် တင်းမာနေသည့် ဒေါ်အေးစိန် မျက်နှာထားကို မမ စိတ်ပျက်နေမိတာ အမှန် ရယ်ပါ။

နှင်းနှင်းနှင့် ဝင်းဝင်းကို အမြင်ကပ်နေသည့် မျက် များဖြင့် ဒေါ်အေးစိန် စူးခနဲ ကြည့်ပြီး မျက်နှာလွှဲပစ်လို သောကြောင့် မမ ဘာလုပ်ရမှန်း မသိဘဲ ...

◆ "အန်ကယ်နဲ့ အန်တီတို့ ညနေစာ သုံးဆောင် တော့မလားရှင်" ... ဟု မေးခဲ့မိ၏။

ဒါကို ဒေါ်အေးစိန်က စိတ်ဆိုးဆိုးဖြင့် ...

◆ ဒီမှာ မင်းသမီး၊ အန်တီတို့ ရောက်လာတာ ထမ စားဖို့ကိစ္စ သက်သက်မဟုတ်ဘူးဆိုတာလဲ သတိရပါဦး ...





ဟု မျက်နှာမထောက်ဘဲ အော်ငေါက်ခဲ့တာကို ပြန်စဉ်းစား မိပြီး ရင်ထဲမှာ ခါးသည်းနေမိသည်။

◆ မောင်နှမအားလုံး ဘယ်နှစ်ယောက် ရှိသလဲ မင်းသမီး

◆ ငါးယောက်ပါ၊ မောင်လေးနှစ်ယောက် ရှိပါ သေးတယ် အန်တီ ...

◆ မောင်နှမတွေက အများသားပဲကိုး ...

မောင့်မေမေ ပြောသွားသမျှ ဒါအကုန်ပဲ ဖြစ်သည်။ လုံးဝ မျှော်လင့်မထားခဲ့သည့် ပုံစံမျိုးဖြင့် မောင့်မေမေ က ရောက်လာခဲ့သည် မဟုတ်ပါလား ...

ဒေါ်အေးစိန်ကို ယောက္ခမတော်ရမှာပင် တွေးပြီး ကြောက်နေမိသည်။

"သေသေချာချာ စဉ်းစားနော် မမ၊ မင်းသားအိမ်ကို လိုက်သွားဖို့ လုံးဝ မစဉ်းစားနဲ့၊ ညည်းကို ကောင်းကောင်း ဆက်ထားမယ့် ပုံစံပဲ"



www.burmeseclassic.com

www.burmeseclassic.com



အခေါ်ဖြစ်သူက ပူပန်စွာ ပြောနေသည်။

မြင့်မြင့်ဌေးနှင့် တင်အေးမြင့်ကလည်း မမအတွက် ရတက်မအေးနိုင်အောင် ဖြစ်နေကြသည်။

"ဟုတ်တယ် မမ၊ လုံးဝလိုက်မသွားနဲ့၊ မမကို နှိပ်စက်မယ့်ပုံပဲ"

"ဒီအဘွားကြီးပုံစံနဲ့ မမ စိတ်ဆင်းရဲလိမ့်မယ်"

"မမ နားလည်ပါတယ်၊ သူတို့အိမ်ကို လိုက်သွားရင်များ စိတ်မကူးဝံ့ပါဘူး"

ဟု မမ ပြောပြီး ပခုံးနှစ်ဖက် တွန့်လိုက်မိသည်။

သည်တော့မှပင် အားလုံးပြုံးနိုင်၊ ရယ်နိုင်ကြလေသည်။

❖ ❖ ❖





## အခန်း ( [illegible] )

"သား"

"ဗျာ ဖေဖေ"

"သားနဲ့ ဆွေးနွေးစရာ ရှိတယ်၊ သား ဆေးရုံသွားတော့မလား"

မင်းဗညား လက်မှနာရီကို ငုံ့ကြည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

ပြီးတော့ ပြောသည်။

"အချိန် စောပါသေးတယ် ဖေဖေ"

"ဒါဖြင့် လာကွာ၊ ပြောစရာလေးတွေ ပြောရအောင်"

ညှိခန်းထဲရှိ ဆိုဖာထိုင်ခုံများပေါ်တွင် မျက်နှာချင်းဆိုင် ထိုင်လိုက်ကြသည်။

"ပြောပါ ဖေဖေ"

"မင်းမေမေ နေမကောင်းဘူးဆိုတာ သား သိတယ် နော်၊ မေမေ့အတွက် ဖေဖေ စိုးရိမ်နေမိတယ်"

"မေမေ နေကောင်းသွားမှာပါ ဖေဖေ"

"မင်းမေမေမှာ နှလုံးရောဂါ ရှိတယ်ဆိုတာ မင်းအသိ သားပဲ၊ ခုစိတ်ကြောင့် အိပ်ရာထဲ လဲနေရပြီ"

မင်းဗညား ငိုင်တွေနေမိပြီ။

မမတို့အိမ်သို့ ညနေစာစားရန် ခေါ်သွားပြီး ပြန်လာ သည့်နေ့မှစ၍ သူ့မေမေ အိပ်ရာထဲ ဘုံးဘုံးလဲခဲ့ရသည်။

ဒေါ်အေးစိန်က စိတ်လည်းကြီးသူမို့ မင်းသမီးနှင့် လက်မထပ်ရဟု ယတိပြတ်တားဆီးခဲ့ပြီး မင်းသားထံမှ ကတိ





မရမချင်း စိတ်မကျနိုင် ဖြစ်နေသည် မဟုတ်ပါလား ...

"မိဘ စိတ်ဆင်းရဲအောင် မလုပ်သင့်ဘူး သား။ အထူး သဖြင့် မွေးသမိခင်ကို ပြုစုစောင့်ရှောက်ရမယ်၊ မိဘသဘော မတူတဲ့ ကိစ္စ ရှေ့မတိုးမှ သားအလိမ္မာ ဖြစ်မှာပေါ့ကွာ"

ဦးသိုက်ကျော်င်းစကားကြောင့် မင်းဗညား သက်ပြင်း ရှိုက်နေမိသည်။ ပြီးတော့ မေးသည်။

"မမမှာ ဘာအပြစ်ရှိလို့ ဒီလောက် တားမြစ်နေရတာ လဲ ဖေဖေ၊ မမဟာ နာမည်ကြီး မင်းသမီး တစ်ယောက်ပါ၊ ဒီအဆင့်ရောက်အောင် မမ အတော်ကြိုးစားခဲ့ရမှာပါ ဖေဖေ"

"ဘယ်အဆင့်ပဲရောက်ရောက် သူ့မှာ ပတ်ဝန်းကျင် အသိုင်းအဝိုင်းဆိုတာ ရှိတယ် သား၊ သူ့အသိုင်းအဝိုင်းကြီး တစ်ခုလုံးကို မင်းမေမေကမှ လက်မခံနိုင်တာ"

"ခက်တယ် ဖေဖေ၊ မမနဲ့ သား ဘာမှလဲ ကတောက် ကဆ မဖြစ်ကြဘဲနဲ့ လမ်းခွဲရမှာ တစ်ဖက်သတ် မဆန်လွန်း ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



မင်းဗညား စိတ်ထိခိုက်စွာ ပြောလိုက်သည်။

"ဒါတော့ မင်းမေမေရဲ့စိတ်ကို မင်းသိပါတယ်ကွာ၊ မိန်းမတစ်ယောက်ရဖို့ မိဘအသက်နဲ့လဲပြီး ယူဝံ့တယ်ဆိုရင် မင်းသဘောပဲလေ"

ဦးသိုက်ကောင်း ပြောရင်း မျက်နှာကြီး တင်းမာလာလေသည်။ မင်းဗညား သက်ပြင်းရှိုက်လိုက်မိပြီး ...

"မေမေ့ကို တောင်းပန်ပေးပါလား ဖေဖေ ကျွန်တော့်ဘဝမှာ ဘယ်မိန်းကလေးကိုမှ မချစ်ခဲ့ဖူးဘူး။ ရည်းစားတောင် မထားခဲ့ဖူးတာ ဖေဖေသိပါတယ်၊ မမကိုတော့ ကျွန်တော် လက်ထပ်ချင်ပါတယ် ဖေဖေ"

မိခင်ဖြစ်သူအား ဖျောင်းဖျပြောဆိုပေးရန် ဖခင်ဖြစ်သူကို အကူအညီ တောင်းနေမိခြင်းပါ ...

သို့သော် ဖခင်ဖြစ်သူက သဘောမတူပေ။

"အချစ်ဆိုတာ ငယ်ရွယ်စဉ်ကာလတစ်ခုတည်းအတွက် အသုံးဝင်တဲ့ အရာပါကွာ၊ ဘဝအဖော်မွန်ဆိုတာက အသက်တွေ ကြီးရင့်အိုမင်းလာတဲ့အချိန်အထိ အဖိုးတန်တဲ့





အရာပဲ သက်ဝင်ယုံကြည်မှုနဲ့သာဆိုရင် တစ်သက်လုံး အေးအေးချမ်းချမ်း ပျော်ပျော်ရွှင်ရွှင် ဖြစ်သွားမှာ"

"ကျွန်တော့်အသက် နှစ်ဆယ့်ခြောက်နှစ် ရှိပါပြီ ဖေဖေ၊ ကျွန်တော့် အိမ်ထောင်ရေးကို ကျွန်တော် ဆုံးဖြတ်ပါရစေ"

သူ တောင်းပန်နေမိ၏။

ဖခင်ဖြစ်သူက နည်းနည်းမှ ခေါင်းညိတ်ချင်ပုံ မပေါ်ပေ။

"သားကို ဒီတစ်ခါပဲ လိုက်လျောပေးပါ ဖေဖေခင်ဗျား"

"ကောင်းပြီ၊ မင်းဆရာဝန်ဖြစ်ပြီး နယ်သွားရရင် မမကို တစ်ခါတည်း ခေါ်သွားနိုင်သလား"

ဖခင်အမေးကြောင့် သူတွေဝေနေမိသည်။

မမ ပြောခဲ့သည့် စကားကို သူသတိရနေမိသည် မဟုတ်ပါလား ...



www.burmeseclassic.com

www.burmeseclassic.com



- မမ ရုပ်ရှင်မရိုက်တဲ့ ရက်တွေဆို မောင့်အနား မှာပဲ နေမယ်
- မမဟာ နာမည်ကြီးမင်းသမီး တစ်ယောက်ပါ။ ဒီဘဝကိုတော့ မမ လွယ်လွယ်နဲ့ မစွန့်နိုင်ဘူး မောင် ...

"ဖေဖေမေးတာ ဖြေစမ်းပါ သား၊ မင်းဆရာဝန် ဖြစ်ပြီး နယ်သွားရတဲ့နေ့မှာ မင်းသမီးကို ခေါ်သွားနိုင်မလား"

သူ ရုတ်တရက် မဖြေဘဲ ငိုင်တွေဝေနေပြီးမှ ခေါင်းခါ ရမ်းလိုက်သည်။

"မခေါ်သွားနိုင်ဘူး ဖေဖေ"

"ဘာဖြစ်လို့လဲ"

"မမဟာ မင်းသမီးတစ်ယောက် ဖြစ်နေလို့ပဲ၊ မမဟာ ကျွန်တော့်ကို သိပ်ချစ်ပါတယ်၊ ဒါပေမယ့် မမဟာ ပုထုဇဉ် တစ်ယောက်မို့ မင်းသမီးဘဝကို မစွန့်လွှတ်နိုင်ဘူး ဖေဖေ"

"ဒါကြောင့် မင်းကို ပြောနေရတာပေါ့ သား၊ မင်းသမီး





ကို လက်မထပ်သင့်ဘူးလို့၊ မင်းနဲ့ စိတ်တူကိုယ်တူ ဖြစ်မယ့်၊ မင်းသွားရာနောက်ကို အတူ ယှဉ်တွဲပြီး လိုက်ခဲ့နိုင်မယ့် ဇနီးလောင်းကိုပဲ လက်ထပ်သင့်တယ်လို့"

"မမနဲ့ ကျွန်တော် စိတ်တူကိုယ်တူပါပဲ ဖေဖေ၊ မင်းသားနဲ့ မင်းသမီးလေ"

"တို့က မင်းကို မင်းသားလုပ်ဖို့ တစ်ခါမှ မတိုက်တွန်း ခဲ့ဖူးဘူး၊ မင်းဘာသာ ဝါသနာအရ မင်းသားတစ်ယောက် ဖြစ်ခဲ့တာပဲ"

မင်းဗညား ဆက်လက်မပြောလိုတော့သဖြင့်

"ဒီကိစ္စအတွက် ဖေဖေတို့ စဉ်းစားပေးပါ၊ သားလဲ စဉ်းစားမယ် ဖေဖေ" ဟု ပြောလိုက်သည်။

မမကို အသည်းနင့်အောင် ချစ်မိနေသော်လည်း မမ၏ အသိုင်းအဝိုင်းမှာ မိန်းကလေးတွေ များလွန်းနေတာကိုတော့ သူလည်း မနှစ်မြို့က်လှပေ။

သူတစ်ယောက်တည်း ဆေးရုံသို့ ထွက်လာခဲ့ရင်း ကားကို ဖြည်းဖြည်း မောင်းလာခဲ့မိ၏။



www.burmeseclassic.com

www.burmeseclassic.com



"တီ .. တီ .. တီ .. တီ"

သူ့ဆယ်လူလာဖုန်း မြည်လာသောကြောင့် နားမှာ ကပ်၍ နားထောင်လိုက်သည်။

"ဟလို"

"ဪ မမ"

"မောင်က မမအသံကို မှတ်မိသားပဲ"

"ဟုတ်တယ် မမ၊ မောင် ချက်ချင်းပဲ မှတ်မိတယ်လေ"

"မောင်နေကောင်းရဲ့လား"

"ဘာဖြစ်လို့လဲ မမ"

"မောင့်အသံ တစ်မျိုး ဖြစ်နေလို့ပါ"

"ဪ ဟုတ်လား၊ မမ ထင်လို့ပါ။"

"မောင်"

"မမ ဘာပြောမလို့လဲ"

"ဒီကနေ့ ညနေ ... မောင်ရယ် ချစ်ရယ် တွေ့ကြရအောင်နော်"



"အိုကေ ... အိုကေ၊ ညနေစာ ဘယ်မှာ စားမလဲ ပြောချစ်၊ စိဒိုးနားမှာလား"

"စိဒိုးနားမှာ ညနေစာ စားပြီး အေးအေးဆေးဆေး စကားပြောကြမယ်နော် မောင်"

မမ အသံက ကြည်လင်လန်းဆန်းပြီး သူ့ရင်ထဲ ကြည်နူးနေရသည်။

"ဒင်နာစားပြီး မမကို မောင်ပြန်ပို့ပေးမယ်လေ၊ ဒါကြောင့် မမအိမ်မှာပဲ စောင့်နေ၊ ဒင်နာစားဖို့ မောင်လာခေါ်မယ်"

"ကောင်းပြီမောင် ... ဘိုင့်ဘိုင်"

မမ ဖုန်းပိတ်သွားသည်။

ဆေးရုံထဲသို့ ကားကို ကွေ့ဝင်လာခဲ့၏။ ပြီးတော့ ကားရပ်ပြီး သော့ပိတ်လိုက်သည်။

... မတတ်နိုင်ဘူး၊ ဒင်နာစောစောစားပြီး ရှုတင်ရောက်အောင် သွားရမှာပဲ ... ဟု တွေးနေမိ၏။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၇)

ဗညား ဆေးရုံမှအပြန်တွင် အိမ်ဝင်ပြီး ရေမိုးချိုးနေစဉ် ပရိုဂျူဆာ ရောက်လာပြီး စောင့်နေ၍ မနည်းပြောဆို တောင်းပန်နေရခြင်းပါ။





"ကျွန်တော် သွားစရာလေး တစ်ခုရှိလို့ပါ၊ ကျွန်တော် ပြန်လာဖြစ်အောင် ပြန်လာခဲ့ပါ့မယ်"

ပရိုဂျူဆာက သိပ်သဘောမကျပေ။

သူ့ကို အကဲခတ်ကြည့်နေပြီး ဝေဖန်သည်။

"မင်းသား ခုတလော ရှုတင်အချိန်တွေ လွဲလွဲနေတယ်၊ ဘာကိစ္စ သွားရမှာလဲ မင်းသား၊ ကျွန်တော့် မင်းသမီးနဲ့ ချိန်းထားတာ ထင်တယ်"

ပရိုဂျူဆာ စကားက မှန်နေသောကြောင့် မင်းဗညား မျက်နှာ ကွက်ခနဲ ပျက်သွားရသည်။

ညှိခန်းထဲတွင် အခန့်သား ထိုင်ပြီး စောင့်ကြည့်နေသည့် ဒေါ်အေးစိန်က မျက်နှာကို မော့လိုက်ပြီး မနှစ်မြို့က် ဟန်ဖြင့် ဝင်ပြောလိုက်သည်။

"ဟုတ်လား သား ဒီ မင်းသမီးကြောင့် ငါ့သား အလုပ်ကိုပါ ထိခိုက်လာပြီ"

"ဒီလို မဟုတ်ပါဘူး မေမေ"



www.burmeseclassic.com

 www.burmeseclassic.com 

"ဘာဖြစ်လို့ မဟုတ်ရမှာလဲ သား။ မင်းသမီးကိုပဲ ဦးစားပေးနေတော့ သားလုပ်ငန်းတွေ ကြာရင် အဖတ်ဆယ်လို့ ရတော့မှာ မဟုတ်ဘူး"

မိခင်ဖြစ်သူက လေသံမာမာဖြင့် ဝင်ဟောက်နေသောကြောင့် ပရိဂျူဆာအပေါ် သူ အတော်ပင် စိတ်ပျက်သွားမိသည်။

"ဟုတ်ပါတယ် အန်တီ၊ ရှုတင် မလာဖြစ်မှာစိုးလို့ ကျွန်တော်ကိုယ်တိုင် လာစောင့်ပြီး ခေါ်ရတာပါ၊ အခု မလိုက်နိုင်ဘူးဆိုတော့ ကျွန်တော် ပြန်ပါဦးမယ်"

ပရိဂျူဆာလည်း စိတ်ကိုနေသည်။

သည့်ဇာတ်ကားက မင်းသား မင်းသမီးနှင့် ဇာတ်ပို့များအားလုံး အကြောင်းအမျိုးမျိုးဖြင့် ချိန်းတိုင်းလွဲနေသောကြောင့် ငိုချင်နေလေသည်။

"ကဲ ဘယ်လိုလဲသား၊ လိုက်မသွားဘူးလား"

ဒေါ်အေးစိန်က သားဖြစ်သူအပေါ် ဩဇာညောင်းသူဖြစ်သည့်အတိုင်း ပရိဂျူဆာနှင့် လိုက်သွားရန် တိုက်တွန်းနေခြင်းပါ။

"ခင်ဗျားတို့ကလဲဗျာ၊ လွန်ခဲ့တဲ့ ဆန်းဒေးတုန်းက ကျွန်တော်လာခဲ့တာပဲ မဟုတ်လား၊ မင်းသမီးက ရောက်မလာတာတော့ အပြစ်မပြောကြဘဲနဲ့၊ ခု ကျွန်တော်ခဏလေး အပြင်သွားပြီး ခင်ဗျားဆီ ခုနစ်နာရီ အရောက်လာခဲ့ပါ့မယ်"

ပရိဂျူဆာ ဘာမှ မပြောတော့ဘဲ ခေါင်းငိုက်စိုက်ချ၍ ပြန်သွားသည်။

"မင်းကလဲ ဆေးရုံက ပြန်လာချိန်လေးကို စိတ်ရှည်လက်ရှည် စောင့်ပြီး ရိုက်တဲ့ ပရိဂျူဆာတွေ စိတ်ညစ်အောင် ဘာကြောင့်လုပ်ရက်ရတာလဲ၊ မင်းရဲ့အောင်မြင်မှုတွေ ကျဆင်းတော့မှာပဲ"

ထုံးစံအတိုင်း ဗျစ်တောက်ဗျစ်တောက် ပြောနေသောကြောင့် သူ နားမထောင်တော့ဘဲ ထွက်လာခဲ့လေသည်။

လမ်းရောက်မှ ဖုန်းဆက်ရန် သတိရပြီး မမထံ ဖုန်းဆက်လိုက်မိ၏။

မမ ဖုန်းပိတ်ထားသောကြောင့် သူ့ရင်ထဲမှာ စိုးရိမ်ပူပန်သွားရသည်။

 

www.burmeseclassic.com

www.burmeseclassic.com

မမတော့ စောင့်ရတာ ကြာလို့ ဒေါသဖြစ်နေပြီ ထင်တယ် …

ပရိုဂျူဆာတွေကလဲဗျာ … သူတို့ကိစ္စပဲ ရှေ့တန်း တင်တတ်ကြတာ …

မမကို ချစ်လွန်း၍ မမစိတ်ကောက်မှာ၊ စိတ်ဆိုးမှာ သေမလောက် ကြောက်နေမိသည် မဟုတ်ပါလား …

မမနှင့် သူ တွဲပြီး ရိုက်နေကြရသည့် ရုပ်ရှင်ဇာတ် ကားကြီးကလည်း မပြီးသေးပေ။

ဇာတ်ဝင်ခန်း အနည်းငယ်မျှ ကျန်သေးသည်။

သည်ကြားထဲ ဟိုမှသည်မှ ပရိုဂျူဆာများ၏ ဇာတ် ကားများကိုလည်း လက်မလည်အောင် ရိုက်ပေးနေရ၏။

ပထမတန်းစား အောင်မြင်မှု ရနေသည့် မင်းသားနို့ အောင်မြင်မှုအားလုံးကို ကျော်နိုင်းပြီး ဆရာဇန်ဘဝထဲ နှစ်မြှုပ်ပစ်ရမှာ နမျောစရာပင်။

သို့သော် မတတ်နိုင်ပါ။





သူ့ကိုယ်တိုင်ကလည်း ဆရာဝန်တစ်ယောက်ဘဝကို ချစ်ခင်လေးစားသလို အထင်လည်းကြီးခဲ့သည် မဟုတ်ပါ လား …

❖ ❖ ❖


www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၈)

မမအိမ်သို့ သူရောက်လာသည့်အချိန်တွင် မမကားကို မတွေ့ရပေ။

မမတစ်ယောက် ရှုတင်သို့ ထွက်ခွာသွားပြီ ဖြစ်ကြောင်း ဒေါ်ယဉ်ယဉ်နုက ပြောလေသည်။

"မင်းသားနဲ့ ညနေစာ စားဖို့ ချိန်းထားတယ်ဆို၊





မင်းသားက နောက်ကျတာကိုး၊ သူ ထိုင်စောင့်နေတာ အကြာကြီးပဲကွယ့်"

"ကျွန်တော် နောက်ကျသွားတယ် အန်တီ"

"မင်းသား ဖုန်းဆက်လဲ ရသားနဲ့"

"ကျွန်တော် ဖုန်းဆက်တယ် ခင်ဗျ၊ မမ ဖုန်းပြောနေလို့ပါ"

"ဟုတ်လား၊ အားနာစရာပဲ၊ မမအကြောင်းလဲ သိသားနဲ့ မင်းသားရယ်၊ မမက စိတ်ဆတ်တယ်၊ စိတ်တိုတာလဲ အရမ်းပဲ၊ မင်းသား ဖုန်းကို မျှော်နေတုန်း ပရိုဂျူဆာ ဒေါ်ခင်မနိုင် ဖုန်းက ဝင်လာတာ"

"ဪ ဒါဖြင့် မမ ရှုတင်သွားတာ သေချာပြီပေါ့"

"ဒေါ်ခင်မနိုင်က ဆန်းမစ်ပတ်ဖျူးကို ခေါ်တာလေ၊ အဲဒီနားက ခြံမှာတဲ့"

"မမနဲ့အတူ ဘယ်သူ ပါသွားသလဲ"

"ထုံးစံအတိုင်း မြင့်မြင့်ဒွေးပေါ့"

"ကျွန်တော် လိုက်သွားဦးမယ်"

"အိုကေ ... အိုကေ"



www.burmeseclassic.com

www.burmeseclassic.com



ဆန်းမစ်ပတ်ဗျူး ဟိုတယ်အနီးရှိ ခြံက ဒေါ်ခင်မနိုင်တို့ ခြံပင် ဖြစ်သည်။

ခြံက အတော် ကျယ်ဝန်းလှသောကြောင့် ဗီဒီယို ဇာတ်ကား အတော်များများကို ထိုခြံကျယ်ကြီးထဲမှာပင် ရိုက်ခဲ့ကြသည်။

သူ ကားမောင်းလာရင်း မမ စိတ်ဆိုးနေမှာကို တွေးပြီး မချင့်မရဲ ဖြစ်နေမိ၏။

ဒေါ်ခင်မနိုင်၏ ခြံကျယ်ကြီးထဲ ရောက်တော့ မမတို့ကို အဆင်သင့်ပင် တွေ့လိုက်ရသည်။

မမသည် အနက်ရောင် ပြောင်ထမီ အင်္ကျီကြည်ပြာရောင်ကို ဝတ်ဆင်ထားပြီး ဖိနပ်ကလည်း ကြည်ပြာရောင်ကို စီးထားသည်။

ဆံပင်ကို မြင့်မြင့်ချည်၍ ကြည်ပြာရောင် ပဝါဖြင့် ဖဲပြားပွင့်ဖော်ထား၏။ နားဆွဲကလည်း အပြာရောင်လေးနှင့် မမမျက်နှာလေးက ပိုပြီး နုပျိုနေသည်။

မမမိတ်ကပ်ရိုက်အပြီး ဆံပင်ကို သေချာပြန်ကြည့်နေစဉ် သူ အနီးသို့ ရောက်လာခဲ့သည်။

"မမ"





မမက မျက်နှာတင်းတင်းဖြင့် တစ်ချက်လှည့်ကြည့်ပြီး မျက်နှာလွှဲလိုက်သည်။

မမ စိတ်ကောက်နေတာ သေချာပြီ ...

"မမ"

"သွား ... လာမခေါ်နေနဲ့၊ ရှင်ပြန်ပါ"

မမအသံက ခပ်တိုးတိုးပေမယ့် မမအနီးမှာ ရှိနေသည့် မြင့်မြင့်ဌေးနှင့် မိတ်ကပ်မာမီတို့ ကောင်းစွာ ကြားနိုင်ကြသည်။

"မောင်လဲ ပရိုဂျူဆာနဲ့ တွေ့နေတာ မမရဲ့၊ မမဆီ ထွက်လာခါနီး ဦးဟုတ်စိန် ရောက်လာပြီး ရိုက်ကွင်း လိုက်ခဲ့ဖို့ ခေါ်နေတာနဲ့ နည်းနည်းနောက်ကျသွားတာပါ"

သူ ရှင်းပြနေသော်လည်း မမက လှည့်မကြည့်ပေ။

"ကဲ ... စမယ် မင်းသမီး"

ဒါရိုက်တာက လှမ်းပြောလိုက်၏။

မင်းသားဘိုကေးကို တွေ့လိုက်ရသည်။

သည်မင်းသားလေးက တက်သစ်စ ဗီဒီယိုမင်းသား ဖြစ်ပေမယ့် လေကတော့ ကြီးလှ၏။



www.burmeseclassic.com

www.burmeseclassic.com

မင်းဗညားမျက်စိထဲမှာ သည်မင်းသားပေါက်စကို ကြည့်မရသလို အထင်လည်း မကြီးပေ။

မှန်တာပြောရလျှင် ကိုယ့်ချစ်သူလို နာမည်ကြီး မင်းသမီးနှင့် မတွဲစေချင်ပါ။

"ချစ်ခန်းကြိုက်ခန်း ရိုက်ရမှာ မင်းသားရဲ့ ကြည့်ပြီး စိတ်နိုင်နိုင်ထားနော်"

မိတ်ကပ်မာမီက မင်းဗညားအနီးကပ်ပြီး လေသံတိုးတိုးဖြင့် နောက်ပြောင်လိုက်သောကြောင့် ထောင်းခနဲ ဒေါသဖြစ်သွားရသည်။ မဟုတ်ပါလား ...

ပြီးတော့ မခံချိမခံသာ ပြန်ပြောလိုက်မိ၏။

"ကျုပ်လည်း မင်းသားတစ်ယောက်ပါပဲဗျာ၊ သည်လောက် မသေးသိမ်ပါဘူး"

သို့သော် မမနှင့် မင်းသားပေါက်စတို့နှစ်ဦး တွဲ၍ ချစ်ခန်းကြိုက်ခန်း ရိုက်ကာနီး မင်းသားဘိုကေးက သူ့ကို ခပ်ထေ့ထေ့ ကြည့်လိုက်စဉ်မှာတော့ ရင်ထဲမှာ ပေါက်ကွဲလုမတတ် ဒေါသဖြစ်နေမိ၏။

ဇာတ်ဝင်ခန်းက သိပ်တော့ မထူးဆန်းပါ။





မမနှင့်ဘိုကေးတို့နှစ်ယောက် ချစ်ကြိုက်သွားကြပြီး သီချင်းနောက်ခံဖြင့် လျှောက်လည်ကြသည့် အခန်းပင် ဖြစ်၏။

မင်းသားဘိုကေးက မင်းဗညား မခံချင်အောင် ပိုပိုသာသာလေး သရုပ်ဆောင်နေပြီး မမကလည်း သူ့ကို စိတ်ဆိုးဆိုးဖြင့် လိုတာထက်ပိုပြီး သရုပ်ဆောင်နေလေသည်။

မင်းသားပေါက်စက မင်းသမီးကို ဖက်ရှုံ့သာမက မျက်နှာချင်း ထိကပ်လုနီးနီး ရိုက်ကွက်များကြောင့် မင်းဗညားသည်းမခံနိုင်တော့လောက်အောင် ရင်ထဲမှာ ဒေါသမုန်တိုင်းထန်နေရသည် မဟုတ်ပါလား ...

မင်းသားပေါက်စက တကယ်နမ်းရှုံ့ ဟန်ပြင်လိုက်မှပင် မင်းသမီး ကြောက်ရွံ့ထိတ်လန့်ပြီး ဟန့်တားလိုက်ရှ၏။

"ကတ်"

ဇာတ်ဝင်ခန်းတစ်ခန်း ပြီးသည်နှင့် ဒေါ်ခင်မနိုင်အသံကို ကြားရသည်။

"ဒီဇာတ်ဝင်ခန်းက ကျန်နေတဲ့ အခန်းပဲ၊ ကဲ မင်းသမီး သွားနိုင်ပါပြီ၊ မင်းသား စောင့်နေပြီလေ"



www.burmeseclassic.com

www.burmeseclassic.com

မင်းသားပေါက်စ၏ လက်ရဲဇက်ရဲ အပြုအမူကို ထိတ်လန့် ရှက်ရွံ့နေမိသလို ချစ်သူမင်းသားကို အားနာနေမိသောကြောင့် မင်းသားကားဖြင့်ပင် လိုက်ပါသွားရန် ဆုံးဖြတ်လိုက်သည်။

မင်းဗညားက ရှုတင်ပြီးအောင် မကြည့်ဘဲ ကားပေါ်တွင် ငူငူငိုင်ငိုင် ထိုင်နေသည်။

သူ့အနီးသို့ မမ ရောက်လာသည်နှင့် မမကို မျက်နှာတင်းတင်းဖြင့် ကြည့်လိုက်ပြီး . . .

"ဘယ်လိုလဲ မင်းသမီး၊ အတော် ကြည်နူးခဲ့လား"

ဟု မမျိုသိပ်နိုင်စွာ မေးလိုက်၏။

"အခု ရှင့်ကားနဲ့ မမလိုက်ခဲ့ရမှာလား၊ မလိုအပ်ဘူးဆိုရင်တော့ မမကားနဲ့ပဲ ပြန်တော့မယ်"

မမသည်လို ပြောလိုက်မှပင် သူ့မျက်နှာအနည်းငယ်လျော့သွားပြီး မမတက်ရန် ကားတံခါးဖွင့်ပေးလိုက်၏။

မြင့်မြင့်ဒွေးနှင့် ဒရိုင်ဘာတို့ ပြန်သွားကြသည်။

သူနှင့် မမတို့နှစ်ဦး စီဒိုးနားဟိုတယ်သို့ ရောက်လာခဲ့ကြသည်။





"မောင်"

"မမ"

"မောင် ညနေစာ စားခဲ့ပြီးပြီလား"

"မစားရသေးဘူး၊ မမနဲ့ အတူတူစားဖို့ ချိန်းထားတာပဲ၊ မောင်တစ်ယောက်တည်း စားပါ့မလား"

"မမလဲ မောင့်လိုပဲပေါ့၊ တစ်ယောက်တည်း ဘယ်စားပါ့မလဲ"

မမ ခပ်ပြုံးပြုံး ပြောနေသော်လည်း သူ မပြုံးဘဲ ကားကို စက်သတ်ပြီး ရပ်လိုက်သည်။

"မောင်"

"ဘာလဲ မမ"

"မောင့် မျက်နှာကြီးကလဲ မှုန်နေလိုက်တာ၊ ဘာဖြစ်နေတာလဲ"

"ဘာဖြစ်နေတာလဲ ဟုတ်လား၊ မောင် ဘာဖြစ်နေတာလဲ မင်းမသိဘူးဆိုရင် အတော်အတာပဲ မမ၊ မင်းရဲ့ ရှုတင်ကို ကြည့်ပြီး မောင်စိတ်သိပ်တိုနေတယ် နားလည်လား"

"ကဲပါ စားစရာမှာဖို့ နောက်ကျနေပြီ၊ မောင် ပြောချင်တာ နောက်မှပြော"


www.burmeseclassic.com

www.burmeseclassic.com

ကားတံခါးပိတ်ပြီး မင်းဗညားရှေ့မှ ထွက်သွားသည်။

ခါတိုင်းလို သူမ လက်ကို တယုတယ ဆုပ်ကိုင်ပြီး ယှဉ်တွဲသွားကြရန် မေ့လျော့နေ၏။

❖ ❖ ❖





## အခန်း (၉)

စီနိုးနား ဟိုတယ်ထဲ ဝင်လာခဲ့ကြပြီး ဒင်နာခန်းမမှာ ထိုင်လိုက်ကြသည်။

“မမ ဘာစားမလဲ ပြော”

သူ့အသံ အနည်းငယ် ပျော့သွားသော်လည်း မျက်နှာ တင်းနေဆဲမို့ မမ စိတ်တိုနေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



"မမ မောင် မေးနေတယ်လေ"

"ဘာမှ မစားချင်တော့ဘူး၊ မောင့် မျက်နှာ ကြည့်ပြီး ဝနေပြီ"

မမစကားကြောင့် သူ စိတ်ပိုပြီး တိုသွားသည်။

"မမ ဘာဖြစ်နေတာလဲ၊ မောင် ဗိုက်ဆာလှပြီကွာ၊ မမ ဘာစားမလဲ မောင် မေးနေတာဖြေ"

"မောင် မှာချင်တာမှာ၊ အားလုံးစားမယ်"

မမကို ဆက်ပြီးမေးနေလည်း အကြောင်းထူးမှာ မဟုတ်သောကြောင့် သူ့စိတ်ကြိုက် စားသောက်ဖွယ်ရာများကိုပင် မှာယူလိုက်သည်။

စားသောက်ဖွယ်ရာများ မှာပြီး အအေးသောက်နေကြစဉ် မမကို သူ မျက်မှောင်ကုပ်ကြည့်နေ၏။

မမ စိတ်ဆိုးလာပြီး ရန်တွေ့လိုက်သည်။

"မောင် ... မမကို ဘာဖြစ်လို့ ဒီလောက် စိုက်ကြည့်နေရတာလဲ၊ ဘာမကျေနပ်လို့လဲ ပြောပါ"

မမအသံက ဒေါသဖြင့် တုန်နေသည်။

သူက ခပ်လှောင်လှောင် ရယ်မောလိုက်သည်။

"မင်းရဲ့ ရှုတင်အကြောင်း စဉ်းစားနေတာ"





"ရှုတင်ဟုတ်လား၊ ဘာဖြစ်လို့လဲ"

"မင်းသားပေါက်စနဲ့ ဒီလောက်ပဲ လိုက်လိုက်လျောလျော သရုပ်ဆောင်ရသလား မမ၊ ဒါ ဘာသဘောလဲ၊ ကိုယ် သိပ်ဒေါသ ဖြစ်ရတယ်"

သူ့အမူအရာ အပြောအဆိုများကြောင့် မမ အံ့သြနေသည်။

"မင်းသားပေါက်စဟုတ်လား"

"ဟုတ်တယ်"

"သူ့နာမည် ဘိုကေးပါရှင့်"

"သူ့နာမည် ဘာပဲဖြစ်ဖြစ်၊ ခုမှပေါ်ကာစ မင်းသားမို့လို့ ပေါက်စခေါ်တာ ဘာဖြစ်လဲ၊ ကိုယ်ပြောချင်တဲ့ စကား မမ နားမလည်ဘူးလား"

"ပြောလေ ရှင် ဘာဖြစ်နေသလဲ"

"အဲဒီလောက် အကဲပါပါ ချစ်ခန်းဖွင့်နေကြတဲ့ ရိုက်ကွင်းကို မကျေနပ်ဘူးကွာ နားလည်လား"

မမ နှုတ်ခမ်းတွေ မဲ့ပစ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါတော့ ရှင်လဲ မင်းသားတစ်ယောက်ပဲ မဟုတ်လား ကိုမင်းဗညားရယ်၊ အလုပ်သဘောကို နားလည်မှပေါ့၊ ဒီလောက် သဝန်မကြောင်သင့်ဘူး"

မမစကားကြောင့် သူ ဆတ်ဆတ်ခါ နာကြည်းသွားလေသည်။

"ဒီမှာ မမ၊ ကိုယ်သဝန်ကြောင်လို့ ပြောနေတာ မဟုတ်ဘူးကွ၊ ကိုယ့်လို မင်းသားနဲ့ တွဲရိုက်ခဲ့ကြတဲ့ ရုပ်ရှင်ဇာတ်ကားကြီးမှာတောင် မမ ဒီလောက် သရုပ်ပါခဲ့လို့လား လိုက်လျောခဲ့သလား"

မမ ဆက်လက်နားမထောင်နိုင်တော့သလို ထိုင်ရာမှ ထရပ်လိုက်ပြီး ...

"ဒီမှာ ကိုဗညား ရှင်တစ်ယောက်တည်း နေခဲ့ပေတော့၊ ရှင့်ရဲ့ အဓိပ္ပာယ်မဲ့ ပေါက်ကရ စကားတွေကို နားထောင်ဖို့ ကျွန်မမှာ အချိန်မရှိဘူးရှင့်"

မမ ချာခနဲ လှည့်ထွက်ရန် ဟန်ပြင်လိုက်သောကြောင့် မမလက်တစ်ဖက်ကို သူ ဆွဲထားလိုက်သည်။

ပြီးတော့ ဖျောင်းဖျတောင်းပန်သည်။





"မမ ... ဒီလောက် စိတ်မဆိုးပါနဲ့၊ မမတစ်ယောက်တည်း စိတ်ရှိတာ မဟုတ်ဘူးနော်၊ ဒါပေမယ့် မောင်တို့နှစ်ယောက်ဟာ သာမန်လူတွေ မဟုတ်ဘူး မမ"

"အဲဒါ ဘာဖြစ်လဲ"

"စားစရာတွေ မှာထားပြီးမှ ထွက်သွားမယ်ဆိုရင် ဘယ်လိုဖြစ်လာမှာလဲ"

"ရည်းစားနဲ့ စိတ်ဆိုးလို့ ထွက်သွားတာလို့ပဲ ပြောကြမှာပေါ့"

"မမ သည်လို မလုပ်ပါနဲ့၊ လူတွေကဲ့ရဲ့လောက်အောင် စိတ်မဆိုးပါနဲ့ကွာ"

"ဪ ဟုတ်လား၊ လူတွေ ကဲ့ရဲ့လောက်အောင် စိတ်ဆိုးနေတာ ကျွန်မ မဟုတ်ဘူး၊ ရှင်ပါ"

"ကဲ ... ကဲ ထိုင်ပါ မမရယ်၊ လူတွေ မြင်ရင် မကောင်းပါဘူးကွာ"

မမ မျက်နှာတင်းတင်းဖြင့် ထိုင်လိုက်သည်။

"မောင်က စိုးရိမ်လို့ သဝန်ကြောင်မိတာပါ မမရယ်"

"ဘာအတွက် စိုးရိမ်ရမှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



“သေချာမသိပါဘူးကွာ”

“မသိရင် မပြောနဲ့ပေါ့”

ထိုစဉ် မှာယူထားသည့် စားစရာများ ရောက်လာ၏။

“ကဲ မမ သုံးဆောင်ပါဦး”

“ဗိုက်ပြည့်နေပြီ”

“မမရယ်”

“ဟုတ်တယ်၊ မင်းသားနဲ့ စကားများနေရတာနဲ့ ဗိုက်ပြည့်သွားပြီ”

မင်းဗညား မျက်နှာတည်သွားပြီး ...

“ကဲ မမ စားမှ မောင်လဲစားမယ်” ဟုပြောလိုက်သော ကြောင့် မမ စိတ်မပါသော်လည်း စားလိုက်ရ၏။

“မမ”

“ပြော”

“ဒီနေ့ ရှုတင်က ဘယ်နစ်ခန်းကျန်သေးလဲ”

“ပြီးပြီလေ ... ဒါအပြီးပဲ၊ ရှင်ကော”

မမ မေးလိုက်မှပင် သူ သတိရသွားပြီး မျက်လုံးတွေ ပြူးကျယ်သွားသည်။





“ဟာ မမ ပြောမှပဲ သတိရတော့တယ်၊ ကိုယ်လဲ ရှုတင်ရှိတယ် မမရဲ့၊ မမနောက်လိုက်လာရတာနဲ့ ကိုယ် ရှုတင် ပျက်ပြီကွာ”

ထမင်းစားချင်စိတ်ပင် မရှိတော့ဘဲ လက်မှနာရီကို ငုံ့ကြည့်လိုက်မိ၏။

ည ... (၈) နာရီကျော်နေပေပြီ။

“ရှုတင်က ဘယ်မှာလဲ”

မမ မေးနေသည်။

“အင်းလျားလမ်းက ကိုဇော်တို့ခြံမှာလေ၊ ညဘက် ဓာတ်ဝင်ခန်းပဲ မမ၊ မိချင့်မိဦးမှာ၊ ကိုယ်ဖုန်းဆက်လိုက်ဦး မယ်”

ဆယ်လူလာဖုန်းလေးကို ဖွင့်ပြီး ပရိုဂျူဆာထံ ဆက် လိုက်၏။

“ဆောရီးပဲ ဦးဟုတ်စိန်၊ ကျွန်တော် နာရီဝက်အတွင်း ရောက်မယ်၊ ဖြစ်သလား”

“အိုကေ ... အားလုံး စောင့်နေကြတုန်းပဲ၊ မင်းသား သာ ရောက်အောင် လာခဲ့ပါ”



www.burmeseclassic.com

www.burmeseclassic.com

ဦးဟုတ်စိန်အသံကို ကြားလိုက်ရမှပင် ရှင်ထဲမှာ အေးချမ်းသွားရသည်။

"ဘာပြောသလဲ မောင်"

"ဦးဟုတ်စိန်တို့ စောင့်နေတုန်းပဲတဲ့"

"ဒါဖြင့် မြန်မြန် သွားလိုက်ပါ၊ မမကို အိမ်ပြန်ပို့ပေးမှာလား"

"မဖြစ်ဘူး မမ၊ မမက အေးရိပ်မွန်လမ်းမှာဆိုတော့ ဘုရင့်နောင်အထိ ဆက်သွားရမှာ၊ ဦးဟုတ်စိန်တို့ စောင့်နေတာက အင်းလျားလမ်းမှာဆိုတော့ နီးတယ်၊ အဲဒီက အပြန်မှ မမကို ပြန်ပို့မယ်၊ ဘယ်လိုလဲ"

"မောင့်အစီအစဉ်အတိုင်းပဲပေါ့"

မင်းဗညား အမှန်တကယ် အခက်အခဲ တွေ့နေသောကြောင့် မမ ဤသို့ ဆုံးဖြတ်လိုက်ရခြင်းပါ။

အိမ်အပြန် အနည်းငယ်နောက်ကျမည့်အကြောင်း အဒေါ်ဖြစ်သူထံ ဖုန်းဆက်လိုက်၏။





စီဒိုးနားမှ ထွက်လာခဲ့ကြပြီး အင်းလျားလမ်းရှိ ကိုဇော်တို့ ခြံရှိရာသို့ ဦးတည်ပြီး ကားကို မောင်းလာခဲ့သည်။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၀)

အင်းလျားလမ်း ဦးဟုတ်စိန် စောင့်နေသည့် ခြံထဲရောက်တော့ မင်းသားကို စောင့်နေကြသည့်အဖွဲ့ကို တွေ့လိုက်ကြရသည်။

မင်းသားနှင့် မင်းသမီး တွဲလာတာ မြင်လိုက်ရသည်နှင့် အားလုံး မျက်စိမျက်နာတွေ ပျက်သူပျက်၊ ပြုံးသူပြုံးနှင့် ဖြစ်ကုန်ကြသည်။





"လက်စသတ်တော့ မင်းသားက မင်းသမီး ခင်မမရှင်နဲ့ တွဲခုတ်လာတာကိုး"

"ဘယ်က ပြန်လာတာလဲ"

သူတို့နှစ်ဦး ဘာဖြေရမှန်းမသိဘဲ စဉ်းစားနေကြစဉ်မှာပင် တစ်ယောက်က . . .

"သည်ကနေ့ မင်းသမီး ရှုတင်ရှိတယ် မဟုတ်လား၊ ဒေါ်ခင်မနိုင် ခြံထဲမှာလေ" ဟု သိနှင့်ပြီးသလို ဝင်ပြောနေ၏။

"ဟုတ်တယ်၊ အဲဒီက ပြန်လာတာ"

ဟု ခင်မမရှင် ခပ်ပြောင်ပြောင်ပင် ပြောလိုက်သောကြောင့် မင်းသားကို စောင့်နေရသည့် နာမည်ကြီးမင်းသမီး နှင်းဦးသီတာ စိတ်တိုသွားသည်။

မမျိုသိပ်နိုင်ဘဲ ရန်တွေ့လိုက်၏။

"ကိုဗညား၊ ဒါတော့ မတရားဘူးနော်၊ သီတာတို့ ဒီလောက်စောင့်နေရတာ သိလျက်နဲ့ မင်းသမီးနောက်ပဲ တစ်ကောက်ကောက် လျှောက်လိုက်နေရလား၊ နောက်ဆို သီတာ မစောင့်တော့ဘူးနော် ဒါပဲ"

"ဆောရီး . . . ဆောရီး ဒီကနေ့ ကိုယ်တို့နှစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



အရေးကြီး ဧည့်သည်တစ်ယောက်နဲ့ သွားတွေ့မလို့ပါ''

မင်းသား အားနာနာဖြင့် ထင်ရာစွတ်ပြောနေမိသည်။

မင်းသမီး နှင်းဦးသီတာ၏ မိတ်ကပ်မာမီ ပဂ္ဂိက နှင်းဦးသီတာ စောင့်နေရသည့် ကိစ္စအတွက် မင်းသားအပေါ် မကျေနပ်နိုင်ပေ။

မျက်စောင်းတခဲခဲ ဖြစ်နေလေသည်။

''ကဲ'... ကဲ *Master Bedroom* ထဲမှာ ရိုက်ရမယ့် ဇာတ်ဝင်ခန်းအတွက် စမယ်''

မင်းသားနှင့် မင်းသမီးတို့က ဇာတ်လမ်းအရ ဇနီးမောင်နှံတွေ ဖြစ်ကြပြီး အိပ်ရာဝင်ခါနီး စကားများ ရန်ဖြစ်ကြသည့် ရိုက်ကွက်ရယ်ပါ။

နှင်းဦးသီတာက နာမည်ကြီး မင်းသမီးတစ်ယောက်ဖြစ်ပြီး ခေရာဝန် မင်းသား မင်းဗညားကို မျက်စိကျနေသူမို့ မမကို လုံးဝ မနာလိုနိုင်ပေ။ ဝတ္တုရားကျေသာ ပြုံးရုံပြုံးပြခဲ့၏။

မမကလည်း နာမည်အရှိန်အတက်ဆုံးကာလမို့ နှင်းဦးသီတာ ထက်တောမည်။

မမမျက်နှာက ခပ်တင်းတင်းပင် ...



''မမ လာလေ၊ မောင့်ရှုတင် လာကြည့်ပါဦး''

မမ ခေါင်းခါရမ်းလိုက်၏။

ကိုယ့်ချစ်သူကို ကြည့်ချင်သော်လည်း ပြိုင်ဘက်မင်းသမီးကိုတော့ အချိန်ကုန်ခံပြီး မကြည့်ချင်ပါ ...

''ကားပေါ်မှာပဲ ထိုင်စောင့်နေတော့မယ်နော် မောင်၊ မမကို ဘယ်သူမှ မကြည့်ကြဘူး''

''ဒါဖြင့်လဲ မောင်ပြီးတာနဲ့ ထွက်ခဲ့မယ်၊ ကားတံခါးတွေ လော့ချထားနော် ချစ်၊ အဲယားကွန်း ဖွင့်ထား''

မောင်က စိတ်မချသလို မှာနေပြီးမှ အိမ်ထဲဝင်သွားလေသည်။

မင်းသမီး ခင်မမရှင် စောင့်နေမှန်းသိ၍ မင်းသမီးနှင်းဦးသီတာ ပညာပြနေတော့၏။

ဇာတ်ဝင်ခန်းကို ဒါရိုက်တာ မကြိုက်အောင် အမျိုးမျိုးလျှော်ပြီး သရုပ်ဆောင်ပြနေသည်။

ဒါရိုက်တာကလည်း စိတ်ကြိုက်မတွေ့သမျှ ပြန်ပြီးထပ်ခါတလဲလဲ ရိုက်နေသည်။

သည်လိုနှင့် အချိန်နှစ်နာရီခန့်မျှ ကြာသွားခဲ့ရသည်။

ကားရှိရာသို့ သူ ပြန်ရောက်လာချိန်တွင် မင်းသမီး

www.burmeseclassic.com

www.burmeseclassic.com



အိပ်ပျော်နေပေပြီ။

"မမ ... မမ"

ကားတံခါးအထဲမှ ပိတ်ထားသောကြောင့် တံခါးခေါက်ပြီး ခေါ်နေရသည်။

"မမ"

အတန်ကြာ ခေါ်မှပင် မမ လန့်နိုးသွားပြီး ကားတံခါး ဖွင့်ပေးလိုက်၏။

"ဟွန်း မမတောင် အိပ်ပျော်သွားတယ်၊ ကြာလိုက်တာ မောင်ရယ်"

"ဆောရီးပဲကွာ၊ မင်းသမီးသီတာ ဘယ်လိုဖြစ်နေမှန်း မသိပါဘူး။ သူ့ကြောင့် ခဏ ခဏ ပြန်ရိုက်နေရတာ မမရဲ့"

"ဒေါ်လေးစိတ်ပူပြီး ဖုန်းနှစ်ခါတောင် ဆက်တယ် မောင်၊ မမတို့ အမြန်ဆုံး ပြန်ကြရအောင်"

"ဆောရီးပဲ မမ .. မောင့်ကြောင့် အတော်မိုးချုပ်သွားတယ်၊ မမကို မောင်လိုက်ပို့ပေးပါ့မယ်"

ကားကို မောင်းထွက်လာခဲ့၏။

အင်းလျားလမ်းပေါ်သို့ ကားကို ကွေ့တက်လိုက်သည်။

❖ ❖ ❖



## အခန်း (၁၁)

"တီ .. တီ .. တီ"

အင်းလျားလမ်းထဲမှ မောင်းထွက်လာစဉ် သူ့တယ်လီဖုန်း မြည်လာသံကို ကြားလိုက်ရသည်။

"ဟုတ်ကဲ့ ပြောပါ"

ဖုန်းနားထောင်ရင်း သူ မျက်လုံးပြူး မျက်ဆံပြူး ဖြစ်ပြီး ပျာယာခတ်သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ . . . ဟုတ်ကဲ့၊ ကျွန်တော် အခုပဲ လာခဲ့ပါမယ် မေမေ"

သူ့ဖခင် သွေးတိုးပြီး ရုတ်တရက် မူးလဲသွားကြောင်း သူ့မေမေထံမှ ဖုန်းဝင်လာခြင်းပါ။

"အမြန်ဆုံး လာခဲ့ပါသား၊ ဒေါက်တာသက်ငုံမှူးလဲ ရောက်နေတယ်၊ သူက အိမ်ချင်းနီးတော့ ချက်ချင်းရောက်လာနိုင်တာပေါ့"

"ကောင်းပါပြီ မေမေ"

သူ ဖုန်းပိတ်လိုက်ပြီး ကားလီဗာကို ဖိနင်းပစ်လိုက်သည်။

"မောင်၊ ဘယ်သူ ဘာဖြစ်လို့လဲ"

"မောင့်ဖေဖေ သွေးတိုးပြီး မူးလဲသွားလို့"

"ဟုတ်လား စိုးရိမ်ရသလား မောင်"

သူ့ဖေဖေအတွက် မမပါ စိုးရိမ်ပူပန်နေမိသည်။

"မောင် . . . မမကို ပြန်ပို့ရင် ဘုရင့်နောင်အထိ သွားရမှာ အဝေးကြီးပဲ၊ မောင့်အိမ်က သည်နားတင်ဆိုတော့ မောင့်ဖေဖေဆီ အရင်ပြန်ပါ၊ မောင်တို့အိမ်ရောက်မှပဲ ကားလှမ်းမှာတော့မယ်နော်"



"ကောင်းပြီ မမ။ မောင့်ကို နားလည်ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်"

ကားသည် မင်းဗညားတို့ခြံကျယ်ကြီး ရှိရာသို့ ဦးတည်ပြီး မောင်းနှင်လာလေသည်။

ခြံထဲ ကားဝင်ပြီး တိုက်ကြီးရှေ့မှာ ရပ်လိုက်သည်နှင့် ပျာယာခတ်ပြီး စောင့်ကြိုနေသည့် မင်းသားမိခင်ဒေါ်အေးစိန်ကို တွေ့လိုက်ရသည်။

"အမလေး ကြာလိုက်တာ သားရယ်၊ မင်းအဖေအတွက် စိုးရိမ်လိုက်ရတာ"

သားဖြစ်သူ အနီးမှာ လာရပ်ပြီး ပျာပျာသလဲ ပြောနေပြီးမှ မမကို မြင်တွေ့သွားသည်။

"ဩော် မင်းသမီးပါလား၊ ညကြီးအချိန်မတော် မင်းသားနဲ့ ပါလာတာ အံ့ဩစရာပဲ"

အားမနာ ပါးမနာ ဝေဖန်ပြောဆိုလိုက်သောကြောင့် မမမျက်နှာ မည်းခနဲ ဖြစ်သွားရသည်။

မင်းဗညားလည်း အားနာသွားရသည်။

"မေမေ . . မမက သားရှူတင်လိုက်ကြည့်ပြီး အပြန်မှာ ပါလာခဲ့တာ၊ မေမေ့ဖုန်းဝင်လာလို့ ကမန်းကတန်း ပြန်လာခဲ့

www.burmeseclassic.com



ရတာ မေမေရဲ့၊ မမကို အပြစ်ပြောမနေပါနဲ့ မေမေ"

မမကို တစ်လှည့်၊ မိခင်ကို တစ်လှည့် ကြည့်ပြီး မင်းဗညား ပြောနေခြင်းပါ။

မမမျက်နှာက ဟန်ဆောင်မရလောက်အောင် စိတ်ဆိုးနေပြီး သူဘာလုပ်ရမှန်း မသိလောက်အောင် ဝေဝေဝါးဝါး ဖြစ်နေသည်။

"ကဲ အိမ်ထဲမြန်မြန်ဝင်လေ သား၊ မင်းအဖေကို ကြည့်ပါဦး၊ ဒေါက်တာ သက်ငုံဖူးလဲ ရောက်နေတယ်"

မမကြားအောင် တမင်ပြောလိုက်ခြင်းရယ်ပါ။

ဒေါက်တာ သက်ငုံဖူးဆိုတာ "မောင်"နဲ့ စေ့စပ်ထားတဲ့ သူများလား ...

မမတွေးပြီး မောင့်မျက်နှာကို ကြည့်နေမိ၏။

"လာမမ ... အိမ်ထဲဝင်ပါ၊ မမအိမ်က ကားကို ဖုန်းဆက်ပြီး ခေါ်တာပေါ့"

တိုက်အပြင်ဘက်မှာ တစ်ယောက်တည်း ရပ်နေရန်လည်း မသင့်တော်သောကြောင့် အိမ်ထဲသို့ မဝင်ချင်ဘဲ လိုက်လာခဲ့ရသည်။





ဧည့်ခန်းထဲ ရောက်တော့ မောင်က မမကို ဆိုဖာ တစ်လုံးပေါ် ထိုင်စေသည်။

"မမထိုင် ...၊ ဖေဖေ့ကို သွားကြည့်ပြီး မောင်ပြန် လာခဲ့မယ်နော်"

ဆိုဖာပေါ်မှာ မမ ထိုင်ချလိုက်ပြီး ဧည့်ခန်းတစ်ခုလုံး ကို မျက်လုံးဝေ့ကြည့်နေမိ၏။

မောင်နှင့် သူ့မိခင်တို့ အတွင်းခန်းဘက် ဝင်သွား ကြသည်။

မမထိုင်နေရာမှ အိမ်သို့ ဖုန်းဆက်ရန် သတိရပြီး ဖုန်း ခေါ်လိုက်သည်။

"မြင့်မြင့်ဆွေးလား"

"ဟုတ်တယ် မမ၊ မမ ပြန်မရောက်သေးလို့ တစ်အိမ် လုံး စိုးရိမ်နေကြတယ် မမ၊ ခုဘယ်က ဆက်နေတာလဲ"

"အခု ကိုမင်းဗညားအိမ်မှာ ရောက်နေတယ်"

"ဟင်"

"သူ့အဖေ ရုတ်တရက် သွေးတိုးပြီး မူးလဲသွားလို့ ရှုတင်က အပြန် အိမ်အထိ လိုက်မပို့နိုင်တော့ဘူး၊ ဒီကို အရင်ရောက်လာတာ"



www.burmeseclassic.com

www.burmeseclassic.com

"မမဖုန်းကို ခေါ်နေတာ ခဏ ခဏပဲ၊ မမဖုန်း ပိတ်ထားသေးလား"

"ဟုတ်မယ် ထင်တယ်၊ အခု ပြည်လမ်းခြံနံပါတ်( ) ကို လာခေါ်ပါ"

"ကျွန်မနဲ့ တင်အေးမြင့် ဒရိုင်ဘာခေါ်ပြီး ခုချက်ချင်း လာခဲ့မယ်နော် မမ"

"အိုကေ"

မမ ဖုန်းပိတ်ပြီး သက်ပြင်းရှိုက်နေမိသည်။

ဆယ့်ငါးမိနစ်ခန့် ကြာတော့ ဒေါ်အေးစိန် ဧည့်ခန်းထဲ ထွက်လာသည်။

"သည်လောက် ညည့်နက်နေပြီ၊ မင်းသမီးအိမ်က စိတ်မပူကြဘူးလား၊ အိမ်မှာဆို သားကယောက်ျားလေးသာ ဆိုတယ် နည်းနည်းနောက်ကျတာနဲ့ မိဘတွေ ပူပူပန်ပန် နေကြတာ"

ခနိုးခနဲ့ အမူအရာဖြင့် ပြောနေသည့် သူ့မကို မမ ခပ်တည်တည် စိုက်ကြည့်နေမိပြီး ဘာပြန်ပြောရမှန်း မသိ။

ဒေါ်အေးစိန်ကလည်း ဘာမှ ဆက်မပြောတော့ဘဲ မျက်နှာကြီး ရှုပုတ်၍ မမရှေ့မှာ ဝင်ထိုင်နေသောကြောင့်





မမ ဆက်လက်ထိုင်နေရသော်လည်း ရင်ထဲမှာ တင်းကြပ်ပြီး ထပြေးချင်လောက်အောင် စိတ်ညစ်နေမိသည်။

နာရီဝက်ခန့်ကြာတော့ မင်းသားနှင့် ဒေါက်တာ သက်ငုံဖူးတို့ ဧည့်ခန်းထဲ ရောက်လာကြသည်။

"ဆောရီးပဲ မမ ... ဖေဖေ သတိရလာအောင် ပြုစုနေရလို့ပါ၊ ဖေဖေ သတိမရရင် ဆေးရုံတင်ရမယ်လေ ... ခုတော့ သတိရပါပြီ"

မောင့်စကား ကြားလိုက်မှပင် မမ ရင်ထဲမှာ အေးချမ်းသွားမိသည်။

"အန်ကယ့်ကို ဝင်ကြည့်လို့ ရမလား"

"ဝင်ကြည့်နိုင်ပါတယ် မမ လာလေ"

မမ ထိုင်ရာမှ ထရပ်လိုက်သည်နှင့် ဒေါ်အေးစိန် တားဆီးလိုက်သည်။

"အို ... အနားယူပါစေ၊ ဧည့်သည် ဝင်ကြည့်ရင် စကားပြောနေရမှာပေါ့"

"မေမေ ..."

မင်းသား အားနာနာဖြင့် ဟန့်တားလိုက်၏။

သို့သော် မမက ခေါင်းခါရမ်းလိုက်ပြီး ...



www.burmeseclassic.com

www.burmeseclassic.com

"ကိစ္စမရှိပါဘူး ကိုဗညား၊ ကျွန်မ ဝင်မကြည့်တော့ ပါဘူး" ဟု ပြောလိုက်သည်။

နာမည်ကြီး မင်းသမီး မမကို မြင်လိုက်ရသောကြောင့် ဒေါက်တာ သက်ငုံဖူး အံ့အားသင့်နေမိသည်။

မင်းသား မင်းဗညားနှင့် မင်းသမီးတို့ နှစ်ဦး ချစ်နေကြ သည့်အကြောင်းကို သက်ငုံဖူး ဂျာနယ်တွေထဲမှာ မကြာခဏ ဖတ်ခဲ့ရသော်လည်း ယခုလို စိတ်မလှုပ်ရှားမိခဲ့ပေ။

သည်ကနေ့မှာတော့ တိုက်တိုက်ဆိုင်ဆိုင် ပက်ပင်းတိုး ခဲ့ရသည်မို့ သက်ငုံဖူး စိတ်လှုပ်ရှားနေမိသည်။

မိမိနှင့် လူကြီးချင်း သဘောတူထားသည့် ဆရာဝန် မင်းဗညားကို သက်ငုံဖူး တစ်ဘက်သတ် စွဲလမ်းချစ်ခင်နေ မိတာ အမှန်ရယ်ပါ။

မင်းသားဆိုတော့လည်း မျက်နှာများပေမပေါ့ ... ဒါပေမယ့် ဘာပဲဖြစ်ဖြစ် တစ်ချိန်မှာ မင်းသားလက်ထပ်မည့် သူမှာ ဒေါက်တာ သက်ငုံဖူးဆိုတဲ့ ရုပ်ချော၊ ဉစ္စာပေါ သူမက လွဲပြီး ဘယ်သူမှ မဖြစ်နိုင်ဟု တထစ်ချ စွဲမှတ်ယုံကြည်ထား ခဲ့မိသည် မဟုတ်ပါလား ...





ခုတော့ အသည်းကွဲနေရပြီ ...

သူမနှင့် ယှဉ်လျှင် အဆပေါင်းများစွာ လှပသော မင်းသမီးနှင့် မျက်နှာချင်းဆိုင် ဆုံတွေ့ခဲ့ရပြီမို့ မျှော်လင့်ချက် တွေ ဝေဝါးသွားတော့၏။

"မိသက် ... ဒါ ရုပ်ရှင်မင်းသမီး ခင်မမရှင်လေ သိတယ်မဟုတ်လား"

မင်းသားက မိတ်ဆက်ပေးနေသည်။

"သိပါတယ် ကိုကို"

သက်ငုံဖူးအသံက မင်းသားအပေါ် ဂရုတစိုက် ရှိလွန်း လှသည် ...၊ ခေါ်ပုံကလည်း ကိုကိုတဲ့ ...

မမ အသည်းထဲမှာ လှုပ်ခတ်သွားရပြီ ...

"မမ သူက ဒေါက်တာ သက်ငုံဖူး"

မမဘက်လှည့်ပြီး မိတ်ဆက်ပေးနေပြန်၏။

မမက ဟန်ဆောင်ပြုံးဖြင့် ပြုံးရယ်လိုက်ပြီး

"တွေ့ရတာ ဝမ်းသာပါတယ်" ဟု ပြောသည်။

"ကျွန်မလည်း ဝမ်းသာဂုဏ်ယူပါတယ် မင်းသမီး"

ဒေါ်အေးစိန်က မိန်းကလေးနှစ်ယောက် စကားပြော နေကြပုံကို တစ်လှည့်စီ ကြည့်ပြီး အကဲခတ်နေရာမှ ...



www.burmeseclassic.com

"မင်းသမီးသိအောင် ပြောပြရဦးမယ်၊ သက်ငုံဖူးက မင်းသားနဲ့ စေ့စပ်ဖို့ သဘောချနေပြီလေ"

"ရှင်"

"မေမေက ဘာဖြစ်လို့ ခုလိုပြောရတာလဲ"

မိခင်ဖြစ်သူ အပြုအမူကြောင့် မမအပေါ် အားနာမဆုံး ဖြစ်သွားမိ၏။

ဒေါ်အေးစိန်က ခပ်ထွေထွေ ပြုံးလိုက်ပြီး ...

"မှန်တာပြောတာပဲ သား၊ ဘာဖြစ်လဲ ... ဒေါက်တာ သက်ငုံဖူးဆိုတာ မေမေတို့ မိဘချင်း သဘောတူထားကြတဲ့ ချွေးမလောင်းပဲ မဟုတ်လား"

ဟု ခပ်ပြတ်ပြတ် ပြောလိုက်သောကြောင့် မမ ပို၍ အနေခက်သွားရသည်။

မင်းသားလည်း ထိုင်ရိုချင်လောက်အောင် ဖြစ်သွားရပြီး မမ မျက်နှာကိုပင် ရဲရဲတင်းတင်း မကြည့်ဝံ့တော့ပေ။

ထိုစဉ် ခြံရှေ့မှ ကားဟွန်းသံကို ကြားလိုက်ရ၍ မမ ရင်ထဲ အနည်းငယ် သက်သာရာရသွားမိသည်။

"မမအိမ်က ကားရောက်လာပြီ ကိုဗညား"

"လာ မမ၊ ကိုယ်လိုက်ပို့ပေးမယ်"



www.burmeseclassic.com



မမ ဧည့်ခန်းထဲမှ ထွက်လာခဲ့သည်။

ဒေါ်အေးစိန်ကို နှုတ်မဆက်ခဲ့တော့ပေ။

"မမ ... မောင်လိုက်ပို့ပေးမယ်"

"ဒီမှာ သား"

ဒေါ်အေးစိန်က မင်းဗညားရှေ့မှ ပိတ်ဆီးရပ်လိုက်သည်။ ပြီးတော့ တားဆီးလိုက်၏။

"ဒီမှာ သား၊ ဖအေတစ်ယောက်လုံး သေမလို ရှင်မလို ဖြစ်နေတဲ့ အချိန်မှာ သား လိုက်မသွားသင့်ဘူး"

"မမ စိတ်မကောင်း ဖြစ်သွားပြီ မေမေ"

"ဖြစ်ပါစေ"

"ကျွန်တော် လိုက်သွားမှ ဖြစ်မယ်၊ မေမေ မတားပါနဲ့၊ မီးသက် ဖေဖေ့ကို ကြည့်ထားပေးပါလိမ့်မယ်"

စကားဆုံးသည်နှင့် မင်းဗညား ပြေးထွက်လာခဲ့မိ၏။

မမက သူ့မကားပေါ် အပြေးအလွှား တက်ပြီး ပြန်သွား ပေပြီ။

"မမ ... မမ ဘာဖြစ်လို့လဲ"

ကားပေါ်ရောက်သည်နှင့် အံကြိတ်ပြီး မျက်ရည်ရစ်ဝဲ



www.burmeseclassic.com

www.burmeseclassic.com

နေသည့် မမကို ကြည့်ပြီး မြင့်မြင့်ဌေးနှင့် တင်ဆွေးမြင့်တို့ မေးလိုက်၏။

"ငါ ... ငါ သိပ်စိတ်နာတယ်၊ သေချင်တယ်"

မမအသံတွေ တုန်နေပြီး စိတ်တုန်လှုပ် ချောက်ချားနေမှန်း သိသာလှသည် မဟုတ်ပါလား ...

"မမ"

"မမ သတိထားပါ၊ စိတ်ကို လျှော့၊ ကျွန်မမပါဘဲ ဘယ်မှ မသွားဖူးတဲ့ မမ ခုတော့ ဘယ်လိုအခက်အခဲတွေကြုံတွေ့လာတာလဲ"

"ဘာမှ မမေးကြနဲ့၊ မကြားချင်ဘူး"

မမ အော်ပစ်လိုက်သောကြောင့် အားလုံး ငြိမ်သက်သွားကြသည်။

❖ ❖ ❖





# အခန်း (၁၂)

¥ မမတို့ကားနောက်မှ မင်းဗညား၏ Land Cruiser ကားကြီး ပါလာခဲ့လေသည်။

မမကားရပ်လိုက်သည်နှင့် ကားပေါ်မှ ဆင်းလိုက်သည်။

"မမ ဟို ... မင်းသားကားလဲ ရောက်လာပြီ"

"ဘာ"


www.burmeseclassic.com

www.burmeseclassic.com



စိတ်ရှုပ်ထွေးပြီး ဒေါသထွက်နေသည်မို့ သူမကား နောက်မှ မင်းသားဓါကား ပါလာတာကို သတိမပြုခဲ့မိပေ။

ကားတံခါးဖွင့်၍ ဆင်းလိုက်ပြီး အိမ်ထဲသို့ တန်းဝင်ခဲ့သည်။

"မမ"

မင်းသားတ နောက်မှ ထပ်ချပ်မကွာ လိုက်လာ၏။

မမ လုံးဝလှည့်မကြည့်သောကြောင့် မမ ရှေ့မှာ ကာဆီးရပ်လိုက်သည်။

"မမ … မောင့်ကို ခွင့်လွှတ်ပါ၊ မောင် အနူးအညွတ် တောင်းပန်ပါတယ်"

"မှုင့်မျက်နှာ လုံးဝ မကြည့်ချင်တော့ဘူး၊ မမ ဘဝထဲမှာ မင်းဗညား မရှိတော့ဘူးဆိုတာ မှတ်ထားလိုက်ပါ"

"မမ မောင့်မေမေ ပြောတာတွေ လွန်ပါတယ်၊ ဒီကိစ္စအတွက် မောင်နားလည်ပါတယ် မမရယ်"

"ရှင့်အမေမဲ မလွန်ပါဘူး၊ မှားတာက ကျွန်မပဲ၊ ရှင့်မိဘတွေ သဘောမတူမှန်း သိလျက်နဲ့ ရှင့်ကို ကျွန်မ ချစ်ခဲ့မိတယ်၊ ခု သဘောပေါက်သွားခဲ့ပြီ … ရှင့်ကို ကျွန်မ



မေ့ဖို့ ကြိုးစားတော့မယ် … ရှင်နဲ့ ကျွန်မ ဘဝချင်း မနီးကြတော့ဘူး"

မမ ပြောရင်း မျက်ဝန်းနှစ်ဖက်မှာ မျက်ရည်တွေ ရစ်ဝိုင်းလာသည်။ အသံတွေက အက်ကွဲတုန်ရင်နေ၏။

မမ အဖြစ်ကို ကြည့်ပြီး အဒေါ်ဖြစ်သူ ဒေါ်ညိုညိုနု အံ့သြထိတ်လန့်နေသည်။

"ဘာဖြစ်လာတာလဲ မမ၊ ပြဿနာဖြစ်လာပုံရတယ်၊ မင်းသား အမေက ဘာပြောလိုလဲ"

ဒေါ်ညိုညိုနုအမေးကို မမ မဖြေသော်လည်း ပြဿနာဖြစ်လာမှန်း နားလည်နေမိကြသည် မဟုတ်ပါလား …

"မမ … မောင် စိတ်မကောင်းပါဘူး မမရယ်"

မင်းဗညား အသံက စိတ်ထိခိုက်မှုတွေ ပြည့်ပြီး အက်ကွဲတုန်ရင်နေသည်။

"ရှင် ပြန်ပါ … ခုချက်ချင်း သွားပါ ကိုဗညား"

မမ အသံက တုန်ရင် အက်ကွဲပြီး ပြတ်သားသည်။

"မောင် မပြန်တော့ဘူး မမ၊ ဒီညေ့ခန်းထဲမှာ မိုးလင်းတဲ့အထိ ထိုင်နေမယ်၊ မနက်စောစော မမနိုးတာနဲ့ မောင်တို့ လက်ထပ်ကြမယ်"

www.burmeseclassic.com

www.burmeseclassic.com



သူ ဆုံးဖြတ်ချက် ချလိုက်ပြီး ပြောနေခြင်းပါ။

သို့သော် မမက လုံးဝ လက်မခံနိုင်တော့ပေ။

"ရှင် အဓိပ္ပာယ် မရှိတဲ့စကားတွေ ပြောမနေစမ်းပါနဲ့၊ ရှင် လက်ထပ်မယ်ဆိုရင်လဲ ကျွန်မက လုံးဝလက်မထပ်နိုင်တော့ဘူး သိလား။ ရှင့်အမေလို မိန်းမကြီးမျိုးကို ယောက္ခမ မတော်နိုင်ဘူး"

မမ အံတော် ဇဒါသဖြစ် ပေါက်ကွဲနေမှန်းသိ၍ သူ လက်လျှော့ပြီး ထိုင်ငိုင်နေမိသည်။

"ရှင့်အမေလို ရိုင်းပျတဲ့ မိန်းမကြီးတစ်ယောက်ကို ယောက္ခမတော်ပြီး နေ့စဉ်ပြောဆို ဆက်ဆံနေရမှာ ကြောက်ပါတယ်"

မမ စကားဆုံးသည်နှင့် အိမ်ကြီးအပေါ်ထပ်ဆီသို့ ပြေးတက်သွားတော့၏။

မျက်နှာတစ်ခုလုံး ညိုးငယ်သုန်မှုန်ပြီး ငုတ်တုတ် ထိုင်မှိုင်နေသည့် သူ့ကို ဒေါ်ညိုညိုနုက သဘောမကျသလို ကြည့်ပြီး မေးနေသည်။

"ကဲ ဆိုစမ်းပါဦး ရွှေမင်းသားရယ်၊ တူမတော်လေး ဘာဖြစ်ခဲ့သလဲ"





"ကျွန်တော် တောင်းပန်ပါတယ် အန်တီရယ်"

"မင်းအဖေ သွေးတိုးလို့ ကမန်းကတန်း အိမ်ပြန်သွားရတယ်ဆို"

"ဟုတ်ပါတယ် အန်တီ"

"မင်းက ဒီအိမ်အထိ လိုက်မပို့နိုင်လို့ တူမလေးက မင်းတို့အိမ်ကို ပါသွားတာပဲ မဟုတ်လား၊ အဲဒီကိစ္စ မင်းမေမေက မကျေနပ်ဘူးလား"

"မမကိုသာ မေးကြည့်ပါတော့ အန်တီ၊ ကျွန်တော့်ကို မမ အဆက်အသွယ်ဖြတ်လိုက်မှာ စိုးရိမ်မိတယ်"

ဆောက်တည်ရာမရ ဖြစ်နေသည့် အမူအရာဖြင့် သူ ပြောနေမိ၏။

"ကောင်းတာပေါ့ကွယ်၊ မင်းမေမေက ဒီအိမ်မှာ ညနေက လာစားတဲ့နေ့ကတည်းက မမနဲ့ သဘောမတူကြောင်း အမူအရာ လုပ်ပြသွားတာပဲ၊ တို့နားလည်ပါတယ်၊ မမကာ နာမည်ကြီး မင်းသမီးပဲ၊ ဘာသဘောမတူစရာ ရှိသလဲ"

ဒေါ်ညိုညိုနု စိတ်ဆိုးပြီး အပြစ်တင်ပြောဆိုနေသောကြောင့် သူ မနေသာတော့ဘဲ ထိုင်ရာမှ ထရပ်လိုက်ပြီး နှုတ်ဆက်လိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော့်ကို ခွင့်ပြုပါဦး အန်တီ"

"ကောင်းပြီ၊ မင်းအမေကို ပြောဖြလိုက်ပါ၊ မမရဲ့ အန်တီ ဒေါ်ညီညီနုကလည်း ခေသူမဟုတ်ဘူးလို့"

မင်းဗညား ဘာမှ ပြန်မပြောတော့ဘဲ သူ့ကားရှိရာသို့ တစ်လှမ်းချင်း လျှောက်လာခဲ့မိ၏။

ကားတံခါး ဆွဲဖွင့်ပြီး ကားပေါ် တက်၍ မောင်းထွက်လာခဲ့သည်။

သူ့ရင်ထဲမှာတော့ မမအတွက် ရတက်မအေးနိုင်ဘဲ ပူလောင်ပြင်းပြစွာ ခံစားနေရသည် မဟုတ်ပါလား ...

❖ ❖ ❖





# အခန်း (၁၃)

နောက်တစ်နေ့ နံနက်စောစောတွင် မမအိမ်သို့ မင်းဗညား ရောက်လာချိန်၌ မမတစ်ယောက် မရှိတော့ပေ။

မနက်စောစောထပြီး ရှောင်သွားခဲ့သည်။

နာမည်ကြီး ဟိုတယ်ကြီးတစ်ခုမှာ အခန်းယူပြီး သွားရောက်တည်းခိုနေခြင်းပါ။



www.burmeseclassic.com

www.burmeseclassic.com



သည်တစ်ခါတော့ မမနှင့်အတူ အဒေါ်ဖြစ်သူ ဒေါ်ညိုညိုနုကိုယ်တိုင် လိုက်ပါလာခဲ့၏။

အဒေါ်ဖြစ်သူ မေးလွန်း၍ ညကဖြစ်ခဲ့သည့် ပြဿနာကို အစအဆုံး ပြန်လည်ပြောပြနေမိသည်။

"တောက် ရှိင်းလိုက်တာ၊ မမရွှေမှာ ဆရာဝန်မနဲ့ သူ့သားကို စေ့စပ်ပေးဖို့ သူမို့ ပြောရက်တယ်နော်၊ အာဂ အဖွားကြီးပါလား"

ဒေါ်ညိုညိုနု ဒေါသဖြစ်၍ မဆုံးနိုင်ပါ။

မမအတွက် နာကြည်းနေမိသည်။

"မမလဲ သိပ်အံ့ဩမိတယ် အန်တီ၊ ယုံတောင် မယုံချင်ဘူး"

"ခု ကိုယ်တွေ့ ကြုံခဲ့ပြီပဲ၊ ယုံလိုက်ပါတော့"

"ယုံပါပြီ အန်တီရယ်၊ ယုံပါပြီ"

"မင်းသားနဲ့ မင်းသမီး ကြိုက်တာများ အဆန်းလုပ်လို့အေ၊ သူတို့ကပဲ သဘောမတူဘူးတဲ့၊ ဘာတွေမို့ သည်လောက်ဘဝင်မြင့်နေကြတာလဲ၊ မေ့ပစ်လိုက်စမ်းပါ"

"စိတ်ချအန်တီ စိတ်ချ၊ မမတဲ့၊ ဒီလောက် ဘယ်ပျော့





လိမ့်မလဲ၊ အဲဒီလူ ခြံထဲအဝင်မခံဖို့ တင်အေးမြင့်ကို သေချာမှာထားခဲ့တယ်"

မြင့်မြင့်ဌေးက အတူပါလာခဲ့ပြီး တင်အေးမြင့်က အိမ်မှာကျန်ခဲ့သောကြောင့် မင်းဗညားရောက်လာပါက အိမ်ရိပ်မနင်းစေရန် မှာထားခဲ့ခြင်းပင်။

အမှန်တော့ ချစ်သူအပေါ် မမုန်းရက်ဘဲ မုန်းခဲ့ရခြင်းရယ်ပါ။

သူ့မေမေ ပြောခဲ့သည့် စကားသံတွေက နားထဲမှာ ဖျောက်မရအောင် စွဲနေ၏။

◆ မင်းသမီးသိအောင် ပြောရဦးမယ်၊ သက်ငုံဖူးက မင်းသားနဲ့ စေ့စပ်ဖို့သေချာနေပြီလေ '...

◆ မှန်တာပြောတာပဲ သား၊ ဘာဖြစ်လဲ .. ဒေါက်တာ သက်ငုံဖူးဆိုတာ မေမေတို့ မိဘချင်း သဘောတူထားကြတဲ့ ချွေးမလောင်းပဲ မဟုတ်လား ...

မမရွှေမှာ ပြောင်ကျကျ ဖွင့်ပြောလိုက်ခြင်းဖြင့် မမနှင့် လုံးဝ သဘောမတူကြောင်း ပြသလိုက်ခြင်းပင်။

မမ သတိရတိုင်း နာကြည်းနေမိသည်။



www.burmeseclassic.com

www.burmeseclassic.com

သူ့မိခင်ကို နာကြည်းတော့ သူ့သားကိုလည်း မုန်းမေ့ပစ်ရန် ကြိုးစားရတော့မှာပေါ့ ...

လောကမှာ ယောကျ်ားတွေ အများကြီး ...

သည်လောက်များလှတဲ့ ယောကျ်ားတွေထဲကမှ သည်လောက် အပေါက်ဆိုး ရိုင်းပျတဲ့ မိန်းမကြီးတစ်ယောက်၏ သားကိုမှ ရွေးပြီး ချစ်ခဲ့မိသည့် အဖြစ်ပါပဲ ...

မောင် ...

မောင် ...

ရှင့်ကို မမုန်းချင်ပေမယ့် ရှင့်ပတ်ဝန်းကျင် အသိုင်းအဝိုင်းကို မုန်းတယ်မောင် ...

မမ ... အားလုံးကို စွန့်လွှတ်ချင်လောက်အောင် နာကြည်းသွားခဲ့မိပြီ ...

မောင့်မေမေကြောင့် ကျွန်မရဲ့ အလှအပ၊ ကျွန်မရဲ့ တန်ဖိုး၊ ဂုဏ်သိက္ခာတွေ အားလုံး ကျဆင်းခဲ့ရတယ် ...'

"မမ ... ဒီသီချင်းခွေလေး ဖွင့်မယ်နော်"

မြင့်မြင့်ဒွေးက "Hello darling" သီချင်းခွေလေးကို ကက်စက်ထဲ ထည့်ပြီး ဖွင့်လိုက်၏။





တကယ်တော့ သည်သီချင်းသံလေး မမအိမ်တွင် နေ့စဉ် နံနက်၊ ညနေတိုင်း ပျံ့လွင့်ခဲ့ပါသည်။

သို့သော် ခုတော့ မကြားချင်ပါ ...

အချစ်ကို စိတ်နာကြည်းနေမိစဉ် ချစ်သူ့ အကြောင်းတွေကိုလည်း နားမဆင်လိုပါ ...

ကက်စက်ခလုတ်ကို မမ ပိတ်ပစ်လိုက်သည်။

လောလောဆယ်တော့ မင်းဗညားဆိုသည့် လူတစ်ယောက်ကို မမ မေ့ပစ်ထားချင်သည် မဟုတ်ပါလား ...

❖ ❖ ❖



www.burmeseclassic.com

 www.burmeseclassic.com

## အခန်း (၁၄)

ရက်သတ္တနှစ်ပတ်ခန့် မမ ရှောင်နေပြီးနောက် အိမ်သို့ ပြန်လာခဲ့သည်။

"ဟဲလို ပရိုဂျူဆာ ဦးကိုကိုရှိပါသလား"

ပရိုဂျူဆာ ဦးကိုကိုထံ ဖုန်းဆက်လိုက်ခြင်းပါ။

"ဟဲလို မင်းသမီးလား"

"ဟုတ်ကဲ့ မမပါပဲ ဦးကိုကို"





"ကိစ္စရှိလား မင်းသမီး ပြော"

"မင်းသား မင်းဇော်ညွှန့်နဲ့ ကျွန်မ တွဲရိုက်လက်စ ရုပ်ရှင်ကို ကျွန်မ ဆက်မရိုက်နိုင်တော့ဘူး ဦးကိုကို"

မမ စကားကြောင့် ဦးကိုကို မျက်ခုံးမွှေးတွေ ထောင်သွားသည်အထိ စိတ်လှုပ်ရှားသွားရသည်။

"ဘာဖြစ်လို့လဲ မင်းသမီး"

"ကျွန်မ ဆက်မရိုက်ချင်တော့လို့"

"ဒီလို မလုပ်ပါနဲ့ ခင်ဗျာ၊ ဇာတ်ကားက သုံးပုံတစ်ပုံပဲ ကျန်ပါတော့တယ်၊ ဘာပဲဖြစ်ဖြစ် မင်းသမီးရဲ့ ရာဇဝင်မှာ ခုလိုတစ်ခါမှ မဖြစ်ဖူးဘူး။ ဒါကြောင့် စာချုပ်မဖျက်စေချင်ဘူး။ ကျွန်တော် က မင်းသမီးအတွက် ပြောနေတာပါ"

ဦးကိုကိုက စိတ်ရှည်သည်းခံသူရယ်ပါ။

မင်းသမီး စိတ်မပြောင်းရန် ဖျောင်းဖျနေလေသည်။

"ကျွန်မ ဘယ်လိုနည်းနဲ့မှ ဆက်မရိုက်ပါရစေနဲ့တော့ ခရီးရက်ရှည်ထွက်ဖို့ ကိစ္စလဲရှိတယ်"

စကားဆုံးသည်နှင့် ဖုန်းချလိုက်၏။

မမဘက်မှ ဇာတ်ကားဆက်မရိုက်နိုင်တော့ကြောင်း



www.burmeseclassic.com

www.burmeseclassic.com

စာချုပ်ဖျက်သွားတာကို ကြားလိုက်ရသည်နှင့် မင်းသား မင်းပညား မခံမရပ်နိုင်လောက်အောင် ခံစားလိုက်ရ၏။

မမထံ ချက်ချင်း ဖုန်းကောက်ဆက်လိုက်သည်။

"ဟဲလို"

"မမလား ... မောင်ပါ"

မမ ဖုန်းပိတ်ပစ်လိုက်သည်မို့ သူ အခါခါ ထပ်ခေါ်နေရသည်။

သို့သော် ဖုန်းပိတ်ထားသောကြောင့် ခေါ်၍မရတော့ပေ။

သူ စိတ်ဆိုးဆိုးဖြင့် မမထံ ကားဖြင့် ရောက်လာခဲ့သည်။

မမက သူငယ်ချင်း မင်းသမီးတစ်ဦး၏ မွေးနေ့ပွဲသို့ သွားခါနီး ကားပေါ်တက်ရန် ခြေလှမ်းပြင်နေစဉ် မင်းသားကားက ခြံကျယ်ကြီးထဲ ရောက်လာသည်။

ကားပေါ်မှ သူ ပြေးဆင်းခဲ့ပြီး မမကို အတင်းအကြပ် ဆွဲခေါ်လိုက်၏။

"မမ ... မောင်ပြောတာတွေ နားထောင်ပါ"





ကားပေါ်တက်ရန် ခြေလှမ်းပြင်နေသည့် မမ၏ လက်မောင်းနှစ်ဖက်ကို ဆုပ်ကိုင်ပြီး သူ ကသောင်းကနင်း ပြောနေခြင်းပါ။

"ရှင် ရိုင်းလှချည်လား လွှတ်ပါ"

မမ သူ့လက်တွေကို ပုတ်ထုတ်ပစ်လိုက်သည်။

မမ၏ ခြံစောင့်နှင့် ဒရိုင်ဘာက မမတို့ အခြေအနေကို စောင့်ကြည့်နေကြသည်။

"ရှင် ခုထွက်သွားပါ၊ ဒါနောက်ဆုံးစကားပဲ၊ ရှင် ဆက်ပြီး လူပါးဝရင် ကျွန်မအဆိုးမဆိုပါနဲ့"

"မမ မောင့်ကို မုန်းတိုင်း အနုပညာကို မစော်ကားပါနဲ့"

"ကျွန်မ ဘာစော်ကားလို့လဲ"

"မောင်နဲ့ တွဲရိုက်လက်စ ရုပ်ရှင်ကို စာချုပ် ဖျက်ပစ်တာက ဘာသဘောလဲ၊ ဒါ အနုပညာလေ မမ၊ မမ ဘာကြောင့် အနုပညာကို စော်ကားတာလဲ"

"အနုပညာကို ကျွန်မ ချစ်တယ်၊ မစော်ကားဘူး၊ အစော်ကားခံရတာက ကျွန်မပါ၊ မင်းသမီး တစ်ယောက်ကို စော်ကားမော်ကား ပြောလိုက်တဲ့ မိန်းမကြီး တစ်ယောက်ရဲ့



www.burmeseclassic.com

www.burmeseclassic.com



သားဖြစ်တဲ့ မင်းသားနဲ့ ကျွန်မ ရုပ်ရှင် တွဲမရိုက်နိုင်တော့

တာပါပဲ”

စကားဆုံးသည်နှင့် မမ ချာခနဲ လှည့်ထွက်လိုက်သည်

သူ မမရှေ့မှာ ကာဆီးနေသောကြောင့် မမ ဒေါသ

ဖြစ်သွား၏။

“ဒီမှာ ရှင် ပိုင်နက်ကျူးလွန်နေပြီဆိုတာ နားလည်

လား၊ ပြီးတော့ ကျွန်မကို ဆွဲလားရမ်းလားနဲ့ ရှင့်ကို ကျွန်

ဆုံးမရမလား၊ ကဲ ဒီလူကို ဆွဲခေါ်သွားကြစမ်း”

မမ၏ ကျယ်လောင်သော အသံအဆုံးမှာ

ခြံစောင့် မောင်သိန်းနှင့် ဒရိုင်ဘာ ဂျော်နီတို့ နှစ်ဦး သူ

ဆွဲခေါ်သွားကြ၏။

“ခင်ဗျား ခုထွက်သွားပါ”

“ဟုတ်တယ်၊ နောက်နောင် ဘယ်တော့မှ လာ

စမ်းနဲ့”

တစ်ယောက်တစ်ပေါက် ပြောလိုက်ကြသည်။

“မင်းတို့က ဘာကောင်တွေလဲကွာ”

သူ မခံမရပ်နိုင် ဒေါသပေါက်ကွဲပြီး နှစ်ယောက်





ကို စွပ်၍ ထိုးလိုက်သောကြောင့် သူ့ကို နှစ်ယောက်လုံး

တစ်ပြိုင်တည်း ပြန်ထိုးလိုက်ကြသည်။

မမ သွေးအေးအေးဖြင့် ခပ်ပြုံးပြုံး စောင့်ကြည့်နေပြီးမှ

ပင် မမ၏ ကားလေး ခြံထဲမှ ထွက်ခွာသွားလေသည်။

“ကဲ ဘယ်လိုလဲ မင်းသား၊ မမ အလိုမရှိမှန်း သိလျက်

နဲ့ လာအနှောင့်အယှက်ပေးရင် ခင်ဗျား နာမှာပဲ”

ဂျော်နီစကားကို သူ ဂရုမထားနိုင်ပါ။

မျက်နှာတစ်ခုလုံး ဖူးရောင်ပြီး ဒယီးဒယိုင်ဖြင့် ကားပေါ်

တက်၍ မောင်းထွက်လာခဲ့ရသည်။

ရက်စက်လိုက်တာ မမရယ်

မောင့်အပေါ် ဒီလောက် ရက်စက်လိမ့်မယ်လို့ မောင်

လုံးဝ မထင်ခဲ့မိဘူး ... ခုတော့ ...

သူ့ရင်တစ်ခုလုံး နာကျင်စူးရှစွာ ခံစားလိုက်ရသည်။

မမရဲ့ ရက်စက်မှုတွေက မယုံနိုင်လောက်အောင်

ပါပဲ ...

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၅)

သုံးရက်ခန့်အကြာ ...

မမတစ်ယောက်တည်း မဂ္ဂဇင်း ဖတ်နေစဉ် တင်အေးမြင့် အနီးသို့ ရောက်လာသည်။

"မမ"



မမ လှည့်ကြည့်လိုက်သည်။

"ခြံရှေ့မှာ ကားတစ်စီး လာရပ်တယ် မမ၊ အမျိုးသမီး တစ်ယောက်ပဲ၊ မမနဲ့ တွေ့ချင်လို့တဲ့"

မဂ္ဂဇင်း စာအုပ်ကို ပိတ်လိုက်ပြီး မမ စဉ်းစားနေသည်။ ပြီးတော့ မေးသည်။

"ဘယ်သူလဲ၊ ပရိဂျူဆာတွေလား"

"မဟုတ်ဘူး မမ၊ တစ်ခါမှ မမြင်ဖူးဘူး။ မျက်နှာ စိမ်းတစ်ယောက်ပဲ"

"အကျိုးအကြောင်း မေးပြီး ခြံတံခါးဖွင့်ပေးလိုက်"

မင်းသားနှင့် အဆင်မပြေကြကတည်းက ခြံတံခါး ပိတ်ထားခဲ့သည် မဟုတ်ပါလား ...

မမအိမ်မှာ ရှိနေလျှင် မမခွင့်ပြုချက် ယူပြီးမှသာ တံခါး ဖွင့်ပေးကြရသည်။

တင်အေးမြင့် ခြံတံခါးဝသို့ ပြန်ရောက်သွားပြီး အကျိုး အကြောင်း မေးနေသည်။ ပြီးတော့ မမအနီးသို့ ပြန်ရောက် လာ၏။

"ဧည့်သည်က ဒေါက်တာသက်ငုံဖူးတဲ့ မမ"

www.burmeseclassic.com

www.burmeseclassic.com



"ဘာ"

မမ အံ့ဩလှုပ်ရှားသွားသည်။

"ဒေါက်တာ သက်ဝိုင်းဖူးတဲ့လား"

ထိုအမျိုးသမီးက ဘာကြောင့်များ မမကို လာရောက်တွေ့ဆုံရတာပါလိမ့် ...

မမစိတ်ထဲမှာ စဉ်းစား၍ မရနိုင်လောက်အောင် အံ့ဩထူးဆန်းနေမိတာ အမှန်။

"ခြံထဲ ဝင်ခွင့်ပြုရမလား မမ"

"အိုကေ ခြံတံခါး ဖွင့်ပေးလိုက်ပါ၊ ပြီးတော့ ခြံထဲက စားပွဲဝိုင်းမှာပဲ စောင့်နေပါစေ၊ မမ လာခဲ့မယ်"

"ဟုတ်ကဲ့ မမ"

မမ ကျေကျေနပ်နပ် ပြုံးနေမိသည်။

ပြီးတော့ မှန်တင်ခုံရှိရာ လာခဲ့ပြီး အလှဆုံး ပြင်ဆင်လိုက်သည်။

"မြင့်"

"ဘာလဲ မမ"





"ညီ့သည်အတွက် အချိုဆုံး သံပုရာရည် တစ်ခွက် သွားဖျော်ပြီး ခြံထဲပို့ပေးလိုက်ပါ"

"ကောင်းပါပြီ မမ"

နာရီဝက်ခန့် စောင့်နေစေပြီးမှပင် သူမအနီးသို့ မမ ရောက်လာလေသည်။

ဒေါက်တာ သက်ဝိုင်းဖူးသည် ပါတိတ်ဝမ်းဆက် အညိုရောင်လေးဖြင့် ဆံပင် ခပ်တိုတိုကို ဖြန့်ချထား၏။

ဖြူဖြူချောချော မိန်းကလေးတစ်ယောက်ပင် ဖြစ်သည်။

မမက ပိုးပျော့ထဘီနီညိုခဲပွင့်၊ ကာကြိုပါ အင်္ကျီ မီးခိုးရောင်တို့ကို ဝတ်ဆင်ထားပြီး ဆံပင်ကို ခပ်မြင့်မြင့် စည်းထားသည်။

နားတွင် စိန်နားဆွဲ ခပ်ကြီးကြီးကို ဝတ်ဆင်ထားပြီး လည်တိုင်တွင် စိန်လော့ကက် ခပ်ကြီးကြီးတစ်လုံးကို ရွှေကြိုးတွတ်တွတ်ဖြင့် ထွဲဝတ်ထားသည်။ စိန်လက်စွပ်တန်းတွေကလည်း ဖျိုးဖျိုး ဖျပ်ဖျပ်လက်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



သက်ငုံဖူးရှေ့ရှိ ကုလားထိုင်ပိုင်းလေးတွင် မမ ခြေချိတ်ပြီး ထိုင်လိုက်၏။

"ရှင် ကျွန်မနဲ့ ဘာကိစ္စ ဆွေးနွေးချင်လို့လဲ"

မမ ခပ်မာမာ မေးလိုက်၏။ မမအသံက မချိုဘဲ အက်ရှမာကြောနေသည်။

"ကျွန်မ အခုရောက်လာတာ ကိုမင်းဗညားအကြောင်း ပြောချင်လို့ပဲ မင်းသမီး"

"သည်လိုဆို ရှင် အမြန်ဆုံး ပြန်ပါတော့"

"ရှင်"

သက်ငုံဖူး အံ့ဩသွားသည်။ ပြီးတော့ မမ မျက်နှာကို မယုံနိုင်လောက်အောင် ငေးကြည့်နေ၏။

"ကိုမင်းဗညား သိပ်စိတ်ထိခိုက်နေတယ်"

သက်ငုံဖူး အသံက မဝံ့မရဲဖြစ်ပြီး အနည်းငယ် တုန်နေသည်။

"ဟုတ်လား၊ ရှင်နဲ့ သူက မျှဝေခံစားနေရတယ် ထင်တယ်၊ ဒါကြောင့် ရှင်လာပြောပြနေရတာပေါ့ ဟုတ်သလား"



"ကျွန်မ စေတနာထားပြီး လာခဲ့တာပါ၊ မင်းသမီးကို ကြည့်ရတာ ကျွန်မကို စိတ်ဆိုးနေသလိုပဲ"

သက်ငုံဖူး ပြောရင်း သက်ပြင်းမှုတ်နေသည်။

"မင်းဗညားအကြောင်း ဘာတစ်ခုမှ မသိချင်ဘူး"

မမစကားကြောင့် သက်ငုံဖူး လန့်သွားသည်။

"တကယ်ပြောနေတာလား မင်းသမီး"

"မင်းသားနဲ့ ကျွန်မ လမ်းခွဲခဲ့ပြီးပြီ"

မမ ခပ်ပြတ်ပြတ် ပြောလိုက်သည်။

"ကျွန်မကြောင့် လမ်းခွဲလိုက်သလား မင်းသမီး၊ အဲဒီကိစ္စ ရှင်းပြခွင့်ပြုပါ"

သက်ငုံဖူး စကားကြောင့် မမ မျက်နှာတစ်ခုလုံး နီမြန်းသွားသည်။

"ရှင့်ကြောင့် ဟုတ်လား၊ ရှင်က ရှင့်ကိုယ်ရှင် အထင်ကြီးနေတာကိုး၊ ဒီမှာ မင်းသားအပေါ် ကျွန်မ သံယောဇဉ်ရှိသေးရင် ဘယ်သူ့ကြောင့်မှ လမ်းမခွဲဘူး နားလည်လား"

"ဒါဖြင့် မင်းသားအပေါ် စိတ်ပြတ်နေပြီ ထင်တယ်၊ သေချာသလား မင်းသမီး"



www.burmeseclassic.com

www.burmeseclassic.com



"ရှင် ပြန်ပါတော့"

"ပြန်မှာပါ၊ ဒါပေမယ့် မင်းသားစိတ်သောက ရောက်နေတဲ့ အကြောင်းတော့ ပြောပြခဲ့ပါရစေ၊ မင်းသားကို မင်းသမီးတို့ အိမ်က ထိုးနှက်လွှတ်လိုက်ကြတဲ့နေ့က မင်းသား အိမ်ပြန်ရောက်တော့ မင်းသား ဖြစ်လာပုံကို ကြည့်ပြီး မင်းသားမေမေ နှလုံးသွေးတိုးရောဂါနဲ့ သတိမေ့သွားခဲ့တယ်"

"ဩော်"

သက်ငုံဖူးစကားကြောင့် ရင်ထဲမှာ အတော်ကျေနပ်သွားမိသည်။ သို့သော် မိဘချင်းစာနာပြီး ချက်ချင်းဆိုသလို စိတ်မကောင်း ဖြစ်သွားရသည်။

"သူ့မေမေ အသက်ရှင်ဖို့ မင်းသားအတော် ကြိုးစားခဲ့ရတယ်၊ သူ့မေမေကို သျှင်ပါဂူ ဆေးခန်းတင်လိုက်ရပြီး သူ ကိုယ်တိုင် လူနာစောင့်နေခဲ့ရတယ်လေ"

"ခုရော ဘယ်နှဲနေသေးလဲ"

"ခုတော့ သက်သာသွားပါပြီ၊ မနေ့ညကပဲ ဆေးခန်းက ပြန်ဆင်းတယ်"





မမဲ ဆက်လက်နားမထောင်ချင်တော့သလို ထိုင်ရာမှ ထလိုက်သည်။

"ရှင် ခုလို လာရောက် ပြောပြတဲ့အတွက် ကျေးဇူး တင်ပါတယ် မသက်ငုံဖူး"

"မင်းသားကို ကြည့်ရတာ သိပ်ပင်ပန်းနေပြီလေ၊ သူ့ မေမေနားမှာ နေ့ညမပြတ် စောင့်ကြည့်နေရလို့ မင်းသမီးဆီ မလာနိုင်ရှာဘူး၊ သူ ဖုန်းဆက်တော့လဲ မင်းသမီးက ဖုန်း ပိတ်ထားတယ် မဟုတ်လား"

သက်ငုံဖူး စကားကြောင့် အံ့ဩနေမိ၏။

သက်ငုံဖူး မျက်နှာကို ခပ်ပြုံးပြုံး စိုက်ကြည့်လိုက်ပြီး ...

"ရှင်က ကျွန်မနဲ့ မင်းသားအကြောင်း အစအဆုံး သိနေတာကိုးနော်၊ ချီးကျူးပါတယ်၊ ဒါပေမယ့် နားမလည် နိုင်တာတော့ ရှိတယ်"

"ဘာကို နားမလည်တာလဲ"



www.burmeseclassic.com

www.burmeseclassic.com

"ရှင်နဲ့ စေ့စပ်တော့မယ့် လူတစ်ယောက်ရဲ့ ချစ်သူဟောင်းကျွန်မဆီ ရှင်ကိုယ်တိုင် အချိန်ကုန်ခံပြီး လာတွေ့ခဲ့လို့ပဲ"

သက်ငုံဖူး အေးချမ်းစွာ ပြုံးနေသည်။

သူ့မအပြုံးတွင် အဓိပ္ပာယ်များစွာ ပါဝင်နေသည် မဟုတ်ပါလား ...

"ဒါတော့ ကိုမင်းဗညားအတွက် အရေးကြီးတယ် ထင်လို့ပါ၊ သူ့နှစ်နာမှာ စိုးတယ်"

မမ လှောင်ပြောင်ရယ်မောလိုက်၏။

"ရှင် တကယ်ပဲ မင်းသားကို ချစ်နေသလား။ ရှင်ချစ်နေတဲ့ ယောက်ျားတစ်ယောက်ကို ကျွန်မနဲ့ ပြန်ပြီး ပြေလည်စေချင်တယ်ဆိုတာ အမှန်ပဲလား"

သက်ငုံဖူး ခေါင်းဖောင်းသွားသည်။

ထိုင်ရာမှ ဆတ်ခနဲ ထရပ်လိုက်ပြီး ...

"ရှင့်ရင်ထဲမှာ အညိုးအမုန်းတွေ ပြည့်နေတယ်၊ လှောင်ပြောင် သရော်မှုတွေနဲ့အတူ ကျွန်မ စေတနာကို





စော်ကားနေမှန်း ကျွန်မ နားလည်ပါပြီ မင်းသမီး၊ ကျွန်မကို ခွင့်ပြုပါဦး"

"ပြန်သင့်တာကြာပြီ"

မမ စိတ်နာနာဖြင့် ပြောလိုက်မိ၏။

သက်ငုံဖူး အံကြိတ်ပြီး သူငှားလာသည့် "ကက" ဖြင့်ပင် ပြန်သွားလေသည်။

မြင့်မြင့်ဌေးက အခြေအနေ စောင့်ကြည့်နေရာမှ

"မမ ... သူက ဘယ်သူလဲ၊ မင်းသားနဲ့ ဘာတော်သလဲ"

"မိဘချင်း သဘောတူထားတာတဲ့၊ ရယ်ရတယ်နော်၊ ဒီမင်းသား ဘာမှို့ သူက ဒီလောက် အဖြစ်သည်းပြီး လာပြောနေရတာလဲ ... ငါ အတော်သည်းခံပြီး နားထောင်နေရတာ"

စားပွဲပေါ် တင်ထားသည့် ပန်းအိုးနှင့် အအေးခွက် အချို့ကို မြက်ခင်းပြင်ပေါ် ပစ်ပေါက်ရင်း မမ ပြောလိုက်မိခြင်းပါ။



www.burmeseclassic.com

www.burmeseclassic.com

မောင့်ကို ချစ်ခဲ့ဖူးတဲ့ အချစ်ဆုံးလေးတွေ မမအသည်းနှလုံးထဲမှာ ရူးနှစ်နေပြီ မောင် ...

မမ စိတ်ကောက်သည့် အခါတိုင်း မျက်လုံးစိမ်းများဖြင့် မမိုတ်မသုန် ကြည့်နေတတ်ပြီး ယုန်သူငယ်လေးလို ငြိမ်သက်နေတတ်သည့် မောင် ...

အိပ်ရာမှ နိုးနိုးချင်း မမထံ ဖုန်းဆက်လေ့ရှိပြီး၊ အိပ်ရာဝင်ချိန်တိုင်းလည်း ဖုန်းဆက်တတ်သည့် မောင် ...

မမပါးပြင်နှစ်ဖက်ပေါ်မှာ မိတ်ကပ်ထူထူလိမ်းထားသည့်အခါ မောင့်ပါးပြင်နှင့် ခြားနေတတ်သည်ဟု ယူဆသည်တဲ့ ...

မမကို ဖွဲ့လမ်းစိတ်ကြောင့် အိပ်မငေ့ဖျော်နိုင်တဲ့ မောင် ...

မမအိမ်ရှေ့သို့ ညဉ့်နက်သန်းခေါင် ရောက်လာတတ်သူ မောင် ...

မောင့်ကို မမ ချစ်ခဲ့ပါသည် ...





အရာအားလုံးထက် ကျော်လွန်ပြီး မမ ချစ်ခဲ့မိသည် ... မြတ်နိုးခဲ့မိသည် ...

မောင်နှင့် လွဲရမှာစိုး၍ မောင်နှင့်နှစ်ယောက်အတူ တွဲသွားကြတဲ့ အခါတိုင်း အသည်းကွဲရောင် ဝတ်စုံတွေကို မမ မဝတ်မိအောင် အမြဲရှောင်ခဲ့မိသည် ...

ခုတော့ သည်အကြောင်းတွေ အားလုံး ပုံပြင်တစ်ခုအဖြစ်နဲ့ ကျန်ရစ်ခဲ့တော့မှာလား ...

မမ ... မဝေခွဲနိုင်ပါ ...

BURMESE CLASSIC

စာဖတ်ပရိသတ်များအား လေးစား
ချစ်ခင်ကျေးဇူးတင်စွာဖြင့် ...
စာရေးတဲ့
စုလှဖြူ

❖ ❖ ❖


www.burmeseclassic.com